# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်၊ တနင်္လာနေ့ အတွဲ (၅၈)၊ အမှတ်(၀၈၅)


**သံသရာ**

ကြောင့်ကြစိုးရိမ်မှုရှိသောသူမှာ အိပ်မရသဖြင့် ညတာရှည်လျား၊ ခရီးပမ်းသူမှာ တစ်ယူဇနာမျှသော ခရီးသည် ရှည်လျား၊ သူတော်ကောင်းတရားကို မသိသော လူမိုက်အဖို့ သံသရာရှည်လျား၊ သံသရာမှ လွတ်မြောက်ကြောင်း လမ်းစကို မတွေ့ရသဖြင့် သံသရာထဲတွင် တဝဲလည်လည်ကျင်လည်၏။ သူတော်ကောင်းတရားသိသော ပညာရှိတို့အဖို့ မှာကား သံသရာသည် တိုတောင်း၏။ **ဗာလဝဂ် (ဓမ္မပဒ-၆၀)**

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ နေအိမ်သို့ Catholic Yangon Youth လူမျိုးပေါင်းစုံမှ လူငယ်များအဖွဲ့လာရောက်၍ ခရစ္စမတ်ဓမ္မတေးသီချင်းများသီဆိုပြီး ငြိမ်းချမ်းရေး ဆုတောင်းစကားများပြောကြား



**နေပြည်တော် ဒီဇင်ဘာ ၂၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နေအိမ်သို့ ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ Catholic Yangon Youth လူမျိုးပေါင်းစုံမှ လူငယ်များအဖွဲ့ လာရောက်၍ ခရစ္စမတ်ဓမ္မတေးသီချင်းများ သီဆိုပြီး ငြိမ်းချမ်းရေး ဆုတောင်းစကားများ ဂုဏ်ပြုပြောကြားကြသည်။

ရှေးဦးစွာ Catholic Yangon Youth လူမျိုးပေါင်းစုံမှ လူငယ်များအဖွဲ့က ခရစ္စမတ်ဓမ္မတေးသီချင်းနှင့် ငြိမ်းချမ်းရေး တေးသီချင်းများ သီဆိုကြသည်။

ယင်းနောက် Catholic Yangon Youth လူမျိုးပေါင်းစုံမှ လူငယ်များအဖွဲ့မှ အဖွဲ့ဝင် ကိုကောင်းပြည့်ပိုင်က ဆုတောင်းစကားပြောကြားသည်။

ထို့နောက် Catholic Yangon Youth လူမျိုးပေါင်းစုံမှ လူငယ်များအဖွဲ့မှ ခရစ္စမတ်လက်ဆောင်ပစ္စည်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးဒေါ်ကြူကြူလှထံ ပေးအပ်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ဓမ္မတေးသီချင်းများ သီဆိုရာတွင် အသုံးပြုနိုင်ရန်အတွက် လိုအပ်သည့် တူရိယာပစ္စည်း၊ အလှူငွေများနှင့် လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က Catholic Yangon Youth လူမျိုးပေါင်းစုံမှလူငယ်များ အဖွဲ့အား နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် မိသားစုများက Catholic Yangon Youth လူမျိုးပေါင်းစုံမှ လူငယ်များအဖွဲ့အား စားသောက်ဖွယ်ရာများနှင့် တည်ခင်း ဧည့်ခံခဲ့ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။ **သတင်းစဉ်**

**ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**

**ငွေစက္ကူအတု လက်ဝယ်ရောက်ရှိရင် ပြည်သူတွေအနေနဲ့ အတုဖြစ်အောင် ဆောင်ရွက်တဲ့ အရင်းအမြစ်တွေကို ဖော်ထုတ်နိုင်ဖို့ တရားဥပဒေစိုးမိုးရေးအဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။** ဦးဝင်းမြင့်(ဒုတိယညွှန်ကြားရေးမှူးချုပ်)

စာမျက်နှာ » ၈


KBZ BANK

STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# ဒီမိုကရေစီရေး ညီညွတ်ရေး ငြိမ်းချမ်းရေး

ညီညွတ်ရေးနှင့် ပြည်သူလူထုကို မယုံကြည်ဘဲ နိုင်ငံရေးလုပ်လို့မရ။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးတိုက်ပွဲဝင်ကာလ၊ လွတ်လပ်ရေးကာလ၊ ပါလီမန်ဒီမိုကရေစီခေတ်၊ တော်လှန်ရေးကောင်စီ တစ်ပါတီ အာဏာရှင်ခေတ်၊ တပ်မတော်အာဏာသိမ်း အစိုးရခေတ်၊ ဒီမိုကရေစီတစ်ပိုင်းတစ်စခေတ်၊ ပြည်သူ့အစိုးရခေတ် အစရှိသော ခေတ်အသီးသီးကို ဖြတ်သန်းခဲ့ကြရာ၌ ပြည်သူလူထုအတွက် အထိခိုက်အနစ်နာရဆုံးဖြစ်ရသည့် အဓိကအကြောင်းရင်းတစ်ခုမှာ ညီညွတ်ရေးပြဿနာဟု မြင်ပါသည်။

ယုံကြည်မှုအတူတူ၊ ခံစားရမှုအတူတူ ရင်ဆိုင်တိုက်ပွဲဝင်ရပုံချင်းအတူတူနှင့် ဘက်တစ်ဖက်တည်းတွင် ရပ်တည်မှု အတူတူနေကြသူများကြားထဲမှာပင် ညီညွတ်ရေးမရနိုင်၊ မရခဲ့ကြသည့်အတွက် ဆုံးရှုံးကြေကွဲစရာများက ခါးသီးရုပ်ဆိုးလှသော သမိုင်းစာမျက်နှာများပါပေ။

ထိုသို့သော မညီညွတ်မှုများကြောင့် ကြုံဆုံခဲ့ရသည့် သင်ခန်းစာများကလည်း ဒုနှင့်ဒေး ဖြစ်ခဲ့ပြီ။

အောက်မြန်မာနိုင်ငံ ဗြိတိသျှကိုလိုနီလက်အောက် ကျရောက်ရသည့်အချိန်က စတင်ရေတွက်လျှင် နှစ်တစ်ရာကျော် ခံစားခဲ့ကြရသည့် နိုင်ငံသည် အညီညွတ်ဆုံး၊ ညီညွတ်ရေးတည်ဆောက်နိုင်ဆုံးအချိန်တွင် အင်အားအရှိဆုံး လွတ်လပ်ရေး အပြီးသတ်တိုက်ပွဲကို ဆင်နွှဲနိုင်ခဲ့သည် မဟုတ်ပါလား။

ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီ၊ ဗမာ့တပ်မတော်တို့၏ ညီညွတ်မှုနှင့်အတူ ပြည်သူလူထု၏ အားပေးထောက်ခံ ပူးပေါင်းပါဝင်တိုက်ပွဲဝင်ခဲ့မှုက မြန်မာ့လွတ်လပ်ရေး အောင်ပန်းကို ဆွတ်ခူးလိုက်နိုင်သည့် အကြီးမားဆုံး အရှိန်အဟုန်ကြီးဆုံး မဟာအင်အားကြီး ဖြစ်ပါသည်။

ညီညွတ်မှုနှင့် ပြည်သူ့အင်အားက အဆုံးအဖြတ် ဖြစ်ခဲ့သည်။

နိုင်ငံရေးဆိုသည်မှာ မည်မျှပင် ဦးနှောက်နှင့် စဉ်းစားချင့်ချိန်မှုများဖြင့် လုပ်ရသည်ဟု ဆိုစေကာမူ နိုင်ငံသူ နိုင်ငံသားတို့၏ နှလုံးသားမှာ အခြေတည်သော ဆန္ဒ၊ သဘောထား၊ ခံစားချက်၊ အပူအပင်၊ မျှော်လင့်ချက် အစရှိသည်တို့အပေါ်မှာ အလေးအနက် မထားလို့မရ။ နိုင်ငံရေးခေါင်းဆောင်တို့၏ စဉ်းစားချင့်ချိန်ဉာဏ် တစ်ခုတည်းသက်သက်ဖြင့် ဆောင်ရွက်အကောင်အထည်ဖော်လို့ မရနိုင်ဟု မြင်ပါသည်။

နိုင်ငံရေးလုပ်သည်ဆိုသည်မှာ ပြည်သူလူထုအကျိုးကို အမှန်တကယ် စေတနာထားဖို့လိုသည်။ ပြီးတော့ ပြည်သူလူထုအပေါ်မှာ အမှန်တကယ် ယုံကြည်ဖို့လိုသည်။ ပြည်သူလူထု၏ ခံစားချက်ကို အမှန်တကယ် နားလည်ဖို့လိုသည်။ ပြည်သူလူထု၏ စိတ်ရင်းနှင့် ဆန္ဒကို အမှန်တကယ်သဘောပေါက်ဖို့ လိုသည်။

နိုင်ငံတစ်ခု၏ ဒီမိုကရေစီအခြေကျခိုင်မာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်နေသည့် ကာလကို ဖြတ်သန်းချိန်မှာ ပြည်သူလူထု၏ အင်အားနှင့် ပူးပေါင်းပါဝင်မှုက အဓိကအကျဆုံး လိုအပ်ချက်ဖြစ်ပါသည်။

အဆိုပါ လူထုထောက်ခံမှုနှင့် အင်အားရရှိရေးအတွက် လူထုခံစားချက်နှင့် လူထု၏ သဘောဆန္ဒကို မှန်မှန်ကန်ကန် နားလည်ကြရန် လိုပါမည်။

ယနေ့ ပြည်သူလူထု၏ အပြင်းပြဆုံးဆန္ဒက ငြိမ်းချမ်းရေးနှင့် နေ့စဉ်လူမှုဘဝများ ပြေလည်ချောမွေ့လုံခြုံရေး။ ယနေ့ပြည်သူလူထု အမျှော်လင့်ဆုံးက တိုင်းရင်းသားများ နိုင်ငံရေးအင်အားစုများကြားက ညီညွတ်ရေး။

ဒီမိုကရေစီရေး ညီညွတ်ရေး ငြိမ်းချမ်းရေး ပန်းတိုင်သို့ အမြန်ဆုံး ရောက်နိုင်ပါစေသတည်း။ ။

# ၂၀၁၉ ခုနှစ်၊ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား" ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) နိုင်ငံသူ၊ နိုင်ငံသားများ၏ ကျန်းမာရေးနှင့် အကျင့်စာရိတ္တကို ထိခိုက်ပျက်ပြားစေသည့် မူးယစ်ဆေးဝါးသုံးစွဲမှုများကို ထိရောက်စွာ တားဆီးကာကွယ်ရေး။

(၄) တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်ရေး။

(၅) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးရေး။

# (၇၁)နှစ်မြောက် လွတ်လပ်ရေးအောင်ပွဲနေ့ အထိမ်းအမှတ်အကြို ဟောပြော

**ခမောက်ကြီး ဒီဇင်ဘာ ၂၃**

(၇၁)နှစ်မြောက် လွတ်လပ်ရေးအောင်ပွဲနေ့ အထိမ်းအမှတ်အကြိုဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်စာစောင်ပြပွဲများကို ခမောက်ကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ယမန်နေ့က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နန့်လေးလေးခင်သိန်းက ခမောက်ကြီးမြို့အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများကို လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် လွတ်လပ်ရေးနေ့ ဖြစ်ပေါ်လာပုံအကြောင်း ရှင်းလင်းသည်။

ထို့နောက် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများက လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကဗျာများကို ရွတ်ဆိုကြပြီး လွတ်လပ်ရေးနှင့်ပတ်သက်သည့်မေးခွန်းများကို အပြန်အလှန် မေးမြန်းဖြေကြားသည်။ တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများကို ကြည့်ရှုအားပေးကြပြီး ဒီဇင်ဘာ ၂၁ ရက်ကလည်း ယုဇန အခြေခံပညာအလယ်တန်းကျောင်းနှင့် အမှတ်(၄) မူလတန်းလွန်ကျောင်းများသို့ လွတ်လပ်ရေးအောင်ပွဲနေ့ အထိမ်းအမှတ်အကြိုဟောပြောပွဲများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီရွေးကောက်ပွဲကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ် (Myanmar Hiking And Mountaineering Federation) ကို ၁၉၆၀ ပြည့်နှစ်မှ စတင်ဖွဲ့စည်းကာ မြန်မာနိုင်ငံတစ်ဝန်းရှိ တောင်စွယ်တောင်ထိပ်များကို တက်ရောက်ခဲ့သည်။ မူလက လူငယ်လူရွယ်များသာ ပါဝင်လှုပ်ရှားခဲ့ပြီး ယခုအခါ MHMF ၏ မူအရ လူတစ်စုအားကစားမှ လူထုအားကစားအဖြစ်သို့ ဦးတည်ဆောင်ရွက်ခဲ့ပြီး လူအများစု အသက်အရွယ်မရွေး ပါဝင်နိုင်အောင် ဆောင်ရွက်ခဲ့သည်။

ယခုနှစ်အတွင်း ရှမ်းပြည်နယ်တောင်ပိုင်း ကလောအနီးရှိ ပေ ၆၀၀၀ ကျော်သော ဆင်တောင်ကို အသက် ၆၀ ကျော်များ အပါအဝင် လူ ၅၇၅ ဦး တက်ရောက်အောင်မြင်နိုင်ခဲ့သည်။ လာမည့် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် ချင်းပြည်နယ်ရှိ ပေ ၁၀၇၀၀ မြင့်သော ခေါ်နူးစုမ်တောင်နှင့် ဧပြီလတွင် ကချင်ပြည်နယ်ရှိ ပေ ၁၁၅၀၀ မြင့်သော ဖုန်ဂန်ရာဇီတောင်များကို တက်ရောက်ရန်ရှိကြောင်း သိရသည်။

MHMF အဖွဲ့ချုပ်၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ပြန်လည်ရွေးကောက်တင်မြှောက်ပွဲကို ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီခွဲတွင် အမှတ် ၁၂၄ ကမ္ဘာအေး ဘုရားလမ်း (အနုပညာကျောင်းအနီး)ရှိ Reno Hotel ၌ ကျင်းပမည်ဖြစ်သဖြင့် ခြေလျင်တောင်တက်အဖွဲ့ဝင်များ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။

သတင်းစဉ်

# ခရစ္စမတ်ပွဲတော်နှင့် အကြိုနှစ်သစ်ကူး ပွဲတော်ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၃** - ခရစ်တော်မွေးနေ့အထိမ်းအမှတ် ခရစ္စမတ်ပွဲတော်နှင့် နှစ်သစ်ကူးအကြိုပွဲတော် (Merry Christmas & Happy New Year) ကို ယမန်နေ့က မန္တလေးမြို့ ၂၆ လမ်းနှင့် ၇၅ လမ်းရှိ Y.M.C.A ၌ ကျင်းပရာ ဂိုဏ်းထောက်ဆရာတော်ကြီး ဂျေရင်ဦးက အခမ်းအနားအဖွင့် ဆုတောင်းမေတ္တာပို့သခဲ့ပြီး မန္တလေး Y.M.C.A ဥက္ကဋ္ဌ ဦးကက်နက်ခင်မောင်မြင့်က အခမ်းအနားကျင်းပရခြင်းနှင့် ခရစ်တော်မွေးနေ့နှင့် ခရစ္စမတ်ပွဲတော်အကြောင်း၊ နှစ်သစ်ကူးပွဲတော်ကြိုဆိုကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ Y.M.C.A မူကြိုကျောင်းများမှ ကလေးငယ်များက ခရစ်တော်ဖွားမြင်တော်မူခြင်းအကြောင်း ကပြတင်ဆက်ခြင်း၊ တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ ဟီတိုစင်တာမှ လူငယ်လေးများက အကဖြင့်တင်ဆက်ခဲ့ကြောင်း သိရသည်။

ခင်ခင်ဝင်း (ပညာရေး)

# ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာ လေ့လာခြင်းပြုလုပ်၊ ရုပ်ရှင်နယ်ပယ်မှ ပုဂ္ဂိုလ်များနှင့် ဒါရိုက်တာများပါဝင်လာသည့်အတွက် ဆွေးနွေးမှု ပိုမိုအားကောင်းလာ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

Cinematheque Program ၏ ကဏ္ဍခွဲတစ်ခုဖြစ်သော ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (Film Analysis) ပြုလုပ်ရာတွင် လက်ရှိမြန်မာ့ရုပ်ရှင်နယ်ပယ်မှ ပုဂ္ဂိုလ်များနှင့် ဒါရိုက်တာများလည်း ပါဝင်လာသည့်အတွက် ဆွေးနွေးမှုများ ပိုမိုအားကောင်းလာကြောင်း ရုပ်ရှင်မြှင့်တင်ရေးကော်မတီအဖွဲ့ဝင် (ဇာတ်ညွှန်းရေးဆရာ) ဒေါက်တာ အောင်မင်းက ပြောသည်။

ရုပ်ရှင်မြှင့်တင်ရေးကော်မတီအဖွဲ့ဝင် (ဇာတ်ညွှန်းရေးဆရာ) ဒေါက်တာ အောင်မင်းက "ဒီနေ့ပြသဆွေးနွေးမှုကတော့ ၂၀၁၈ ခုနှစ်အတွက် နောက်ဆုံးပါ။ ဒီနေ့ဆိုရင် ပုံမှန်လာနေကျ သင်တန်းသား၊ သင်တန်းသူတွေအပြင် လက်ရှိ ရုပ်ရှင်အနုပညာနယ်ပယ်မှာ အနုပညာအလုပ်တွေကို လုပ်ဆောင်နေတဲ့သူတွေ၊ ထုတ်လုပ်သူနဲ့ ဒါရိုက်တာတွေလည်း စိတ်ဝင်တစားနဲ့ ပါဝင်ဆွေးနွေးကြတဲ့အတွက် အားရဖို့ကောင်းပါတယ်။ ဆွေးနွေးမှုအပိုင်းတွေကလည်း ပိုကောင်းလာတယ်။ အားရကျေနပ်ဖို့ကောင်းပါတယ်"ဟု ပြောသည်။

ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း အမှတ် ၅၀ ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ (ရုပ်ရှင်အနုပညာရပ်ဝန်း) ရုပ်ရှင်ပြခန်းမ၌ ပြုလုပ်သည့် ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (Film Analysis) သတ္တမအကြိမ် သုံးသပ်ဆွေးနွေးမှုအပြီးတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အဆိုပါ သုံးသပ်ဆွေးနွေးပွဲကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာတို့ ပူးပေါင်း၍ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာမှ တာဝန်ရှိသူများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ရန်ကုန်မှ ရုပ်ရှင်ပညာကို စိတ်ဝင်စားသော ကျောင်းသား ကျောင်းသူများ၊ ပြင်ပမှ ရုပ်ရှင်ပညာကိုစိတ်ဝင်စားသည့် လူငယ်များနှင့် ပြင်ပရုပ်ရှင်သင်တန်းများမှ သင်တန်းသား သင်တန်းသူများ၊ မြန်မာ့ရုပ်ရှင် အနုပညာနယ်ပယ်မှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ယနေ့ သုံးသပ်ဆွေးနွေးရာတွင် ဒေါက်တာ အောင်မင်းက ဒါရိုက်တာ David Lynch ရိုက်ကူးထားသည့် "the straight story" ရုပ်ရှင်ဇာတ်ကား အပေါ် မိတ်ဆက်စကားပြောကြားပြီး အဆိုပါ ဇာတ်ကားကို တက်ရောက်လာကြသူများနှင့်အတူ ကြည့်ရှုကြသည်။

ယင်းနောက် ဒေါက်တာ အောင်မင်းက ရုပ်ရှင်ဇာတ်ကားတစ်ကားလုံးအပေါ် အသေးစိတ် ခွဲခြမ်းစိတ်ဖြာသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး တက်ရောက်လာကြသူများ၏ အမြင်များကို မေးမြန်းဆွေးနွေးမှုများ ပြုလုပ်ကြသည်။

ဒါရိုက်တာ အဏ်ထော်ဏီက "ကျွန်တော်တို့ ခေတ်တုန်းက ဒါမျိုးတွေမရှိခဲ့ပါဘူး။ ဒါမျိုးတွေ များများလုပ်ပေးလေ လူငယ်တွေအတွက် ပညာများများရလေပါပဲ။ နောင်တစ်ချိန်မှာ ရုပ်ရှင်လောကအတွက် အားထားရမယ့် လူငယ်တွေဖြစ်လာမှာပါ။ မြန်မာ့ရုပ်ရှင်လောကအတွက် အများကြီး အထောက်အပံ့ရမှာပါ။ မြန်မာ့ရုပ်ရှင်လောကအတွက် အခုလို မျိုးဆက်သစ်လူငယ်တွေ များများမွေးထုတ်ပေးဖို့လိုပါတယ်။ နိုင်ငံတကာနဲ့ ထဲထဲဝင်ဝင်ဖြစ်ဖို့ အခုလို လူငယ်တွေကို အဖွဲ့ချင်းအလိုက်ဖြစ်စေ ပြည်ပနိုင်ငံတွေမှာရှိတဲ့ အနုပညာကျောင်းတွေမှာ ပညာဆည်းပူးနိုင်အောင် သက်ဆိုင်ရာ အဖွဲ့အစည်းတွေအနေနဲ့ စီစဉ်ပေးရင် ပိုကောင်းပါတယ်"ဟု ပြောသည်။

ယနေ့ ပြသဆွေးနွေးသည့် ရုပ်ရှင်ဇာတ်ကားသည် ဒုတိယကမ္ဘာစစ်တွင် တာဝန်ထမ်းဆောင်ခဲ့သော စစ်မှုထမ်းဟောင်း (ယာသမား) တစ်ဦး၏ ဘဝနေဝင်ချိန်နှင့်အတူ တစ်သက်တာ နာကြည်းခဲ့ရသော ညီဖြစ်သူ ကျန်းမာရေးဖောက်ပြန်သောအခါ အရေးကြီးလှျင်သွေးနီးမှုဆိုသည့် စကားအတိုင်း အမုန်းတရားများကိုစွန့်ကာ ချစ်ခြင်းမေတ္တာတရားကို ဖော်ပြကျူးပြသထားသည့် ဘဝဖြစ်ရပ်မှန် ရုပ်ရှင်ဇာတ်ကားကြီးဖြစ်သည်။

ယင်းကဲ့သို့ ဆွေးနွေးပွဲများကို လစဉ် ဒုတိယပတ်နှင့် တတိယပတ်တို့၏ တနင်္ဂနွေနေ့တိုင်းပြုလုပ်ရန် စီစဉ်ထားသော်လည်း လာမည့်ဆွေးနွေးပွဲကို ဇန်နဝါရီ ၆ ရက်တွင် ပြုလုပ်ရန် စီစဉ်ထားသည်။

ထိုသို့ပြုလုပ်ရာတွင် မြန်မာနိုင်ငံနှင့် ကိုက်ညီမှုရှိသည့် ကမ္ဘာတစ်ဝန်းမှ Art House Film အမျိုးအစား ရုပ်ရှင်ဇာတ်ကားများထဲမှ ဇာတ်ကားများကို အလှည့်ကျရွေးချယ်ကာ ပြသဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

သတင်း-ဇော်ကြီး
ဓာတ်ပုံ-ဖေဇော်






မြန်မာ့ရိုးရာ ကစားနည်း ဖန်ခုန်ခြင်း ဓာတ်ပုံ-ကြည်မျိုးသက်

**"လွတ်လပ်ရေးဖခင်ကြီးများ မျှော်မှန်းခဲ့တဲ့ တရားမျှတမှုနဲ့ လွတ်လပ်တဲ့နိုင်ငံ၊ လူခပ်သိမ်းငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှ အာမခံမယ့် ဖြူစင်တဲ့ဝါဒ ကျင့်သုံးတဲ့နိုင်ငံ အမှန်တကယ် ဖြစ်စေဖို့ စုပေါင်းအင်အားနဲ့လုပ်ဆောင်ကြပါစို့"**

*[ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ၂၀၁၇ ခုနှစ်အတွက် နိုင်ငံတော် အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းမှ ကောက်နုတ်ချက်]*

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် ချင်းပြည်နယ် မြို့နယ်များရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၃

**နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ချင်းပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဟန်ဝင်းအောင်နှင့်အဖွဲ့သည် ဒီဇင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ ချင်းပြည်နယ်အတွင်းရှိ ဖလမ်းမြို့နယ်၊ ထန်တလန်မြို့နယ်နှင့် ဟားခါးမြို့နယ်များသို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။**

**စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်**

ဒီဇင်ဘာ ၂၁ ရက်တွင် ဖလမ်းမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အိုင်ကွန် - အိုင်ရ်ဘွာလ်-ကြောင်ဖွေ့- ကော့ဆဲ မြေလမ်း(၃၉/၀) မိုင် လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက လမ်းအရည်အသွေးကောင်းမွန်စေရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ စေတနာထားကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန် မှာကြား၍ လမ်းကြောင်းတစ်လျှောက် မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဖလမ်းမြို့သို့ ရောက်ရှိပြီး ဒေသခံမြို့မိမြို့ဖများနှင့်တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီးသည် ဒီဇင်ဘာ ၂၂ ရက်တွင် ထန်တလန်မြို့နယ် သီကီရ်(ခ) ကျေးရွာသို့ ရောက်ရှိပြီး နယ်စပ်ရေးရာဝန်ကြီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်နေသော သီကီရ်-သဘာဝဥယျာဉ်သွားလမ်း မြေလမ်း (၁၃/၄) မိုင်အနက် ဆောင်ရွက်ပြီးစီးခဲ့သော မြေလမ်း (၆/၄) မိုင်ကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ထို့နောက် သီကီရ်ကျေးရွာတွင် ဆောင်ရွက်နေသော တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သီကီရ်ကျေးရွာ တိုးချဲ့တည်ဆောက်ရေးအတွက် လမ်း၊ ရေ၊ တန်ဖိုးနည်းအိမ်ရာ တည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၃) မှ တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သော သီကီရ်ရေလှောင်တမံသို့ သွားရောက်ကြည့်ရှုခဲ့ပြီး အဆိုပါရေလှောင်တမံမှ သီကီရ်ဒေသအတွင်းရှိ ကျေးရွာ ၁၁ ရွာ ရေပေးဝေရေးကိစ္စရပ်များအပေါ် မှာကြားခဲ့သည်။

ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ဟားခါးမြို့မှတစ်ဆင့် ဝေဘူလမြို့သို့ ရောက်ရှိပြီး ဒေသခံမြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

**ကျန်ရှိသည့်မြေလမ်းများ ဆောင်ရွက်မည်**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဖလမ်းမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၃ ရွာကိုအကျိုးပြုမည့် အရှည်(၃၉/၀) မိုင်ရှိ အိုင်ကွန်- အိုင်ရ်ဘွာလ်-ကြောင်ဖွေ့- ကော့ဆဲလမ်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြေလမ်း (၁၃/၀) မိုင်၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မြေလမ်း(၁၃/၀)မိုင်နှင့် ၂၀၁၈-၂၀၁၉ ပထမ(၆)လဘဏ္ဍာနှစ်တွင် မြေလမ်း (၂/၀) မိုင် စုစုပေါင်း လမ်းမိုင်(၂၈/၀) မိုင် ဖောက်လုပ်ပြီးစီးခဲ့ပြီး ၂၀၁၈-၂၀၁၉ ဒုတိယ (၁၂)လ ဘဏ္ဍာနှစ်တွင် မြေလမ်း (၅/၀) မိုင်နှင့် ကျန်ရှိသည့် မြေလမ်း (၆/၀) မိုင်တို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၂၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ယနေ့နံနက် ၈ နာရီက RBE ရထားဖြင့် ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းများ လိုက်လံကြည့်ရှုစစ်ဆေးသည်။

အလုံ၊ ကြည့်မြင်တိုင်၊ သီရိမြိုင်၊ သမိုင်းမြို့သစ်နှင့် အင်းစိန်ဘူတာများတွင် ဆက်သွယ်အဆင့်မြှင့်တင်သည့် လုပ်ငန်းများဆောင်ရွက်မှုများ၊ သက်ဆိုင်ရာဘူတာအလိုက် လုပ်ငန်းခွင်များတွင် ဘူတာရုံ၊ ပလက်ဖောင်းနှင့် သံလမ်းများအဆင့်မြှင့်တင်ဆောင်ရွက်နေသည်များကို လုပ်ငန်းခွင်အလိုက် ကြည့်ရှုစစ်ဆေးပြီး ပြည်သူများ ခရီးသွားလာရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် မိမိတာဝန်ကျရာအလိုက် ဆောင်ရွက်ကြရာတွင် ကိုယ်ချင်းစာနာစိတ်နှင့် စိတ်ကောင်းစေတနာကောင်းများ ထားရှိလုပ်ဆောင်ကြရန် တိုက်တွန်းအားပေးစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် အင်းစိန်လမ်းနှင့် ဘုရင့်နောင်လမ်းရှိ ရထားလမ်းကူး (Level Crossing) တည်ဆောက်မှုလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး မော်တော်ယာဉ်များဖြင့် လှိုင်သာယာမြို့နယ်ရှိ လှိုင်သာယာဘူတာရုံ ဆောက်လုပ်ရေးလုပ်ငန်းခွင်ရုံးသို့ ဆက်လက်ထွက်ခွာခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက လှိုင်သာယာဘူတာသည် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးကို ချိတ်ဆက်ပေးမည့် ရထားလမ်းကြောင်းတစ်ခုဖြစ်ပြီး ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတွင် ခရီးသွားလာဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေး၊ ကူးသန်းရောင်းဝယ်ရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဖြစ်သည့်အားလျော်စွာ မိမိတာဝန်ထမ်းဆောင်သည့်ကာလတစ်ခုအတွက် မကြည့်ဘဲ ဒေသခံများတစ်သက်တာ အကျိုးရှိမည့် လုပ်ငန်း၊ ငွေကြေးသုံးစွဲမှု၊ နည်းပညာစသည်တို့ကို စိတ်ကောင်းစေတနာကောင်းဖြင့် ဆောင်ရွက်သွားကြရန် အထူးတိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများ၏ တင်ပြချက်များ အပေါ် လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း အချက်အလက်များ၏ ပြောင်းလဲလာမှုများကို နှိုင်းယှဉ်လေ့လာနိုင်ရန် ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူမည်

**နေပြည်တော်   ဒီဇင်ဘာ ၂၃**



အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ၂၀၁၈ ခုနှစ်၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

**အပြည်ပြည်ဆိုင်ရာ ဝင်၊ ထွက်ပေါက်အဖြစ် တိုးချဲ့ဖွင့်လှစ်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံသို့ လာရောက်လိုသည့် နိုင်ငံခြားသားများအား အပြည်ပြည်ဆိုင်ရာ လေဆိပ်များနှင့် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း၊ မြန်မာ-ထိုင်းနယ်စပ် အပြည်ပြည်ဆိုင်ရာ နယ်စပ် ဝင်၊ ထွက်ဂိတ်များမှ နိုင်ငံကူးလက်မှတ်၊ သတ်မှတ်ဗီဇာများဖြင့် ဝင်၊ ထွက် သွားလာခွင့်ပြုလျက်ရှိရာ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့မှစ၍ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ် တမူး-မိုရေး၊ ရိဒ်ခေါဒါ - ဇိုခေါသာတို့ကို အပြည်ပြည်ဆိုင်ရာ ဝင်ထွက်ပေါက်များအဖြစ် သတ်မှတ်၍ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံသားများ၊ အခြားနိုင်ငံသားများအား နိုင်ငံကူးလက်မှတ်၊ e-Visa တို့ဖြင့် ဝင်၊ ထွက် ခွင့်ပြုနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယား နိုင်ငံတို့အကြား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ညောင်ဦးလေဆိပ်တွင် လည်းကောင်း၊ ပြည်ပ စင်းလုံးငှား လေယာဉ်ခရီးစဉ်များ ဆင်းသက်နိုင်ရေးအတွက် မြိတ်လေဆိပ်တွင် လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ စစ်ဆေးနိုင်ရေးအတွက် MRTDs စက်ပစ္စည်းများတပ်ဆင်၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ စီစဉ်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ လိုအပ်ချက်အရ ယခုအခါ သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သော ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံသားများနှင့် တရုတ်နိုင်ငံ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများဖြစ်သည့် မကာအို၊ ဟောင်ကောင်တို့မှ ကမ္ဘာလှည့်ခရီးသည်များအား ဗီဇာကင်းလွတ်ခွင့်ဖြင့် လည်းကောင်း၊ တရုတ်နိုင်ငံသား ကမ္ဘာလှည့်ခရီးသည်များအား ဆိုက်ရောက်ဗီဇာဖြင့် လည်းကောင်း ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁ ရက်မှစ၍ အပြည်ပြည်ဆိုင်ရာ လေဆိပ်သုံးခုနှင့် နယ်စပ် ဝင်၊ ထွက်ပေါက်များတွင် ဝင်ရောက်ခွင့် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယခုလ ၁ ရက်မှစ၍ အိန္ဒိယနိုင်ငံသား ကမ္ဘာလှည့်ခရီးသည်များအား အပြည်ပြည်ဆိုင်ရာလေဆိပ် သုံးခုတွင် ဆိုက်ရောက်ဗီဇာ ထုတ်ပေးခွင့်ပြုနိုင်ခဲ့ပါကြောင်း၊ ဆိုက်ရောက်ဗီဇာနှင့် e-Visa ခွင့်ပြုနိုင်ငံများကိုလည်း တိုးချဲ့ခွင့်ပြုပေးခဲ့ရာ ယခုနှစ်အတွင်း ရုရှား၊ ယူကရိန်း၊ ဘရာဇီးနှင့် တောင်အာဖရိကနိုင်ငံများကိုလည်း တိုးချဲ့ခွင့်ပြုပေးနိုင်ခဲ့ပါကြောင်း၊ မြန်မာနှင့် လာအို နိုင်ငံနယ်စပ်ဖြစ်သည့် ကျိုင်းလပ်-စီအင်ကောက် နယ်စပ် ဝင်၊ ထွက်ပေါက်အား ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၀ ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး နှစ်နိုင်ငံထပ်မံ ညှိနှိုင်းပြီးပါက အပြည်ပြည်ဆိုင်ရာ ဝင်၊ ထွက်ပေါက်အဖြစ် တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ် မောင်တောဒေသတွင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ပြေးတိမ်းရှောင်သူများ ပြန်လည်လက်ခံရေးအတွက် နိုင်ငံတော်အစိုးရက ဦးဆောင်ဦးရွက်ပြု ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ မိမိတို့ဌာနမှလည်း တောင်ပြိုလက်ဝဲနှင့် ငါးခူရတို့၌ ပြန်လည်လက်ခံရေးစခန်းနှစ်ခု ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်လည်လက်ခံမည့်သူများသည် ယခင်က မြန်မာနိုင်ငံတွင် နေထိုင်ခဲ့ဖူးသူများ ဟုတ်၊ မဟုတ် မှန်ကန်မှု ရှိ၊ မရှိကို မိမိတို့ဌာနမှ ယခင်မှတ်တမ်းမှတ်ရာများနှင့် ခေတ်မီနည်းပညာများအသုံးပြု စိစစ်ဆောင်ရွက်လျက်ရှိရာ ၎င်းစာရင်းဇယားများ မှန်ကန်စွာ စိစစ်ပြန်ကြားနိုင်ရေးအတွက် အလေးထားဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ အဆိုပါ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်မှ စတင်ခဲ့သော်လည်း နိုင်ငံတကာ၏ ဖိအားများကြောင့် လုပ်ငန်းစဉ်နှောင့်နှေးကြန့်ကြာပြီး နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်နေဆဲဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် ၂၀၁၈ ခုနှစ်အတွင်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အသက်(၁၀)နှစ်ပြည့် ၅၇၁၁၄၆ ဦး၊ အသက်(၁၈)နှစ်ပြည့် ၅၅၄၃၆၇ ဦးနှင့် ကျောင်းသား၊ ကျောင်းသူ ၃၅၄၅၂၉ ဦး စုစုပေါင်း ၁၄၈၀၀၄၂ ဦးကို သစ္စာစီမံချက်ဖြင့် ကွင်းဆင်း၍ ထုတ်ပေးနိုင်ခဲ့ပါကြောင်း။

**အဘက်ဘက်က လေ့လာသုံးသပ်ဆောင်ရွက်နေ**

ထို့အပြင် ရခိုင်ပြည်နယ်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် စုစုပေါင်း ၆၆၈၃၆ ဦး အား နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံလက်မှတ် NV Card ထုတ်ပေးပြီးဖြစ်၍ နိုင်ငံသားစိစစ်နိုင်ရေးဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ e-Government စနစ်အတွက် အခြေခံအကျဆုံးသော လုပ်ငန်းဖြစ်သည့် eID စနစ် အကောင်အထည်ဖော်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်းသည် လူတစ်ဦးချင်းစီအား Biometric Data ရယူပြီး Unique နံပါတ်တစ်ခုစီပေးမည့် အစီအစဉ်ဖြစ်ပါကြောင်း၊ ရရှိတဲ့ UID ကိုအသုံးပြုပြီး မှတ်ပုံတင် Smart Card အပါအဝင် အခြားသောဌာနများ၏ ဝန်ဆောင်မှုများကို ဆက်လက်ရယူဆောင်ရွက်နိုင်မည်ဖြစ်ပြီး ယင်းလုပ်ငန်းသည် ငွေကုန်ကြေးကျများပြီး ကြီးမားကျယ်ပြန့်သည့်အတွက် အဘက်ဘက်က လေ့လာသုံးသပ်ဆောင်ရွက်နေပါကြောင်း၊ ပြည်သူ့အင်အားစာရင်းကောက်ယူ ထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်ရာမှာ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဆောင်ရွက်ခဲ့သည့် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို သတ်မှတ်ကာလအတိုင်း အစီရင်ခံစာများ ပြုစုထုတ်ပြန်နိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ထို့အပြင် သန်းခေါင်စာရင်းအစီရင်ခံစာများ ဖြန့်ဝေခြင်းနှင့် သန်းခေါင်စာရင်း အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲများကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အသီးသီး၌ အောင်မြင်စွာဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကြီး မကောက်မီ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ် ကြားကာလမှာရှိသည့် မြန်မာနိုင်ငံ၏လူဦးရေ၊ လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များကို အနီးစပ်ဆုံးမှန်ကန်စွာ ခန့်မှန်းနိုင်ရန်နှင့် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း အချက်အလက်များ၏ ပြောင်းလဲလာမှုများကို နှိုင်းယှဉ်လေ့လာနိုင်ရန်အတွက် ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူမည်ဖြစ်ပါကြောင်း၊ ကြားဖြတ်သန်းခေါင်စာရင်းသည် နေရာအားလုံးကို ကောက်ယူမည်မဟုတ်ဘဲ နမူနာရွေး၍ ကောက်ယူသွားမည်ဖြစ်သဖြင့် လုပ်ငန်းဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြရန် လိုအပ်ပါကြောင်း၊ ယခု အစည်းအဝေးတွင်လည်း တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များ၊ လုပ်ငန်းဆိုင်ရာအခက်အခဲနှင့် လိုအပ်ချက်များ၊ ဖြည့်ဆည်းပေးရမည့်ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးတင်ပြကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။

**ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေများ ရှင်းလင်းတင်ပြ**

ထို့နောက် တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများက တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းလိုအပ်ချက်များ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြပြီး အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

အစည်းအဝေးကို ဒီဇင်ဘာ ၂၂ ရက်အထိ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ရခိုင်ပြည်နယ် မောင်တောခရိုင် ဥပဒေရုံးသစ်ဖွင့်ပွဲ တက်ရောက်

**စစ်တွေ   ဒီဇင်ဘာ ၂၃**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၁ နာရီက ရခိုင်ပြည်နယ်အတွင်းရှိဥပဒေအရာရှိများအား ရခိုင်ပြည်နယ်ဥပဒေချုပ်ရုံး၌ တွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ထိုသို့တွေ့ဆုံမှာကြားရာ၌ ဥပဒေအရာရှိများအနေဖြင့် တရားစွဲနှင့် အမှုလိုက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် မျှတသည့် တရားစီရင်ရေးဆိုင်ရာစံနှုန်းများကို လိုက်နာကျင့်သုံး၍ အများပြည်သူတို့၏ ဥပဒေဆိုင်ရာ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ကြောင်း။

တရားမစွဲမီ ဥပဒေအကြံပေးရာ၌ ပြည့်စုံမှန်ကန်ရေး၊ အမှုလိုက်ပါဆောင်ရွက်ရာတွင် သက်သေခံချက်များ ပြည့်ပြည့်စုံစုံတင်ပြရေးနှင့် ပေါ်ပေါက်သည့် သက်သေခံချက်များနှင့်အညီ ငြိစွန်းသည့်ဥပဒေဖြင့် ပြစ်မှုထင်ရှားစီရင်နိုင်ရေးတို့ကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများကို အဂတိကင်းရှင်းစွာဖြင့် ဥပဒေအရာရှိကျင့်ဝတ်နှင့်အညီ ကျေပွန်စွာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ပြည်နယ်ဥပဒေချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်နယ်ဥပဒေချုပ်ရုံးနှင့် စစ်တွေခရိုင်အတွင်းရှိ ဥပဒေအရာရှိများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

ဒီဇင်ဘာ ၂၃ ရက် နံနက် ၁၁ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ရခိုင်ပြည်နယ် မောင်တောမြို့၌ ကျင်းပသည့် မောင်တောခရိုင် ဥပဒေရုံးသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ဥပဒေရုံးသစ်ကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး**(ဝဲပုံ)** အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။



ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုရှေ့နေချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ဝန်ထမ်းများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာတို့ကို မြှင့်တင်ပေးနိုင်ရန်အတွက် ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများကို တိုးချဲ့တည်ဆောက်ပေးလျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ်သန်း ၉၀ ဒသမ ၀၀၅ ဖြင့် မောင်တောခရိုင် ဥပဒေရုံးသစ် တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည့်အပေါ် ပြည်နယ်အစိုးရနှင့် တာဝန်ရှိသူများကို ကျေးဇူးတင်ရှိပါကြောင်း။

ယခုအခါ ရခိုင်ပြည်နယ်အတွင်း ၂၀၁၈ ခုနှစ်အထိ ဥပဒေရုံး ၂၄ ရုံး၊ ဝန်ထမ်းအိမ်ရာ ၁၃ လုံး တည်ဆောက်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ တည်ဆောက်ဖွင့်လှစ်ခဲ့သော ဥပဒေရုံးနှင့် အိမ်ရာများကို မပျက်မစီးအောင် ဝန်ထမ်းများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မောင်တောခရိုင်၌ ဖြစ်ပွားခဲ့သည့် အကြမ်းဖက် တိုက်ခိုက်ခံရမှုဖြစ်စဉ်တွင် မောင်တောခရိုင်ရှိ ဥပဒေရုံးဝန်ထမ်းများသည် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့နှင့်အတူ အချိန်ပြည့် ပူးပေါင်းဆောင်ရွက်ခဲ့သည့်အပြင် အမှုများ မြန်မြန်ဆန်ဆန် စစ်ဆေးစီရင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်ကို ချီးကျူးဂုဏ်ပြုပါကြောင်း၊ တာဝန်ကျရာဒေသတွင် အများပြည်သူအကျိုးအတွက် တာဝန်နှင့် ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ကြရမည် ဖြစ်ပါကြောင်း မှာကြားသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း၊ စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ဥပဒေအရာရှိ၊ ခရိုင်နှင့် မြို့နယ်များမှ ဥပဒေအရာရှိများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# နေပြည်တော်တွင် တည်ထားလျက်ရှိသော ထာဝရငြိမ်းချမ်းရေးစေတီတော်အတွက် အလှူတော်ငွေပေးအပ်ပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၃**

ထာဝရငြိမ်းချမ်းရေးစေတီတော်အတွက် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၆၂ လမ်းရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်ဇနီး တက်ရောက်ပြီး အလှူငွေများလက်ခံ၍ **(ယာပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့်ဇနီး၊ တာဝန်ရှိသူများနှင့် အလှူရှင်များက "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ထို့နောက် ဦးချိုဝင်း+ဒေါ်နန်းဝေဝေအောင် (မြန်မာ့ဝင်းအောင်ပွား ကျောက်မျက်ကုမ္ပဏီ)မိသားစုက အလှူငွေကျပ်သိန်းနှစ်ရာ၊ ဦးဖြူလုံး + ဒေါ်မာမာသိန်း(ဖြူစင်မေတ္တာသက်န်းတိုက်နှင့်ပိုးထည်တိုက်) မိသားစု၊ ဦးမောင်ကို + သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေဥ၊ ဒေါ်အေးကြည် သီဟသုဓမ္မသိင်္ဂီ ဒေါ်မြသိန်း (မြဝတီ) မိသားစု ၊ ဦးစိုးပြည့်စုံထွန်း (သန်းကုဋေအောင်ကုမ္ပဏီ)နှင့် ဦးဝေလွင်+ ဒေါ်မော်မော်သက် မိသားစုတို့က အလှူငွေကျပ်သိန်းတစ်ရာစီ၊ ဦးမြင့်နိုင် + သုဓမ္မသိင်္ဂီ ဒေါ်ခင်ရွှေမိသားစု၊ သုဓမ္မသိင်္ဂီဒေါ်ရွှေလှ (ကြင်းတောယန် အမျိုးသမီးပရဟိတအသင်း)၊ ဒေါက်တာမြမောင်မိသားစု၊ ဦးလီကျိန်းချန်(ခ) ဦးလျှိုအားပေါက်မိသားစု၊ ဦးရန်ရှင်း + ဒေါ်အေးဝင်း မိသားစု၊ ဒေါ်ဌေးဌေးအောင်မိသားစု၊ သုဓမ္မသိင်္ဂီ ဒေါ်မြမြဝင်း မိသားစု၊ ဦးမောင်မောင် + ဒေါ်ခင်စန်းရီ ( ညိမ်းဆေးရုံ-မြို့တော်ဆေးရုံ) မိသားစုနှင့် ယူနန်ဘုံကျောင်းတို့မှ အလှူငွေကျပ်သိန်း ၅၀ စီ၊ ဦးအောင်တိုး + ဒေါ်လှလှဝင်းမိသားစု၊ ဒေါက်တာဝင်းလှိုင် + သုဓမ္မသိင်္ဂီ ဒေါ်မြစန္ဒာဝင်း(တော်ဝင်စိန်တိုက်)၊ ဦးမြင့်လွင် + ဒေါ်ခင်ချိုမိသားစုနှင့် သုဓမ္မသိင်္ဂီ ဒေါ်တင်ပု(ရုပ်ပျိုတိုင်းရင်းဆေး) မိသားစုတို့မှ အလှူငွေကျပ်သိန်း ၃၀ စီ၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်ဌေးဌေးသိန်း (မြသစ္စာသစ်သီးပွဲရုံ) မိသားစုတို့မှ အလှူငွေကျပ် ၂၅ သိန်းနှင့် ကျပ်သိန်း ၂၀ အလှူရှင် ခုနစ်ဦး၊ ကျပ် ၁၅ သိန်းအလှူရှင် နှစ်ဦး၊ ကျပ် ၁၀ သိန်းအလှူရှင် ၁၃ ဦး၊ ကျပ်ငါးသိန်း အလှူရှင်နှစ်ဦးတို့က ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေတို့က လက်ခံရယူ၍ အလှူရှင်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။ အဆိုပါ ထာဝရငြိမ်းချမ်းရေး




စေတီတော်တွင် အလှူတော်ငွေများပေးအပ်လျက်ရှိရာ ဒီဇင်ဘာ ၂၃ ရက်အထိ အနယ်နယ်အရပ်ရပ်မှ အလှူရှင် ၄၄ ဦးတို့က စုစုပေါင်းလှူဒါန်းငွေကျပ် တစ်ထောင့်ခြောက်ရာငါးသိန်း လှူဒါန်းကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မွေးမြူရေးထွက်ပစ္စည်းများ စံသတ်မှတ်ရေးနှင့် မွေးမြူရေးဆိုင်ရာ အလုပ်သမား စံသတ်မှတ်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မပျက် အကောင်အထည်ဖော်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

အစားအစာဘေးကင်းလုံခြုံမှုရှိစေရေးအတွက် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တင်သွင်း၊ တင်ပို့ခြင်းတွင် အဟန့်အတားဖြစ်စေသည့် နယ်စပ်ဖြတ်ကျော် တိရစ္ဆာန် ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်နိုင်ရန်နှင့် ကင်းရှင်းပပျောက်စေရန် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(OIE)၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၊ အာဆီယံအသားကဏ္ဍလုပ်ငန်းအဖွဲ့ စသည်တို့နှင့် ယခုထက်ပို၍ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော် ဂျီဒီပီတွက်ချက်ရာတွင် အရေးပါသည့် မြေပြင်တိရစ္ဆာန် ကောင်ရေ စာရင်းကောက်ယူခြင်း၊ စာရင်းသွင်းခြင်းစသည့် တိရစ္ဆာန်ကောင်ရေစာရင်းပြုစုခြင်းလုပ်ငန်းသည် စီမံကိန်းများ ရေးဆွဲခြင်းနှင့် မူဝါဒများ ချမှတ်ခြင်းတို့တွင်လည်း များစွာအသုံးဝင်မည်ဖြစ်သည့်အတွက် တိကျမှန်ကန်စွာဖြင့် သတ်မှတ်ကာလတွင် ထုတ်ပြန်ပေးနိုင်ရေး အားထုတ်ကြိုးပမ်းကြသကဲ့သို့ အခြားတစ်ဖက်တွင်လည်း အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အစားအစာဘေးကင်းလုံခြုံမှုရှိရေး၊ မွေးမြူရေးထွက်ပစ္စည်းများ စံသတ်မှတ်ရေးနှင့် မွေးမြူရေးဆိုင်ရာ အလုပ်သမားစံ သတ်မှတ်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မပျက် အကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်း။



အလားတူ သုတေသနလုပ်ငန်းများအနေဖြင့် ရလဒ်ကောင်းများ ဖော်ထုတ်နိုင်ရေးနှင့် ဖတ်ကြားတင်ပြပြီးဖြစ်သည့် သုတေသနစာတမ်းများကို အခြေခံပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိ ထိရောက်စွာအသုံးပြုနိုင်ရေး၊ သုတေသနဓာတ်ခွဲခန်းများနှင့် အရည်အသွေးစစ်ဆေးပေးသည့် ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ရေးကို စီမံချက်များ ရေးဆွဲပြီး နှစ်အလိုက်ဆောင်ရွက်သွားကြရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်မှာကြားသည်။

အသားတိုးနွားမွေးမြူရေးနှင့် ပတ်သက်၍ ကျွဲ၊ နွားများ တရားဝင် တင်ပို့ခြင်းကြောင့် ကောင်ရေလျော့နည်းခြင်း မဖြစ်စေရန်အတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေသနွား၊ နို့စားနွား၊ ကျွဲနှင့် နွားနောက် မွေးမြူရေးစီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ ရောဂါကာကွယ်မှုဆိုင်ရာ လုပ်ငန်းများအနေဖြင့် တိရစ္ဆာန်မှလူသို့ ကူးစက်တတ်သော ရောဂါများ ကာကွယ်ထိန်းချုပ်ရေးအတွက် One Health Approach အဖြစ် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ခြင်း၊ ပဋိဇီဝဆေးခုခံကာကွယ်ထိန်းချုပ်ခြင်းများ၊ ခွေးရူးရောဂါကာကွယ်ထိန်းချုပ်ခြင်းနှင့် တိရစ္ဆာန်ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ရန်အတွက် ဦးစီးဌာနမှ ကာကွယ်ဆေးများ ထုတ်လုပ်ပြီး ထိုးနှံဆောင်ရွက်လျက်ရှိကြောင်း၊ တိရစ္ဆာန်ကူးစက်ရောဂါများ ကြိုတင်ကာကွယ်ရန်အတွက် ပြည်သူလူထု အသိပညာပေးခြင်းလုပ်ငန်းများ၊ သတင်းမီဒီယာများတွင် ပြည်သူလူထုအသိပညာပေးခြင်းများအား စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အောင်လက်မှတ်ရရှိသူများအနေဖြင့် နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် မိမိတို့တတ်ကျွမ်းထားသော ပညာရပ်များဖြင့် ကျရာကဏ္ဍမှပါဝင်ကြိုးပမ်း

**နေပြည်တော် ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံစာရင်းကောင်စီ၏ လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင် စာမေးပွဲ အောင်လက်မှတ်ပေးအပ်ခြင်းနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ရန်ကုန်မြို့၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အား ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ရှိအောင် ကဏ္ဍပေါင်းစုံမှ ဝိုင်းဝန်းကြိုးပမ်းလျက်ရှိရာ မိမိတို့မြန်မာနိုင်ငံ စာရင်းကောင်စီကလည်း နိုင်ငံတော်၏ လိုအပ်ချက်တစ်ရပ်ဖြစ်သော အရည်အသွေးပြည့်ဝသည့် စာရင်းပညာရှင်များနှင့် စာရင်းပညာကျွမ်းကျင်သူများကို နှစ်စဉ်မွေးထုတ်ပေးလျက်ရှိပါကြောင်း၊ ယနေ့ အောင်လက်မှတ်ရရှိသူများ အနေဖြင့် နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် မိမိတို့ တတ်ကျွမ်းထားသော ပညာရပ်များဖြင့် ကျရာကဏ္ဍမှ ပါဝင်ကြိုးပမ်းထမ်းဆောင်ကြစေလိုကြောင်း၊ လက်ရှိမိမိတတ်မြောက်ထားသော ပညာရပ်များ၊ အတွေ့အကြုံများဖြင့်သာ တင်းတိမ်ကျေနပ်မနေဘဲ အသစ်အသစ်ဖြစ်ပေါ်တိုးတက်နေသော စာရင်းပညာနယ်ပယ်အပါအဝင် ပညာရပ်နယ်ပယ်တိုင်းကို အမြဲတစေ အာရုံစိုက် လေ့လာနေရမည်ဖြစ်ကြောင်း၊ မိမိတို့၏ စာရင်းပညာရပ်ဆိုင်ရာ အရည်အချင်းများ အစဉ်ခေတ်မီတိုးတက်နေစေရေး ကြိုးစားနေရန်ဖြစ်ကြောင်း၊ အောင်လက်မှတ်ရရှိသူများအနေဖြင့် လုပ်ငန်းခွင် နယ်ပယ်အသီးသီးသို့ ဝင်ရောက်တာဝန်ယူ ဆောင်ရွက်ကြသည့်အခါ စာရင်းပညာရှင်၊ စာရင်းကျွမ်းကျင်သူများ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာနှင့်အညီ ရိုးသားဖြောင့်မတ်သော၊ ဂုဏ်သိက္ခာရှိသော၊ ကိုယ်ကျင့်တရား ကောင်းမွန်သော လူတော်လူကောင်းများ ဖြစ်အောင်ကျင့်ကြံနေထိုင်သွားရန် အထူးလိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ဆုနှင့် ပညာရေးရန်ပုံငွေသို့ လှူဒါန်းခဲ့သည့် အလှူရှင်များအား မြန်မာနိုင်ငံစာရင်း ကောင်စီဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ယင်းနောက် မြန်မာနိုင်ငံစာရင်းကောင်စီဝင်များ၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း နာယကနှင့် အလုပ်အမှုဆောင်များက စာမေးပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ဘာသာရပ်အလိုက် အမှတ်အများဆုံးရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများ၊ ဒုတိယပိုင်းစာမေးပွဲ အောင်မြင်သူများနှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်များအဖြစ် မှတ်ပုံတင်ရန် အရည်အချင်းစစ် စာမေးပွဲ အောင်မြင်သူများအား အောင်လက်မှတ်များ ချီးမြှင့်ပေးအပ်သည်။

**သတင်းစဉ်**



# ပြည်ထောင်စုအမွေ အမြဲတည်တံ့စေဖို့ လွတ်လပ်ရေးကို ထိန်းသိမ်းစို့

မောင်ခိုင်မာ (အထက်မင်းလှ)

အမိမြန်မာနိုင်ငံသည် ဗြိတိသျှနယ်ချဲ့လက်အောက်မှ ပြန်လည်လွတ်မြောက်ခဲ့သည်မှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ဆိုလျှင် (၇၁) နှစ် တိုင်ခဲ့ပြီဖြစ်၏။ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာသည် ဒွန်တွဲလျက်ရှိသည်။ အချုပ်အခြာအာဏာဟူသည်မှာ နိုင်ငံတစ်နိုင်ငံအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် မိမိနှစ်သက်ရာ လမ်းစဉ်၊ နှစ်သက်ရာ ဝါဒတို့ဖြင့် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ခွင့်ရှိခြင်းပင် ဖြစ်၏။ လွတ်လပ်သည့် နိုင်ငံဖြစ်မှ အချုပ်အခြာအာဏာပိုင်နိုင်ငံဟု သတ်မှတ်နိုင်လေမည်။

**ရွှေမှန်ကင်းအစစ်မှ ထင်းဖြစ်ခဲ့ရလေသည်**

မြန်မာနိုင်ငံသည် တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ စစ်ကိုင်း၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်စသည့် ခေတ်သမိုင်းတစ်လျှောက်ဝယ် ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် နိုင်ငံအဝန်း ဒေသအနှံ့အပြားတွင် အတူတကွ ရောနှောနေထိုင်လာခဲ့ကြသည်ကို သမိုင်းစာမျက်နှာများတွင် အထင်အရှားတွေ့ရပေမည်။ အကြောင်းကြောင်းကြောင့် တကွဲတပြားစီ ဖြစ်ကြသောအခါတွင်လည်း ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော် ဟူ၍ အမြော်အမြင် ကြီးမားလှသော ပုဂံခေတ် အနော်ရထာဘုရင် (အေဒီ ၁၀၄၄-၁၀၇၇)၊ တောင်ငူခေတ် ဘုရင့်နောင်မင်းတရား (အေဒီ ၁၅၅၁-၁၅၈၁) နှင့် ကုန်းဘောင်ခေတ် အလောင်းဘုရား (အေဒီ ၁၇၅၂-၁၇၆၀) တို့က ကာကွယ်ရေးအင်အား တောင့်တင်းစွာဖြင့် ပြန်လည်စုစည်းပြီး စည်းလုံးညီညွတ်သော နိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ခဲ့ကြပေသည်။

သို့သော် ကုန်းဘောင်မင်းဆက် (၁၁) ဆက် ကာလအတွင်း ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် ကမ္ဘာ့နယ်ချဲ့စနစ်နှင့် ပက်ပင်းတိုးကာ လက်နက်နှင့်နည်းပညာ အသာစီးဖြစ်သော ဗြိတိသျှနယ်ချဲ့တို့က ကျူးကျော်စစ် သုံးကြိမ် ဖန်တီးခဲ့လေသည်။ ပထမအင်္ဂလိပ် - မြန်မာစစ်ပွဲ (၁၈၂၄-၁၈၂၆)၊ ဒုတိယ အင်္ဂလိပ် - မြန်မာ စစ်ပွဲ(၁၈၅၂- ဧပြီမှ ၁၈၅၂- ဒီဇင်ဘာ)၊ တတိယ အင်္ဂလိပ် - မြန်မာ စစ်ပွဲ (၁၈၈၅) တို့ဖြစ်၏။ ပထမအင်္ဂလိပ် - မြန်မာစစ်ပွဲမှာ ဘကြီးတော်မင်းလက်ထက်တွင် ဖြစ်ပွားခဲ့ပြီး ရန္တပိုစာချုပ် (၂၄-၂-၁၈၂၆) အရ ရခိုင်၊ တနင်္သာရီ၊ အာသံနယ်တို့ကို မြန်မာတို့ လက်လွှတ်ခဲ့ရသည်။ ပုဂံမင်းလက်ထက်ဖြစ်ပွားသော ဒုတိယ အင်္ဂလိပ်- မြန်မာ စစ်ပွဲတွင် ပဲခူးနှင့် မုတ္တမဒေသ (အောက်မြန်မာနိုင်ငံ) ကို မြေထဲမြို့ (အောင်လံမြို့) မှ အောက်ထိ နယ်ချဲ့တို့က သိမ်းပိုက်လိုက်သည်။ တတိယအင်္ဂလိပ်- မြန်မာစစ်ပွဲတွင် (၂၉-၁၁-၁၈၈၅) ၌ နယ်ချဲ့တို့က မြန်မာဘုရင် သီပေါမင်းကို နန်းချ၍ အထက်မြန်မာနိုင်ငံကို သိမ်းပိုက်လိုက်ကြသည်။ (၁-၁-၁၈၈၆) တွင် အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒပ်ဖရင်က အထက်မြန်မာပြည်ကို ဗြိတိသျှပိုင်နက် နယ်မြေအဖြစ် ထုတ်ပြန်ကြေညာသည်။ ဤသို့ဖြင့် မြန်မာတစ်နိုင်ငံလုံးသည် နယ်ချဲ့ဗြိတိသျှ စိုးမိုးအုပ်ချုပ်မှုအောက်သို့ ရောက်ရှိသွားလေတော့သည်။ ရွှေမှန်ကင်းအစစ်မှ ထင်းဖြစ်ခဲ့ရလေသည်။

**အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုများ**

နယ်ချဲ့တို့အနေဖြင့် မြန်မာဘုရင်ကို အလွယ်တကူ နန်းချနိုင်သော်ငြား၊ တိုင်းရင်းသားသွေးချင်းတို့၏ တောင်ပေါ် မြေပြန့်အနှံ့ ဆင်နွှဲကြသော နယ်ချဲ့ဆန့်ကျင်ရေးစစ်ပွဲများကိုမူ အလွယ်တကူ မနှိမ်နင်းနိုင်ခဲ့ပေ။ မြေပြန့်ဒေသများ အေးချမ်းအောင် ၁၀ နှစ်ခန့် (၁၈၉၇ ထိ)နှင့် တောင်တန်းဒေသများ အေးချမ်းအောင် ၁၅ နှစ်ခန့် အပြင်းအထန် နှိမ်နင်းခဲ့ရလေသည်။ ၁၉၀၀ ပြည့်နှစ်လောက်မှသာ နယ်ချဲ့၏ စိုးမိုးမှုအခြေခိုင်ခဲ့ပေသည်။ သို့သော် ၁၉၀၆ ခုနှစ် မေလ ၁၀ ရက်တွင် ဘာသာရေးအသွင်ဆောင်သော "ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း- ဝိုင်အမ်ဘီအေ"ဟုခေါ်သည့် နယ်ချဲ့ဆန့်ကျင်ရေးအသင်း ပေါ်ပေါက်လာခဲ့သည်။ YMBA ၏ ၁၉၂၀ ပြည့်နှစ် အဌမအကြိမ်မြောက် နှစ်ပတ်လည်ညီလာခံမှ စတင်၍ အသင်း၏အမည်ကို ဂျီစီဘီအေ (မြန်မာအသင်းချုပ်ကြီး) သို့ ပြောင်းလဲခဲ့လေသည်။ ၁၉၂၀ တွင် ပထမ ကျောင်းသားသပိတ်လည်း ပေါ်ပေါက်ခဲ့သည်။ နယ်ချဲ့တို့က (၁၂-၆-၁၉၂၂) တွင် "မြန်မာပြည်အုပ်ချုပ်မှု ပြုပြင်ရေး ဥပဒေ" (Burma Reforms Bill) အား အတည်ပြုပြီးနောက် ဒိုင်အာခီ(ပူးတွဲတာဝန်ခံအုပ်ချုပ်ရေး)ဥပဒေကို (၁-၇-၁၉၂၂)တွင် စတင်ခဲ့သည်။ ထိုအချိန်မှစတင်၍ တွဲရေး၊ ခွဲရေး ပြဿနာဖြင့် ဂျီစီဘီအေ နှစ်ခြမ်းကွဲခဲ့လေသည်။ ဂျီစီဘီအေ ကွဲသော်လည်း ပြည်သူတို့ မကွဲခဲ့ပါ။ ၁၉၃၀ တွင် ဆရာစံခေါင်းဆောင်သော တောင်သူလယ်သမား အရေးတော်ပုံ ပေါ်ပေါက်ခဲ့ပြန်သည်။ ၁၉၃၀ တွင် တိုးတက်သော အင်အားစုတို့က တို့ဗမာအစည်းအရုံးကို ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။၁၉၃၇တွင် မြန်မာနိုင်ငံအား ၉၁ ဌာနအုပ်ချုပ်ရေးပေးပြီး အိန္ဒိယမှ ခွဲထုတ်ခဲ့သည်။ ၁၃၀၀ ပြည့် အရေးတော်ပုံတွင် ရေနံမြေသပိတ် တပ်နှင့် တောင်သူလယ်သမားတို့ ပူးပေါင်းခဲ့ကြသည်။

တို့ဗမာအစည်းအရုံးဝင် သခင်အောင်ဆန်းသည် လွတ်လပ်ရေးအတွက်(၈-၈-၁၉၄၀)တွင် မြန်မာနိုင်ငံမှ ထွက်ခွာခဲ့သည်။ ရဲဘော်သုံးကျိပ်တို့ ဂျပန်တွင် စစ်ပညာသင်ယူကြသည်။ ဒုတိယကမ္ဘာစစ်ကာလတွင် ဂျပန်သည် မြန်မာ့လွတ်လပ်ရေး တပ်မတော်နှင့် ပူးပေါင်းပြီး နယ်ချဲ့ဗြိတိသျှအား တိုက်ထုတ်ခဲ့သည့် (၁-၈-၁၉၄၃ ) တွင် ဂျပန်က မြန်မာနိုင်ငံအား ရွှေရည်စိမ်လွတ်လပ်ရေးပေးခဲ့သည်။ ဂျပန်တို့က ပြည်သူတို့အား နှိပ်စက်ညှဉ်းပန်းခဲ့သည်။ ဤသည်ကို မခံနိုင်၍ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့များ လျှို့ဝှက်စွာ ဖွဲ့စည်းပြီး ဂျပန်ကို (၂၇-၃-၁၉၄၅)တွင် စတင်တော်လှန်လေသည်။ (၁၉-၈-၁၉၄၅)တွင် နေသူရိန်ညီလာခံမှ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ကို ဖဆပလ (ဖက်ဆစ်ဆန့်ကျင်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့) ဟု အမည်ပြောင်းခဲ့သည်။ ဖဆပလ ၏ ဦးဆောင်မှုနောက်တွင် ပြည်သူတစ်ရပ်လုံး ပါဝင်ခဲ့ကြသည်။

> "သို့သော် အောင်ဆန်း - အက်တလီစာချုပ် အပိုဒ်(၁)အရ လွတ်လပ်ရေးအကြို ပြင်ဆင်မှု ရွေးကောက်ပွဲကတိကို ရရှိခဲ့သည်။ တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကို ၁၉၄၇ ဧပြီတွင် ကျင်းပရာ စုစုပေါင်းအမတ် ၂၅၅ နေရာအနက် လူမျိုးစုများအတွက် ၄၅ နေရာချန်လှပ်၍ ၂၁၀ နေရာအတွက် ရွေးချယ်ခဲ့ကြသည်။ ဖဆပလက ၉၅ ဒသမ ၃ ရာခိုင်နှုန်း ရွေးကောက်ခံရ"

**လွတ်လပ်ရေးအတွက် ပြင်ဆင်ခြင်း**

ဖဆပလအဖွဲ့ချုပ်က (၈-၁၁-၁၉၄၆)တွင် "မြန်မာပြည်အား တစ်နှစ်အတွင်း လွတ်လပ်ရေးပေးမည်ဟု ဗြိတိသျှအစိုးရက ကြေညာရန်၊ လာမည့်ရွေးကောက်ပွဲကို တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲ ဖြစ်ပါစေမည်ဟု ဗြိတိသျှအစိုးရက ကြေညာပေးရန်၊ ဘုရင်ခံ၏ အမှုဆောင်(ဝန်ကြီး) အဖွဲ့ကို လုံးဝအာဏာနှင့် ပြည့်စုံသော အမျိုးသားအစိုးရအဖွဲ့ဖြစ်အောင် ဗြိတိသျှအစိုးရက စီမံပေးရန်၊ အကယ်၍ အဆိုပါအချက်များကို မလိုက်လျောပါက ဖဆပလကိုယ်စားလှယ်များသည် အစိုးရအဖွဲ့မှ နုတ်ထွက်မည်" စသည့် တောင်းဆိုချက်များပါဝင်သော ကြေညာချက်ကိုထုတ်ပြန်ခဲ့သည်။ ဗြိတိသျှအစိုးရသည် ဖဆပလ၏ တောင်းဆိုချက်ကို မလိုက်လျောလျှင် မဖြစ်သည့် အခြေအနေသို့ ဆိုက်ရောက်သွားသည်။ သို့အတွက် ၁၉၄၆ နိုဝင်ဘာလကုန်တွင် ဗိုလ်ချုပ်ကို ဘိလပ်သို့ လာရောက်ရန် ဗြိတိသျှအစိုးရက ဖိတ်ခေါ်သည်။ ဖဆပလ အလုပ်အမှုဆောင်အဖွဲ့က ဤကဲ့သို့ သာမန်ဖိတ်ခေါ်ခြင်းကို လက်မခံသင့်ကြောင်း ဆုံးဖြတ်သည်။ သခင်နုနှင့် ဦးကျော်ငြိမ်းတို့က ဘုရင်ခံ ဆာဟူးဘတ်ရန့်စ်ထံ သွားရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။ အကျိုးရလဒ်အားဖြင့် "၂၀ ဒီဇင်ဘာ ၁၉၄၆ တွင် ဗမာပြည်၏ နောင်ရေးကို ဗမာနိုင်ငံသူ နိုင်ငံသားများကသာ ဆုံးဖြတ်နိုင်ရမည်။ ယခုအခါ အုပ်ချုပ်ရေးသည် ဘုရင်ခံ၏ အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသော မြန်မာလူမျိုးများ၏ လက်တွင်းမှာ ရောက်နေပါပြီ။ လွတ်လပ်ရေးပန်းတိုင်သို့ ချီတက်သည့်အခါ လျင်လျင်မြန်မြန် ချီတက်ရမည်ဖြစ်သော်လည်း ဗမာနိုင်ငံသူ နိုင်ငံသားများ၏ အကျိုးစီးပွားအလို့ငှာ စည်းကမ်းတကျ ချီတက်နိုင်ကြစေဖို့ အရေးကြီးပါသည်" အစရှိသော ကြေညာချက်ကို နန်းရင်းဝန်အက်တလီက ပါလီမန်တွင် ကြေညာခဲ့ပါသည်။ ထို့နောက် အက်တလီသည် ဒုတိယအတွင်းဝန် ဆာဂီလ်ဘတ်လေဝိတ် (Sir Gilbert Laithwaite) အား မြန်မာပြည်သို့ စေလွှတ်ပြီး ဖဆပလနှင့် အသေးစိတ်ဆွေးနွေးစေသည်။ ဖဆပလ ဖိတ်ခေါ်ချက်ကိုလက်ခံပြီး ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့်အဖွဲ့နှင့် ဖဆပလ အထွေထွေအတွင်းရေးမှူး ဦးကျော်ငြိမ်းပါဝင်သော အထောက်အကူပြုအဖွဲ့ဝင် ၁၀ ဦးတို့သည် (၂-၁-၁၉၄၇) တွင် ဘုရင်ခံ ဆာဟူးဘတ်ရန့်စ်၏ အကူအညီဖြင့် ဗြိတိသျှလေတပ်မှ ဒါကိုတာလေယာဉ်ဖြင့် အင်္ဂလန်သို့ ထွက်ခွာသွားကြသည်။ ဇန်နဝါရီ ၂ ရက်တွင် အိန္ဒိယသို့ ရောက်ရှိပြီး ဇန်နဝါရီ ၅ ရက်နေ့တွင် သတင်းစာဆရာများနှင့် တွေ့ဆုံကာ "ဒိုမီနီယံအုပ်ချုပ်ရေးကို ထည့်ပြောစရာမလို၊ ကျုပ်တို့လုံးဝလွတ်လပ်ရေးကို လိုချင်ကြောင်း၊ ကျွန်ုပ်အနေဖြင့် အကောင်းဆုံးကို မျှော်လင့်ထားကြောင်း၊ သို့သော် အဆိုးဆုံး အခြေအနေအတွက်လည်း ပြင်ဆင်ထားကြောင်း" ပြောကြားခဲ့သည်။ ဇန်နဝါရီ ၉ တွင် လန်ဒန်သို့ ရောက်ကြသည်။ ဇန်နဝါရီ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၂၀၊ ၂၂၊ ၂၄၊ ၂၆ ရက်နေ့များတွင် ဆွေးနွေးပွဲများ ကျင်းပပြီး အကြိတ်အနယ်ဆွေးနွေးခဲ့ကြသည်။ ၂၆ ရက်နေ့ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် အပြီးသတ်ဆွေးနွေးပြီးနောက် ဗြိတိသျှ - မြန်မာ ပူးတွဲကြေညာချက်နှင့်တကွ အောင်ဆန်း-အက်တလီစာချုပ်ပါ အချက်များအားလုံး အပြီးသတ်ဆွေးနွေးရာ ညသန်းခေါင်အချိန်တိုင်ရောက်ခဲ့ရပြီး (၂၇-၁-၁၉၄၇) ရက်နေ့ မွန်းလွဲ ၃နာရီ ၄၅ မိနစ်တွင် သမိုင်းဝင် အောင်ဆန်း -အက်တလီ စာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့လေသည်။

ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် ရဲဘော်ဘတင် ခေါ် ဂိုရှယ်ကလည်း "မိတ်ဆွေ အောင်ဆန်း ဘယ်လဲ" ဟူသော တိုက်ရိုက်ပေးစာ တစ်စောင်ကို ပြည်သူ့အာဏာဂျာနယ်အတွဲ -၂၊ အမှတ်-၃၅ နှင့်အတွဲ-၃၊ အမှတ်-၁ တွင် ရေးသားခဲ့ပြီး "ဗိုလ်ချုပ်အောင်ဆန်း သည် လက်ျာဂိုဏ်းကို ဒူးထောက်လိုက်ခြင်းဖြစ်ကြောင်း" ဝေဖန်သည်။ ထို့ပြင် (၃-၂-၁၉၄၇) ရက်နေ့ထုတ် ကွန်မြူနစ်ပါတီ၏ ကြွေးကြော်သံဖြစ်သော ပြည်သူ့အာဏာ ဂျာနယ်အတွဲ-၃၊ အမှတ်-၂ တွင် ပေါ်လစ်ဗျူရိုအဖွဲ့ဝင် သခင်သန်းမြိုင်က "ဘိလပ်ဆွေးနွေးပွဲတွင် ဘာတွေရလာသနည်း။ ဘာမျှမရ အရှုံးပေးခဲ့ကြပြီ" ဟူသော ခေါင်းစဉ်ဖြင့် ဝေဖန်တိုက် ခိုက်ရေးသားခဲ့သည်။

သို့သော် အောင်ဆန်း - အက်တလီစာချုပ် အပိုဒ်(၁)အရ လွတ်လပ်ရေးအကြို ပြင်ဆင်မှု ရွေးကောက်ပွဲကတိကို ရရှိခဲ့သည်။ တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကို ၁၉၄၇ ဧပြီတွင် ကျင်းပရာ စုစုပေါင်းအမတ် ၂၅၅ နေရာအနက် လူမျိုးစုများအတွက် ၄၅ နေရာချန်လှပ်၍ ၂၁၀ နေရာအတွက် ရွေးချယ်ခဲ့ကြသည်။ ဖဆပလက ၉၅ ဒသမ ၃ ရာခိုင်နှုန်း ရွေးကောက်ခံရသည်။ ရွေးကောက်ပွဲ အနိုင်ရပြီးနောက် ဖဆပလ ပဏာမညီလာခံကို ရန်ကုန်မြို့ ဂျူဗလီဟောရုံကြီး၌ ၁၉၄၇ မေ ၁၉ မှ ၂၃အထိ ကျင်းပခဲ့သည်။ ညီလာခံက နိုင်ငံတော်လွတ်လပ်ရေးရပြီးသည့်အခါ ထွက်ပေါ်လာမည့် ဖွဲ့စည်းအုပ်ချုပ်မှု အခြေခံဥပဒေမူကြမ်း ဆိုင်ရာ အဆိုပြုချက် ၁၄ ချက်ကို အတည်ပြုနိုင်ခဲ့သည်။ အခြေခံဥပဒေရေးဆွဲ အတည်ပြုပြီးလျှင် အာဏာလွှဲပြောင်းရေး စာချုပ်ချုပ်ဆိုနိုင်ရေးအတွက် အလွတ်သဘောကြိုတင်ညှိ နှိုင်းရန် သခင်နုခေါင်းဆောင်သောအဖွဲ့သည် အင်္ဂလန်သို့ (၂၃-၆-၁၉၄၇) တွင် သွားရောက်ခဲ့ကြသည်။ အလွတ်သဘော လေးကြိမ် ဆွေးနွေးခဲ့ကြသည်။ ဤလုပ်ငန်းမှာ လွတ်လပ်ရေးအတွက် အရေးပါသည့် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းတစ်ခု ဖြစ်ပေသည်။

နိုင်ငံကံကြမ္မာက မကောင်းလှ၊ လွတ်လပ်ရေးအတွက် နေ့မနား ညမအား ကြိုးပမ်းနေစဉ် လွှတ်တော်ဒုတိယ ညီလာခံ မခေါ်မီအတွင်းမှာပင် (၁၉-၇-၁၉၄၇)တွင် ဗိုလ်ချုပ် တို့လုပ်ကြံခံခဲ့ရသည်။ နိုင်ငံအတွက် ကြီးမားသော ဆုံးရှုံးမှုကြီးနှင့် ကြုံတွေ့ခဲ့ရသည်။ သို့သော် လွတ်လပ်ရေးကို ကြေညာနိုင်ရန်အတွက် အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းများကို သခင်နု ခေါင်းဆောင်သော ဖဆပလအစိုးရအဖွဲ့က ဆက်လက်သယ်ပိုးဆောင်ရွက်ခဲ့ကြသည်။ တိုင်းပြုပြည်ပြုလွှတ်တော် ဒုတိယ ညီလာခံကို ၁၉၄၇ ဇူလိုင် ၂၉မှ ဩဂုတ် ၁၆ရက်နေ့အထိ ကျင်းပကြသည်။ ထို့နောက် အောင်ဆန်း-အက်တလီ စာချုပ်နှင့်ဆက်စပ်နေသော လက်ျာ-ဇရီးမင်း စာချုပ်ကို (၂၉-၈-၁၉၄၇)တွင် ချုပ်ဆိုခဲ့သည်။ တိုင်းပြုပြည်ပြုလွှတ်တော် တတိယညီလာခံကို (၁၉၄၇ စက်တင်ဘာလ ၁၅မှ ၂၄ရက်ထိ) ကျင်းပပြီး အခြေခံဥပဒေမူကြမ်းကို အတည်ပြုသည်။ ဆက်လက်၍ လွှတ်တော်ဥက္ကဋ္ဌ ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်အား ယာယီသမ္မတအဖြစ်လည်းကောင်း၊ သခင်နုအား ယာယီအစိုးရဝန်ကြီးချုပ်အဖြစ်နှင့် စာချုပ်လက်မှတ်ရေးထိုးရန် အာဏာပိုင်ပုဂ္ဂိုလ်အဖြစ်လည်းကောင်း တာဝန်ပေးရန်ဆုံးဖြတ်ကြပြီး လွတ်လပ်ရေးအခမ်းအနား ကျင်းပရေးအတွက် အဖွဲ့ဝင် ၇ ဦးပါသော "နိုင်ငံတော်အခမ်းအနားကော်မတီ"ကို ဖွဲ့စည်းခဲ့သည်။ ထိုသို့ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးသောအခါ အာဏာလွှဲပြောင်းရေးအတွက် အရေးပါသော လွတ်လပ်ရေးအတွက် ဗြိတိသျှနှင့် နောက်ဆုံးချုပ်ဆိုသည့် နု-အက်တလီစာချုပ်ကို (၁၇-၁၀-၁၉၄၇)တွင် ချုပ်ဆိုနိုင်ခဲ့လေသည်။ စာချုပ်ချုပ်ဆိုပြီးနောက် မြန်မာ့လွတ်လပ်ရေးဥပဒေကြမ်း (Burma Independent Bill) ကို ဗြိတိသျှအစိုးရက အောက်လွှတ်တော်သို့ တင်ပြပြီး အများစုက ထောက်ခံသဖြင့် (၁၀-၁၂-၁၉၄၇)တွင် ဗြိတိသျှပါလီမန်က အတည်ပြုလိုက်လေသည်။ ထိုအခါ လွတ်လပ်ရေးကြေညာသည့် အခမ်းအနားကျင်းပရန် အဆင့်သို့ ရောက်လာတော့၏။

**လွတ်လပ်ရေးကြေညာသည့် အခမ်းအနား**

(၄-၁-၁၉၄၈)ရက်နေ့ လွတ်လပ်ရေးကြေညာသည့် အခမ်းအနားသို့ ယာယီသမ္မတ စဝ်ရွှေသိုက်၊ ယာယီဝန်ကြီးချုပ် သခင်နုနှင့် ဝန်ကြီးများ၊ ယာယီလွှတ်တော် ဥက္ကဋ္ဌ ပျော်ဘွယ် ဦးမြ၊ နိုင်ငံခြား အထူးသံတမန်များ၊ ဖဆပလ အမှုဆောင်လူကြီးများ၊ ဌာနဆိုင်ရာများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ၎င်းနေ့ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ရန်ကုန်ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော ဘာမင်ဟမ် (HMS Birmingham) စစ်သင်္ဘောမှ အခါပေးအမြောက်များ ပစ်ဖောက်လိုက်သည်နှင့် တစ်ပြိုင်နက် လွှတ်တော်အဆောက်အအုံရှိ အလံတိုင်မှ ယူနီယံဂျက်အလံကို အောက်သို့ချပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံကို လွှင့်တင်သည်။ အလံတင်အခမ်းအနားပြီးသည့်အခါ သမ္မတရာထူး လက်ခံခြင်း၊ အခြေခံဥပဒေအတည်ဖြစ်ကြောင်း ကြေညာခြင်း၊ လွတ်လပ်ရေးအတွက် အသက်စွန့်သွားသူများအား သတိရသောအားဖြင့် နှစ်မိနစ် ငြိမ်သက်စွာနေခြင်း၊ "အောင်စေသတည်း" အစချီ လွတ်လပ်ရေးကြေညာစာတမ်းကို ဖတ်ကြားပြီး နိုင်ငံတော်သီချင်းကို ဩ့ပရိသတ်များက သီဆိုခြင်း၊ ဝန်ကြီးချုပ်ရာထူးလက်ခံခြင်း၊ ဝန်ကြီးချုပ်က လွတ်လပ်ရေးနေ့ မိန့်ခွန်းပြောကြားခြင်း၊ ဝန်ကြီးများ ကျမ်းသစ္စာကျိန်ဆိုခြင်းများကို အစဉ်လိုက် ကျင်းပပြီးနောက် အခမ်းအနားကို ရုပ်သိမ်းလိုက်ပါသည်။

**ပြည်ထောင်စုအမွေ အမြဲတည်တံ့စေဖို့**

စာရေးသူအနေဖြင့် ဤကဲ့သို့ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းစဉ်အချို့လေ့လာမိသမျှ အသေးစိတ်တင်ပြနေခြင်းမှာ နှောင်းလူငယ်တို့ မသိရှိသေးသည်များရှိပါက လွတ်လပ်ရေး ကြိုးပမ်းမှုတန်ဖိုး၊ လွတ်လပ်ရေးအတွက် အသက်ပေးသွားသူများ၏ တန်ဖိုးတို့ကို သိရှိနားလည်ပြီး လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်လိုသော စိတ်ဓာတ်များ ကိန်းအောင်စေလိုခြင်း ဖြစ်ပါသည်။ လွတ်လပ်ရေးဆိုသည်မှာ နှစ်ရှည်လများ တိုက်ပွဲဝင်ရယူမှသာ ရရှိတတ်သော်လည်း ရရှိပြီး လွတ်လပ်ရေးသည် စည်းလုံးညီညွတ်မှု ပျက်ပြားခြင်း၊ မျိုးချစ်စိတ်အားနည်းခြင်းတို့ကြောင့် တစ်ခဏချင်းမှာပင် ဆုံးရှုံးတတ်ကြောင်းကိုလည်း သမိုင်းသင်ခန်းစာများ ရစေလိုပါသည်။

အနှစ်ချုပ်အားဖြင့် ဆိုရပါလျှင် ယနေ့ ကမ္ဘာ့မြေပုံတွင် တစ်မူထူးခြားလှပ ကြော့ရှင်းနေသည့် မြန်မာနိုင်ငံဟူသည်မှာ တိုင်းရင်းသား ဘိုးဘွားတို့က အသက်သွေးချွေးစတေးပြီး နှစ်ပေါင်းများစွာ ကြိုးပမ်းရယူသွားခဲ့ရသည့် ပြည်ထောင်စုအမွေဖြစ်သည်။ ပြည်ထောင်စုအမွေ အမြဲတည်တံ့နေစေဖို့ရန်မှာ ကျွန်ုပ်တို့၏ တာဝန်သာဖြစ်ပေသည်။ ဆက်လက်၍လည်း ပြည်ထောင်စုအမွေကို တစ်ဖျာတစ်ကွက်၊ တစ်လက်မမျှ ပွန်းပဲ့မခံဘဲ နှောင်းလူတို့အား လက်ဆင့်ကမ်းနိုင်အောင် ကြိုးပမ်းကြရမည်မှာလည်း ကျွန်ုပ်တို့အားလုံးအတွက် သမိုင်းပေးတာဝန် မဟုတ်ပါလားခင်ဗျား။ ။

# အရည်အသွေးရှိသော နိုင်ငံ့သားကောင်းများမွေးထုတ်ရာတွင် တက္ကသိုလ်ဝင်စာမေးပွဲ အရည်အသွေးရှိစွာ အောင်မြင်နိုင်ရေးအရေးကြီး

**နေပြည်တော် ဒီဇင်ဘာ ၂၃**

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ် ရေးမှူးများ၊ လက်ထောက်ကြီးကြပ် ရေးမှူးများနှင့် စာဖြေသူများ လိုက်နာ ရန် စည်းကမ်းချက်များဆိုင်ရာ ဆွေးနွေး ပွဲ သင်တန်းဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် မန္တလေးမြို့ အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး တက်ရောက်ဆွေးနွေး အမှာစကားပြောကြားသည်။

**မျှတစွာတာဝန်ပေးအပ်**

ပြည်ထောင်စုဝန်ကြီးက တိုင်း ဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ကြီးကြပ်ရေးမှူးများ၊ လက်ထောက် ကြီးကြပ်ရေးမှူးများနှင့် အထောက် အကူပြု ဆောင်ရွက်မည့်သူများအား ဘက်မလိုက်ဘဲ မျှတစွာတာဝန်ပေးအပ် ရန်လိုပါကြောင်း၊ စာမေးပွဲစည်းမျဉ်း စည်းကမ်းနှင့်အညီ မေးခွန်းလုံခြုံမှု ရှိရေး၊ စနစ်တကျလွှဲပြောင်း၊ လက်ခံ မှတ်တမ်းဖြင့် သက်ဆိုင်ရာသို့လက်ဆင့် ကမ်း အပ်နှံဆောင်ရွက်ကြရန်နှင့် ကုတ်လုပ်ငန်း ဆောင်ရွက်ရန်အတွက် လုံလောက်သော ဆရာ ဆရာမ အရေ အတွက်ဖြင့် တာဝန်ပေးအပ်ရန် လိုပါ ကြောင်း၊ စာမေးပွဲဖြေဆိုမည့် ကျောင်း သား ကျောင်းသူများနှင့် စာမေးပွဲခန်း ကြီးကြပ်မည့် ဆရာ ဆရာမများ အဆင် ပြေချောမွေ့စေရေးအတွက် လုပ်ငန်း အစမှအဆုံးအထိ အကောင်းဆုံးပံ့ပိုး ဖြည့်ဆည်း ဆောင်ရွက်ပေးသွားရမည် ဖြစ်ပါကြောင်း။

လုပ်ငန်းခွင်တွင် ကြုံတွေ့ရသည့် အခက်အခဲများကို မိသားစုစိတ်ဓာတ် ဖြင့် တစ်ဦးနှင့်တစ်ဦး ကူညီဖြေရှင်း ပေးကြရန်နှင့် ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပံ့ပိုးဆောင်ရွက်ပေးရန် လိုပါကြောင်း၊ အရည်အသွေးရှိသော နိုင်ငံ့သားကောင်း များမွေးထုတ်ရာတွင် တက္ကသိုလ်ဝင် စာမေးပွဲ အရည်အသွေးရှိစွာ အောင်မြင် နိုင်ရေး အရေးကြီးပါကြောင်း၊ ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအား မတ်လ ၌ ကျင်းပသွားမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းပုံစံ အသစ်တွင် ဘာသာရပ်အားလုံး၌ လွယ် သင့် ခက် မျှတစွာဖြင့် စဉ်းစားတွေးခေါ် မှုကို အားပေးသည့် မေးခွန်းများ ပိုမို ပါဝင် လာမည်ဟု သိရှိရပါကြောင်း။

**ပူးပေါင်းဆောင်ရွက်ကြရမည်**

စာမေးပွဲမေးခွန်း၊ အဖြေလွှာ၊ စာစစ်လုပ်ငန်း၊ အောင်စာရင်းလုပ်ငန်း များ လုံခြုံမှုရှိစေရေး၊ သတ်မှတ်စည်းမျဉ်း စည်းကမ်းများနှင့်အညီ တာဝန်ကျေပွန် စွာ ထမ်းဆောင်နိုင်ရေးတို့အတွက် ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြ ရမည်ဖြစ်ပါကြောင်း၊ စာစစ်လုပ်ငန်း ဆောင်ရွက်ရာတွင် ကိုယ်ဝန်ဆောင် ဆရာမများ၊ အသက်အရွယ်ကြီးသော ဆရာ ဆရာမများ၊ ကျန်းမာရေးမကောင်း သော ဆရာ ဆရာမများနှင့် ဘာသာရပ် နှင့်မကိုက်ညီသော အထက်တန်းပြ ဆရာ ဆရာမများအား စာစစ်တာဝန် ပေးခြင်းမပြုရန်နှင့် ဘာသာရပ်နှင့် ကိုက်ညီသော အထက်တန်းပြ လုပ်သက် နှစ်နှစ်အထက်ရှိသည့် ဆရာ ဆရာမ များကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ မတိုင်မီ တာဝန်ပေးရန်နှင့် ပျက်ကွက်မှု မရှိအောင် အလေးထား ပူးပေါင်း ဆောင်ရွက်ကြရန် လိုပါကြောင်း၊ ယခု ဆွေးနွေးပွဲသင်တန်းတွင် လုပ်ငန်း အတွေ့အကြုံများဖလှယ်၍ အားနည်း ချက်များပြုပြင်၍ အားကောင်းလာ အောင်၊ အားသာချက်များကိုလည်း ပိုမိုအားကောင်းလာအောင် ပူးပေါင်း ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဆရာ၊ ဆရာမများက သိရှိလိုသည်များ ကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးမျိုးညွန့်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေး ဖြေကြားသည်။

ဆက်လက်၍ သက်ဆိုင်ရာတာဝန် ရှိသူများက ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲကြီးကြပ်ရေးမှူးများ၊ တွဲဖက် ကြီးကြပ်ရေးမှူးများ၊ လက်ထောက် ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများ လိုက်နာရန် စည်းကမ်းချက်များနှင့် ပတ်သက်၍ ဆွေးနွေးပို့ချကြသည်။ အဆိုပါဆွေးနွေးပွဲသင်တန်းသို့ မန္တလေး (ရမည်းသင်း၊ မိတ္ထီလာမပါ)၊ စစ်ကိုင်း၊ ချင်း(ပလက်ဝမပါ)၊ ကချင်၊ ရှမ်း (မြောက်) များမှ ဆရာ ဆရာမ စုစုပေါင်း ၈၆၁ ဦး တက်ရောက်ကြသည်။

ထိုမှတစ်ဆင့် မန္တလေးမြို့ အမှတ် (၁၆) အခြေခံပညာ အထက်တန်း ကျောင်းသို့ သွားရောက်၍ စာသင် ဆောင်၊ စာသင်ခန်း၊ ဓာတ်ခွဲခန်း၊ လက်တွေ့ခန်းများနှင့် သဘာဝပတ်ဝန်း ကျင် ထိန်းသိမ်းရေး ပညာပေးပြခန်း များကို လိုက်လံကြည့်ရှု စစ်ဆေး၍ သင်ကြားသင်ယူမှု အခြေအနေများ၊ ပညာရေးစီမံခန့်ခွဲမှုများ ပိုမိုတိုးတက် ကောင်းမွန်ရေး ဆွေးနွေးမှာကြားသည်။

**ပြုစုပျိုးထောင်ပေး**

ယင်းနောက် တာဝန်ခံ ဒုတိယ ကျောင်းအုပ်နှင့် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံ၍ အလွတ်ကျက်မှတ်မှုစနစ်မှ စဉ်းစားတွေးခေါ်မှုကို အားပေးသော ပညာရေးစနစ်ကို အကောင်းအထည် ဖော် ဆောင်ရွက်ရေး၊ ဆရာ ဆရာမ များအနေဖြင့် ကျောင်းသား ကျောင်း သူများအား နိုင်ငံ့သားကောင်းရတနာ များဖြစ်အောင် ပြုစုပျိုးထောင်ပေး နိုင်ရေး၊ အရည်အသွေးရှိသော ဆရာ ဆရာမကောင်းများ ဖြစ်ရန်အတွက် သင်ယူပြီးရင်း သင်ယူနေကြရန်နှင့် စာများများဖတ်၍ သင်ယူမှုဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် တက်ရောက်လာသူ များက သိရှိလိုသည်များကို မေးမြန်း ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားကြောင်း သိရသည်။

**သတင်းစဉ်**



# ဒဂုံရောအဝေးပြေးယာဉ်ရပ်နားစခန်း ဆေးခန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ဒဂုံရော အဝေးပြေး ယာဉ်ရပ်နားစခန်း ဆေးခန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ဒဂုံရောအဝေးပြေး ယာဉ်ရပ်နားစခန်းတွင် ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ရှေးဦးစွာ ကျန်းမာရေးနှင့် အား ကစားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရန်ကုန် မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မေဝင်းမြင့်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအေးဗိုလ်၊ တိုင်း ဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်မင်းသူ၊ ကျန်းမာရေးနှင့် အား ကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် (၁)ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းထွန်းအောင်တို့က ဆေးခန်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ဒဂုံရောအဝေးပြေး ယာဉ်ရပ်နားစခန်း သည် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့သို့ နေ့စဉ် အဝေးပြေးယာဉ်စီးရေ ၂၂၀ ကျော် အပြန်အလှန် သွားလာနေကာ နေ့စဉ် ခရီးသည် ၃၀၀၀၀ ခန့် ဝင် ထွက် သွားလာလျက်ရှိသဖြင့် ကူးစက်မြန် ရောဂါကဲ့သို့ ရောဂါများဖြစ်ပွားလျက် ရှိသည့် ခရီးသည်တစ်ဦးမှတစ်ဆင့် အခြားနေရာဒေသသို့ ရောဂါပျံ့နှံ့ ဖြစ်ပွားနိုင်ပါကြောင်း၊ ခရီးသွားလာသူ တစ်ဦး နာမကျန်းဖြစ်ပါက ကိုယ်တိုင် အဆင်မပြေဖြစ်နိုင်သကဲ့သို့ မိသားစုဝင် များနှင့် အခြားသူများအတွက်လည်း ဝန်ထုပ်ဝန်ပိုးဖြစ်စေနိုင်ပါကြောင်း၊

**ကျန်းမာရေးအသိပညာပေးခြင်းများ ဆောင်ရွက်မည်**

ယခုကဲ့သို့ ဆေးခန်းဖွင့်လှစ်နိုင် ခြင်းဖြင့် ရောဂါဖြစ်ပွားမှုကို စောစီးစွာ သိရှိနိုင်ခြင်း၊ ကုသမှုပေးနိုင်ခြင်းဖြင့် အထူးသဖြင့် ခရီးသွားလာသူတစ်ဦး ကျန်းမာရေး အရေးပေါ်အခြေအနေ ဖြစ်ပေါ်ပါက အချိန်မီ ရှေးဦးအသက် ကယ်ပြုစု၍ ဆေးခန်းရှိ အရေးပေါ် လူနာတင်ယာဉ်ဖြင့် ဆေးရုံကြီးများသို့ အသက် ကယ်တင် လွှဲပြောင်းကုသမှု ပေးနိုင်မည်ဖြစ်ကာ ကျန်းမာရေး အသိ ပညာပေးခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

ထို့အပြင် ယာဉ်ရပ်နားစခန်း အတွင်း နေထိုင်ကြသူများနှင့် အနီး ပတ်ဝန်းကျင်နေရာများမှ ဒေသခံပြည်သူ များအနေဖြင့်လည်း နာမကျန်းဖြစ် ပါက အခမဲ့လာရောက်ပြသနိုင်မည်ဖြစ် ကြောင်း၊ မျက်စိအထူးကုနှင့် နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းအထူးကုဆရာဝန်ကြီးများက လည်း ဆေးခန်းတွင် တစ်လလျှင် တစ်ကြိမ်ခန့် လာရောက်ကုသပေးမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများ က ဆေးခန်းအတွက် လှူဒါန်းခဲ့ကြ သည့် အလှူရှင်များအား ဂုဏ်ပြု လက်မှတ်များပေးအပ်ပြီး ဆေးခန်းနှင့် ဆေးခန်းရှိ လူနာတင်ယာဉ် အသစ်တို့ကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် လှိုင်သာယာပြည်သူ့ ဆေးရုံသို့သွားရောက်၍ ဆေးရုံရှိ စားသောက်ဆိုင်တန်းများ၊ ရင်ခွဲရုံ၊ လူနာ ဆောင်များနှင့် အရေးပေါ်နှင့် ပြင်ပလူနာ ဌာနတို့ကို လှည့်လည်ကြည့်ရှုသည်။

**လိုအပ်သည်များညှိနှိုင်းဆောင်ရွက်**

ထို့နောက် ဆောက်လုပ်လျက်ရှိ သော လှိုင်သာယာပြည်သူ့ဆေးရုံ တိုးချဲ့ လေးထပ်ဆောင်သို့ သွားရောက် ကြည့်ရှုပြီး ဆေးရုံအုပ်ကြီး ဒေါက်တာ ဆန်းလွင်ဦးနှင့် တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက် အဦ အထူးအဖွဲ့(၁)မှ ဒုတိယညွှန်ကြား ရေးမှူး ဒေါ်ခင်သင့်ရာမွှေးနှင့် အဖွဲ့တို့ နှင့် တွေ့ဆုံ၍ တိုးချဲ့လေးထပ်ဆောင် သစ်ကြီး အမြန်ဆုံးဖွင့်လှစ်နိုင်ရန်အတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စ ရပ်များ၊ ဆေးရုံ၏ ဝန်ထမ်းရေးရာကိစ္စ ရပ်များ၊ ဆေးရုံဘက်စုံပိုမိုဖွံ့ဖြိုးတိုးတက် ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီး နှင့်အဖွဲ့သည် ဝန်ထမ်းများ နေထိုင် ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီး ဌာနထံမှ ဝယ်ယူရန် သဘောတူညီမှု ရရှိပြီးသော ဆောက်လုပ်ပြီး အသင့် နေထိုင်နိုင်ပြီဖြစ်သည့် လှိုင်သာယာ မြို့နယ် ကျန်စစ်မင်းအိမ်ရာရှိ ခြောက် ခန်းတွဲ ငါးထပ်အဆောက်အအုံနှင့် ထီးလှိုင်ရှင် အိမ်ရာရှိ နှစ်ခန်းတွဲ လေးထပ် အဆောက်အအုံများသို့ သွားရောက် လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**သတင်းစဉ်**



## အရာတော်မြို့နယ်တွင် မူခင်းအသိပညာပေး ဟောပြော

**နေပြည်တော် ဒီဇင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော် မြို့နယ် ဝက်ခဲကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ၌ ယမန်နေ့က မူခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။ ဟောပြောပွဲ၌ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အောင်နိုင် ဦးစီးသည့် တပ်ဖွဲ့ဝင်များက မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး၊ လူကုန် ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက် နာဆောင်ရွက်ရေးတို့ကို အသိပညာပေး ဟောပြောခဲ့ကြသည်။ အဆိုပါဟောပြော ပွဲသို့ ကျောင်းအုပ်ဆရာကြီး ဦးစိန်မင်း၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ခဲ့ပြီး တက်ရောက် လာသူများအား မူခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ ကြောင်း သိရသည်။ **ရဲပြန်ကြား**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# ငွေစက္ကူအတု လက်ဝယ်ရောက်ရှိရင် ပြည်သူတွေအနေနဲ့ အတုဖြစ်အောင်ဆောင်ရွက်တဲ့ အရင်းအမြစ်တွေကို ဖော်ထုတ်နိုင်ဖို့ တရားဥပဒေစိုးမိုးရေးအဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

ဦးဝင်းမြင့်(ဒုတိယညွှန်ကြားရေးမှူးချုပ်)

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေကြေးစီမံခန့်ခွဲမှုဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်တို့နှင့် တွေ့ဆုံမေးမြန်းခြင်း

ပြည်သူများအနေဖြင့် ငွေစက္ကူအတုများ ထွက်ပေါ်ခဲ့သည့် အခြေအနေကြောင့် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်ခဲ့သည်။ ငွေစက္ကူအတုများသည် ပြည်သူများအတွက် နစ်နာမှုဖြစ်ပေါ်စေနိုင်သည့်အပြင် နိုင်ငံတော်အပေါ် ယုံကြည်မှုလျော့ကျမှုကိုလည်း ဖြစ်ပေါ်စေနိုင်ပါသည်။

ထို့ကြောင့် ပြည်သူများအနေဖြင့် ငွေစက္ကူနှင့် ပတ်သက်၍သိရှိစေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေကြေးစီမံခန့်ခွဲမှုဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်တို့နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး ။ ။ ငွေစက္ကူအတုနဲ့ ပတ်သက်ပြီး ပြည်သူတွေအနေနဲ့ စိုးရိမ်ပူပန်မှုတွေ ရှိနေပါတယ်။ ဒီလို စိုးရိမ်ပူပန်မှုတွေ ပြေပျောက်စေဖို့ ရှင်းလင်းပြောကြားပေးစေလိုပါတယ်။ ပြီးတော့ ငွေစက္ကူနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေမှာ ဘယ်လိုပြဋ္ဌာန်းထားတယ်ဆိုတာ သိပါရစေ။**

**ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌဦးစိုးမင်း။ ။** မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေပုဒ်မ ၁၀၁ မှာတော့ ဘယ်သူမှ ဗဟိုဘဏ်ကထုတ်ပေးတဲ့ ငွေစက္ကူနဲ့ ဒင်္ဂါးတွေကို အတုဖန်တီးသုံးစွဲခြင်းမပြုရလို့ သတ်မှတ်ထားတာရှိပါတယ်။ အဲဒီသတ်မှတ်ချက်ကို ဖောက်ဖျက်ကျူးလွန်တယ်ဆိုရင် ဖောက်ဖျက်ကျူးလွန်သူကို ငွေဒဏ်ဖြစ်စေ၊ သုံးနှစ်ထက်မပိုတဲ့ ထောင်ဒဏ်ဖြစ်စေ၊ နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမှာဖြစ်ပါတယ်။ ပုဒ်မ ၁၀၂ မှာတော့ ဘယ်သူမှ ငွေစက္ကူနဲ့ ဒင်္ဂါးအတုတွေကို ပြည်ပကနေ တင်သွင်းခြင်း၊ တင်ပို့ခြင်း မပြုရဘူးလို့ တားမြစ်ထားပါတယ်။ အဲဒီတားမြစ်ချက်ကို ဖောက်ဖျက်တယ်ဆိုရင် အနည်းဆုံး ထောင်ဒဏ် ဆယ်နှစ်ကနေ အများဆုံးထောင်ဒဏ်နှစ် ၂၀ အထိ ချမှတ်ရပါမယ်။ အဲဒီပြစ်မှုနဲ့ သက်ဆိုင်တဲ့ သက်သေခံပစ္စည်းတွေကိုလည်း သိမ်းဆည်းရမယ်လို့ ဗဟိုဘဏ်ဥပဒေမှာ အတိအကျ ပြဋ္ဌာန်းထားပါတယ်။

**မေး။ ။ ငွေစက္ကူအတုကိုလက်ဝယ်တွေ့ရင် ပြစ်မှုမြောက်တယ်ဆိုတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး တော့လည်း သိပါရစေ။**

**ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ။ ။** တကယ်တမ်းကျတော့ ငွေစက္ကူအတုလက်ဝယ်တွေ့ရှိခြင်းဆိုတဲ့ အချက်တစ်ခု၊ ကိစ္စတစ်ခုတည်းနဲ့တော့ ပြစ်မှုမြောက်တယ်လို့ ဆုံးဖြတ်လို့မရပါဘူး။ ဒါပေမယ့် လက်ဝယ်လက်တွေ့ရှိမှုဟာ သဘောရိုးနဲ့လား၊ ဒါမှမဟုတ် မရိုးမဖြောင့်တဲ့ သဘောနဲ့လား၊ အတုလုပ်လို့ လက်ဝယ်တွေ့ရှိတာလား၊ အတုမှန်းသိလျက်နဲ့ သုံးစွဲတာလားဆိုတာတွေအပေါ်မှာ မူတည်ပြီး ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ အတုတွေ့ရှိတဲ့ အခြေအနေနဲ့ ရည်ရွယ်ချက်ကို သေချာသုံးသပ်ဖို့ လိုပါတယ်။ ဒီအခြေအနေနဲ့ ရည်ရွယ်ချက်ကို သုံးသပ်စစ်ဆေးတယ်ဆိုတာကလည်း တရားဥပဒေစိုးမိုးရေးအဖွဲ့တွေကနေ စုံစမ်းပြီး စစ်ဆေးရမှာ ဖြစ်ပါတယ်။

**မေး ။ ။ ဘယ်လိုငွေစက္ကူ အမျိုးအစားတွေကို အတုအဖြစ် အများဆုံးတွေ့ရပါသလဲ။**

**ဒုတိယညွှန်ကြားရေးမှူးချုပ် ။ ။ ဦးဝင်းမြင့်** ကမ္ဘာမှာဆိုရင် များသောအားဖြင့် တန်ဖိုးအကြီးဆုံးငွေစက္ကူတွေကို အတုလုပ်ကြတာများပါတယ်။ မြန်မာနိုင်ငံမှာ ဆိုရင်လည်း တန်ဖိုးအမြင့်ဆုံးဖြစ်တဲ့ တစ်သောင်းကျပ်တန်၊ ငါးထောင်ကျပ်တန်တွေ ဖြစ်ပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံမှာရှိတဲ့ တစ်သောင်းကျပ်နဲ့ ငါးထောင်ကျပ်တန်က ပုံစံနှစ်မျိုးနဲ့ ထုတ်ထားတာဖြစ်ပါတယ်။ ပုံစံအဟောင်းကို အတုလုပ်ကြတာဖြစ်ပါတယ်။ ပုံစံအသစ်မှာကျတော့ လုံခြုံရေးမြှင့်ထားတဲ့အတွက် အတုလုပ်ကိုင်နိုင်ခြင်း မရှိသေးပါဘူး။

**မေး ။ ။ တွေ့ရှိခဲ့ရတဲ့ ငွေစက္ကူအတုတွေနဲ့ ပတ်သက်ပြီး ဘယ်လိုမြင်ပါသလဲ။**

**ဒုတိယညွှန်ကြားရေးမှူးချုပ် ။ ။** အရင်တုန်းက အတုတွေကို ကာလာပရင်တာ၊ ကာလာကော်ပီယာတွေနဲ့ လုပ်တာများပါတယ်။ အခုတွေ့တာတွေကတော့ တစ်ဦးချင်းစီကနေစုပြီး ပြည်ပကနေဝင်လာတာတွေလည်း တွေ့ပါတယ်။ ဘယ်လိုတုပထားတယ်ဆိုတာကိုတော့ မထုတ်ပြန်သေးပါဘူး။ ပြည်ပအဖွဲ့အစည်းတွေကလည်း ဆက်စပ်ကွင်းဆက်တွေကို စစ်ဆေးနေတာဖြစ်ပါတယ်။ အရင်းအမြစ်တွေကို ဖော်ထုတ်ပြီးတော့မှ အရေးယူနိုင်မယ်လို့ မျှော်လင့်ပါတယ်။ အရင်းအမြစ်တွေကို ဖော်ထုတ်မှလည်း ပြည်သူတွေ စိုးရိမ်မှုတွေ လျော့ပါးသွားမယ်လို့ ထင်ပါတယ်။

**မေး။ ။ ငွေစက္ကူအတုအစစ် ခွဲခြားတဲ့နည်းကို ပြည်သူတွေအနေနဲ့ သိရှိဖို့လိုအပ်နေပါပြီ။ ဒါကြောင့် ဗဟိုဘဏ်အနေနဲ့ အစစ်နဲ့အတု ကွာခြားချက်တွေကို ဆွေးနွေးပေးစေလိုပါတယ်။**

**ဒုတိယညွှန်ကြားရေးမှူးချုပ်။ ။** အစစ်နဲ့ အတု အလွယ်တကူ ခွဲခြားနိုင်တဲ့အချက်တွေ ရှိပါတယ်။ ငါးထောင်ကျပ်တန်ပုံစံအဟောင်းနဲ့ ပုံစံအသစ်ရှိရာမှာ ပုံစံအဟောင်းမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဆိုတဲ့ စာသားနဲ့ ငွေတန်ဖိုးရှိတဲ့စာလုံးနဲ့ ဖိဆွဲစမ်းသပ်မယ်ဆိုရင် ကြမ်းရှရှဖြစ်နေတာကို ခံစားရမှာဖြစ်ပါတယ်။ ငွေစက္ကူကို ထောင်ကြည့်မယ်ဆိုရင် ဆင်ဖြူတော်ရုပ် ရေစာနဲ့ ငွေကျပ်ငါးထောင်ဆိုတာကို တွေ့ရမှာဖြစ်ပါတယ်။ ပြီးရင် ငွေစက္ကူရဲ့ ဘယ်ဘက်ကိုတိမ်းစောင်းကြည့်မယ်ဆိုရင် မြန်မာဂဏန်းငါးထောင်ဆိုတာကို တွေ့ရမှာဖြစ်ပါတယ်။ ပြီးတော့ ငွေရောင်လုံခြုံရေးကြိုးကို ဖုံးလိုက်၊ ဖော်လိုက်လုပ်ထားတာဖြစ်ပါတယ်။ ဒါတွေက သိသာတဲ့ အချက်တွေဖြစ်ပါတယ်။

ကျွန်တော်တို့က ငါးထောင်ကျပ်တန် ပုံစံ



ဦးစိုးမင်း
(မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ)

အသစ်ကိုလည်း ထုတ်ထားပါတယ်။ အဲဒီမှာတော့ အဟောင်းမှာရှိတဲ့ လုံခြုံရေးတွေ ရှိပါတယ်။ အသစ်မှာက ထူးခြားချက်က ငွေရောင်ကြိုးအစား ရောင်ပြန်နေတဲ့ကြိုးကို ထည့်ထားပါတယ်။ ပြီးတော့ငွေစက္ကူကိုVarnish နဲ့ ကာဗာလုပ်ထားတာဖြစ်ပါတယ်။ ဒါကလည်း ထူးခြားတဲ့အချက် ဖြစ်ပါတယ်။

တစ်သောင်းတန်မှာလည်း ပုံစံအဟောင်းနဲ့ အသစ် ရှိပါတယ်။ လက်ရှိတွေ့နေကြတဲ့ အတုဆိုတာက ပုံစံအဟောင်းဖြစ်ပါတယ်။ ပုံစံအဟောင်းမှာလည်းပဲ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဆိုတဲ့ စာသားနဲ့ ငွေတန်ဖိုးတွေကို စမ်းသပ်ကြည့်မယ်ဆိုရင် ကြမ်းရှရှဖြစ်နေတာကို ခံစားသိရှိနိုင်ပါတယ်။ ပြီးရင် ငွေစက္ကူကို ထောင်ကြည့်ရင် ဘယ်ဘက်အလယ်မှာ CBM ဆိုတဲ့ စာလုံးကို တွေ့ရမှာပါ။ ဒီနေရာမှာလည်း လုံခြုံရေးကြိုးကို ဖော်တစ်ဝက်၊ ဖုံးတစ်ဝက် ထည့်ထားပါတယ်။ အဲဒီကြိုးကို စောင်းကြည့်မယ်ဆိုရင် နီညိုရောင်ရယ်၊ အစိမ်းရောင်ရယ်ကို တွေ့နိုင်ပါတယ်။ ငွေစက္ကူပုံစံအသစ်မှာ ဒီအချက်တွေ အကုန်လုံးပါပါတယ်။ ပိုပြီးလုံခြုံရေးမြှင့်ထားတဲ့အချက်က ယာဘက်မှာရှိတဲ့ ငွေတစ်သောင်း စာသားကရောင်ပြန်ရိုက်နှိပ်ထားတာဖြစ်ပါတယ်။ ဒါကို တိမ်းစောင်းကြည့်ရင် အစိမ်းရောင် ရှိပါတယ်။ ပြီးရင် စက္ကူကို Varnish နဲ့ အုပ်ထားတာ ဖြစ်ပါတယ်။ ငွေစက္ကူအသစ်နဲ့ အဟောင်းရဲ့ အချက်အလက်တွေပါ။

**မေး ။ ။ ငွေစက္ကူတွေကို အပေါက်ဖောက်ပြီး ပြန်ပေးတယ်ဆိုပြီး ပြောဆိုနေကြတာလည်း ရှိပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ ဗဟိုဘဏ်အနေနဲ့ ဘာများ အသိပေးပြောကြား လိုပါသလဲ။**

**ဒုတိယညွှန်ကြားရေးမှူးချုပ်။ ။** ကျွန်တော်တို့



ဦးဝင်းမြင့်
(ဒုတိယညွှန်ကြားရေးမှူးချုပ်)

ဆီမှာက ရုံးတွေဘာတွေ သွားရမှာကြောက်ကြတဲ့ အလေ့အထရှိပါတယ်။ အမှုပတ်မှာလည်း စိုးရိမ်ကြပါတယ်။ ဘဏ်တွေကလည်း ကိုယ့်ရဲ့Customer တွေ ငြိုငြင်မှာ၊ လျော့သွားမှာ စိုးတာကြောင့် ဘဏ်ကနေ စုတ်ဖြဲတာတို့၊ အပေါက်ဖောက်တာတို့၊ ငွေစက္ကူအတုဆိုပြီး တုံးထုတာတို့ အမြဲလုပ်တဲ့ အခါ ငွေစက္ကူအတုဆိုတာ ပြစ်မှုမြောက်နိုင်တဲ့ ပစ္စည်းဆိုတာမေ့သွားကြတယ်။ ရဲစခန်းကို အပ်နှံမှုမလုပ်ကြဘူး။ ဒီလိုမအပ်နှံတဲ့အတွက် ရဲစခန်းကလည်း ငွေစက္ကူအတုရဲ့အရင်းအမြစ်ကို စုံစမ်းဖော်ထုတ်ဖို့ အခက်အခဲဖြစ်သွားတယ်။ ဒီစက္ကူအတုတွေကို ပြည်သူတွေကြားမှာ လှည့်ပတ်ပြီး ပြည်သူတွေကို ဒုက္ခပေးတဲ့ပုံစံ ဖြစ်လာပါတယ်။

**မေး ။ ။ ငွေစက္ကူအတုတွေ့ရင် ဘဏ်တွေအနေနဲ့ ဘယ်လိုလုပ်ရမယ်ဆိုတာကို ညွှန်ကြားထားပါသလား။**

**ဒုတိယညွှန်ကြားရေးမှူးချုပ် ။ ။** ဘဏ်တွေကို ငွေစက္ကူအတုတွေ့ရင် ဘယ်လိုလုပ်ရမယ်ဆိုတာ ဗဟိုဘဏ်အနေနဲ့ တိတိပပထုတ်ပြန်ထားပြီးသားပါ။ ငွေစက္ကူအတုတွေ့ခဲ့ရင် ငွေစက္ကူအတုလာအပ်တဲ့ Customer ကို အတုဖြစ်တဲ့အကြောင်း၊ အတုဖြစ်တဲ့အတွက် အန္တရာယ်ရှိပြီး ပြစ်မှုမြောက်နိုင်တဲ့ အကြောင်းကို နားလည်အောင် ပြောကြားရပါမယ်။ သက်ဆိုင်ရာ Customer အနေနဲ့လည်း ဒီငွေစက္ကူဟာ ပြစ်မှုမြောက်နိုင်တာကို လက်ခံနားလည်ပြီး ငွေစက္ကူရရှိသူရဲ့အမည်နဲ့ကိုယ်ရေးအချက်အလက်တွေ၊ ဒီငွေစက္ကူကို ဘယ်လိုရရှိလာတယ်ဆိုတဲ့ အကြောင်းအချက်တွေကို သတ်မှတ်တဲ့ပုံစံမှာ ဖြည့်ပေးဖို့ လိုအပ်ပါတယ်။ ဒီငွေစက္ကူအတုအပေါ်မှာ အတုဆိုပြီး တံဆိပ်တုံးရိုက်နှိပ်ပြီး ဘဏ်ကသိမ်းဆည်းရပါမယ်။ သိမ်းပြီးရင် ဒီငွေစက္ကူအတုနဲ့ ပတ်သက်တဲ့ အချက်အလက် မိတ္တူတွေကို Customer ကို ပြန်ပေးရပါမယ်။ ပြီးရင် ဘဏ်တာဝန်ခံက အဲဒီအချက်အလက်တွေကို ရဲစခန်းကို ဆက်လက်ပြီး အပ်နှံရမှာဖြစ်ပါတယ်။ ရဲစခန်းအပ်နှံတာနဲ့အတူ ဗဟိုဘဏ်ကိုလည်း အသိပေးအကြောင်းကြားရမှာဖြစ်ပါတယ်။

**မေး။ ။ ငွေစက္ကူ တစ်သောင်းတန် အတုရရှိခဲ့တဲ့ ပြည်သူတစ်ယောက်ဟာ ဒီငွေစက္ကူက အတုဖြစ်တဲ့အတွက် သူ့အတွက် ငွေကြေးတစ်သောင်း နစ်နာနိုင်ပါတယ်။ အဲဒီအပေါ်မှာ နစ်နာတဲ့သူအတွက် ဘယ်လိုဖြေရှင်းဆောင်ရွက်တယ်ဆိုတာ သိပါရစေ။**

**ဒုတိယညွှန်ကြားရေးမှူးချုပ် ။ ။** နစ်နာတယ်ဆိုတာကို ရှင်းလင်းပြောကြားလိုပါတယ်။ ကျွန်တော်တို့ ဗဟိုဘဏ်အနေနဲ့ ထုတ်ဝေထားတဲ့ ငွေစက္ကူအစစ်အပေါ်မှာပဲ တာဝန်ရှိပါတယ်။ ဗဟိုဘဏ်က ထုတ်ဝေထားခြင်းမရှိတဲ့ ငွေစက္ကူအတုတွေအပေါ်မှာ ဗဟိုဘဏ်အနေနဲ့ တာဝန်ယူလို့မရပါဘူး။ နစ်နာမှုမရှိအောင် ငွေစက္ကူအတုကိုယ့်လက်ထဲ မရောက်လာအောင် စစ်ဆေးဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ငွေစက္ကူအတုနဲ့ အစစ်နဲ့ ကွာခြားချက်သွင်ပြင်လက္ခဏာတွေကို ပြည်သူတွေသိအောင် ငွေစက္ကူအသစ်စထုတ်ကတည်းကပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ ပြီးတော့ ငွေစက္ကူနဲ့ပတ်သက်ပြီး စစ်ဆေးနိုင်တဲ့ အချက်တွေကိုလည်းနည်းလမ်းပေါင်းစုံနဲ့ အသိပေးထားပြီးဖြစ်ပါတယ်။ တကယ်လို့ ငွေစက္ကူအတု လက်ဝယ်ရောက်ရှိရင် ပြည်သူတွေအနေနဲ့ အတုဖြစ်အောင်ဆောင်ရွက်တဲ့ အရင်းအမြစ်တွေကို ဖော်ထုတ်ဆောင်ရွက်နိုင်ဖို့ သက်ဆိုင်ရာ တရားဥပဒေစိုးမိုးရေးအဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ တရားဥပဒေစိုးမိုးရေးအဖွဲ့တွေကလည်း စောစောက အတုတွေလာရောက်အပ်နှံတဲ့ ပြည်သူတွေအခက်မတွေ့စေဘဲ ရဲရဲဝံ့ဝံ့နဲ့အပ်နှံစေဖို့ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်တယ်။ အတုတွေမထွက်ပေါ်အောင် ဟန့်တားထိန်းချုပ်နိုင်မယ်ဆိုရင် ဒီနည်းလမ်းကပဲ ပြည်သူတွေနစ်နာမှုမရှိအောင် ဆောင်ရွက်နိုင်တဲ့ အကောင်းဆုံးနည်းလမ်းဖြစ်ပါလိမ့်မယ်။

**မေး။ ။ ဒုတိယဥက္ကဋ္ဌကို မေးမြန်းလိုတာက ငွေစက္ကူအတုတွေကို ထိန်းချုပ်ဖို့ ဘယ်လိုဆောင်ရွက်နေပါသလဲ။**

**ဒုတိယဥက္ကဋ္ဌ ။ ။** ငွေစက္ကူဆိုတာ အမြဲတမ်းလည်ပတ်နေတာ ဖြစ်တဲ့အတွက် ဒီဟာကို ဘယ်လိုထိန်းချုပ်မလဲဆိုတာကို စဉ်းစားရပါမယ်။ နံပါတ်တစ်အချက်အနေနဲ့ ဥပဒေနဲ့ တားမြစ်ထားရမယ်။ နံပါတ်နှစ်အချက်အနေနဲ့ ငွေစက္ကူတွေကို မတုပနိုင်အောင် အဆင့်မြင့် လုံခြုံရေးအမှတ်အသားတွေ ထည့်ပေးရမယ်။ ပြီးတော့ ငွေစက္ကူကို ဘယ်လိုစစ်ဆေးလို့ရတယ် ဆိုတာကိုလည်း ပြည်သူတွေကို အသိပေးထားရမယ်။ နောက်ဆုံးအချက်က အတုပေါ်လာရင် အတုပေါ်လာတဲ့ အရင်းအမြစ်ကို သေချာဖော်ထုတ်ဖမ်းဆီးဖို့ လိုအပ်ပါတယ်။ ဒီလိုအချက်တွေနဲ့ ပြည့်စုံရင် ငွေစက္ကူတုပပြုလုပ်တာကို ဟန့်တားထိန်းချုပ်နိုင်မယ်လို့ မြင်ပါတယ်။

ကျွန်တော်တို့ ငွေစက္ကူတွေကို စက္ကူသားကအစ သေချာပြင်ဆင်ပြီး ထုတ်ဝေထားတာ ဖြစ်ပါတယ်။ ငွေစက္ကူအတုက ကြာကြာသုံးလာရင် အနားတွေက ဖွာလာတယ်၊ အစစ်မှာ ဒီလို မဖြစ်ပါဘူး၊ အကြိမ်ကြိမ်ခေါက်ပြီး စမ်းသပ်ကြည့်ပြီးမှခံနိုင်တဲ့ အရည်အသွေးကို ထုတ်လုပ်တာ ဖြစ်ပါတယ်။ ငွေစက္ကူအစစ်က ရေစိုခံနိုင်တဲ့ သတ္တိရှိပါတယ်။ ဥပမာ အဝတ်လျှော်ရင်း ပါသွားလို့ ရေစိုရင်တောင် ကြေမွသွားတာမျိုးမရှိပါဘူး။ အတုကတော့သာမန်စက္ကူသားဖြစ်လို့ ခေါက်ရိုးကျိုးကြေမွသွားတယ်။ ဒါက သာမန်အားဖြင့် စက္ကူအဆင့်အတန်းပါ။ ငွေစက္ကူဆိုတာနဲ့ ရေစာတွေ၊

စာမျက်နှာ ၁၀ သို့

“ဘဏ်ကနေ စုတ်ဖြဲတာတို့၊ အပေါက်ဖောက်တာတို့၊ ငွေစက္ကူအတုဆိုပြီး တုံးထုတာတို့ အမြဲလုပ်တဲ့အခါ ငွေစက္ကူအတုဆိုတာ ပြစ်မှုမြောက်နိုင်တဲ့ ပစ္စည်းဆိုတာ မေ့သွားကြတယ်။ ရဲစခန်းကို အပ်နှံမှုမလုပ်ကြဘူး။ ဒီလိုမအပ်နှံတဲ့အတွက် ရဲစခန်းကလည်း ငွေစက္ကူအတုရဲ့ အရင်းအမြစ်ကို စုံစမ်းဖော်ထုတ်ဖို့ အခက်အခဲဖြစ်သွားတယ်။ ဒီစက္ကူအတုတွေကို ပြည်သူတွေကြားမှာ လှည့်ပတ်ပြီး ပြည်သူတွေကို ဒုက္ခပေးတဲ့ပုံစံ ဖြစ်လာပါတယ်”

# တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

***ယမန်နေ့မှအဆက်***

(ထ) တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဗဟိုကော်မတီနှင့် ဝန်ကြီးဌာနတို့က အခါအားလျော်စွာ ပေးအပ်သောလုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။

**အခန်း ( ၆ )**

**စစ်ဆေးရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၁၂။ ဦးစီးဌာနသည် မိမိဌာနရှိ သင့်လျော်သော ပုဂ္ဂိုလ်များကို စစ်ဆေးရေးမှူးများအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၁၃။ စစ်ဆေးရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) သတ်မှတ်ချက်များနှင့်အညီ အောက်ပါတို့ကို စစ်ဆေးခြင်း -

(၁) တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းနှင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ၊ လုပ်ငန်းသုံးအဆောက်အအုံနှင့် ပစ္စည်းများ၊

(၂) သားသတ်ရုံနှင့် သားသတ်ခြင်းလုပ်ငန်းများ၊

(၃) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်းများ၊

(၄) တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးဆေးဝါးနှင့် တိရစ္ဆာန်သုံးပစ္စည်းများ။

(ခ) ရေလုပ်ငန်းတွင်အသုံးပြုသော တိရစ္ဆာန်သုံးဆေးဝါးများအား သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းစစ်ဆေးခြင်း၊

(ဂ) ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ခ) အရ စစ်ဆေးရာတွင် ကူးစက်ရောဂါ တစ်ခုခု ဖြစ်ပွားကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ သတ်မှတ်ချက်နှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ အများပြည်သူစားသုံးရန် သင့်လျော်မှုမရှိကြောင်း သံသယရှိလျှင်ဖြစ်စေ သက်ဆိုင်ရာလုပ်ငန်းကို ယာယီရပ်ဆိုင်းခြင်း၊ သွားလာရွှေ့ပြောင်းမှုကို ယာယီရပ်ဆိုင်းခြင်းနှင့် ကန့်သတ်နိုင်ခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) ရောဂါဖြစ်နေသော သို့မဟုတ် ရောဂါနှင့်ထိတွေ့ခဲ့သော တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ၊ အရည်အသွေးမပြည့်မီသော သို့မဟုတ် အဆိပ်အတောက်ပါဝင်နေသော တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးဆေးဝါးများနှင့် စပ်လျဉ်း၍ ဓာတ်ခွဲခန်းစစ်ဆေးချက် အဖြေမရရှိမီ သတ်မှတ်ထားသောနေရာ၌ ယာယီထိန်းသိမ်းခြင်းနှင့် သိမ်းဆည်းခြင်း၊

(င) ပုဒ်မခွဲ (ဃ) ပါ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများနှင့် စပ်လျဉ်း၍ ဆက်လက်ထိန်းသိမ်းရန် သို့မဟုတ် သိမ်းဆည်းရန် သင့်လျော်ခြင်းမရှိပါက ဦးစီးဌာနသို့ တင်ပြခြင်းနှင့် ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(စ) မိမိ၏ ဆောင်ရွက်ချက်များကို ဦးစီးဌာနသို့ အစီရင်ခံတင်ပြခြင်း၊

(ဆ) ဦးစီးဌာနက အခါအားလျော်စွာ ပေးအပ်သောလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

**အခန်း ( ၇ )**

**မွေးမြူရေးမြေနှင့် တိရစ္ဆာန်အစာအတွက် စိုက်ပျိုးသောမြေများ**

၁၄။ ဗဟိုကော်မတီသည် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ အောက်ပါမြေများတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မွေးမြူရေးမြေ သို့မဟုတ် တိရစ္ဆာန်အစာအတွက် စိုက်ပျိုးသောမြေအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ပြီး သီးသန့်စီမံခန့်ခွဲနိုင်သည် -

(က) ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေဥပဒေနှင့်အညီ လယ်ယာမြေကို မွေးမြူရေးလုပ်ငန်းအတွက်လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများအတွက်လည်းကောင်း အခြားနည်းဖြင့် အသုံးပြုခွင့်ပေးသည့်မြေ သို့မဟုတ် ပေးပြီးသည့်မြေ၊

(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့်အညီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို မွေးမြူရေးလုပ်ငန်းအတွက် လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများအတွက် လည်းကောင်း အသုံးပြုခွင့်ပေးသည့်မြေ သို့မဟုတ် ပေးပြီးသည့်မြေ၊

(ဂ) မွေးမြူရေးလုပ်ငန်းအတွက်လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများအတွက်လည်းကောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက သစ်တောဥပဒေနှင့်အညီ အသုံးပြုခွင့်ပေးသည့်မြေ သို့မဟုတ် ပေးပြီးသည့်မြေ၊

(ဃ) ပြည်ထဲရေးဝန်ကြီးဌာနက လွှဲပြောင်းပေးသော စားကျက်မြေ။

၁၅။ ဗဟိုကော်မတီသည် ပုဒ်မ ၁၄ အရ မွေးမြူရေးမြေ သို့မဟုတ် တိရစ္ဆာန်အစာအတွက် စိုက်ပျိုးသောမြေအဖြစ် သတ်မှတ်သောမြေများကို လိုအပ်သလို စီမံဆောင်ရွက်နိုင်ရန် ဦးစီးဌာနအား တာဝန်ပေးအပ်နိုင်သည်။

**အခန်း ( ၈ )**

**တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ**

၁၆။ တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်လိုသည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် လုပ်ကိုင်ခွင့်အတွက် ခွင့်ပြုလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၁၇။ (က) ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးသည် -

(၁) ပုဒ်မ ၁၆ အရ လျှောက်ထားချက်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့် ညီညွတ်ကြောင်း တွေ့ရှိပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း အမျိုးအစားဖြစ်လျှင် သတ်မှတ်သည့်အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား ခွင့်ပြုလက်မှတ်ထုတ်ပေးရမည်။ ခွင့်ပြုလက်မှတ်ထုတ်ပေးရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်စေပြီး ပြန်လည်လျှောက်ထားခွင့်ပြုနိုင်သည်။

(၃) မိမိထုတ်ပေးပိုင်ခွင့်မရှိသည့် တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းအမျိုးအစားဖြစ်လျှင် ဦးစီးဌာန၏ ခရိုင်ဦးစီးဌာနမှူးထံ သတ်မှတ်ချက်များနှင့်အညီ ဆက်လက်တင်ပြရမည်။

(ခ) ဦးစီးဌာန၏ ခရိုင်ဦးစီးဌာနမှူးသည် -

(၁) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့် ညီညွတ်ကြောင်းတွေ့ရှိပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းအမျိုးအစားဖြစ်လျှင် သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား ခွင့်ပြုလက်မှတ်ထုတ်ပေးရမည်။ ခွင့်ပြုလက်မှတ်ထုတ်ပေးရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်စေပြီး ပြန်လည်လျှောက်ထားခွင့်ပြုနိုင်သည်။

(၃) မိမိထုတ်ပေးပိုင်ခွင့်မရှိသည့် တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းအမျိုးအစားဖြစ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ဦးစီးဌာနမှူးထံ သတ်မှတ်ချက်များနှင့်အညီ ဆက်လက်တင်ပြရမည်။

(ဂ) ဦးစီးဌာန၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေဦးစီးဌာနမှူးသည် -

(၁) ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၃) အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့် ညီညွတ်ကြောင်း တွေ့ရှိပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းအမျိုးအစားဖြစ်လျှင် သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား ခွင့်ပြုလက်မှတ်ထုတ်ပေးရမည်။ ခွင့်ပြုလက်မှတ်ထုတ်ပေးရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်စေပြီး ပြန်လည်လျှောက်ထားခွင့်ပြုနိုင်သည်။

(၃) မိမိထုတ်ပေးပိုင်ခွင့်မရှိသည့် တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းအမျိုးအစားဖြစ်ပါက ညွှန်ကြားရေးမှူးချုပ်ထံ သတ်မှတ်ချက်များနှင့်အညီ ဆက်လက်တင်ပြရမည်။

(ဃ) ညွှန်ကြားရေးမှူးချုပ်သည် -

(၁) ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၃) အရ လျှောက်ထားချက်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့် ညီညွတ်ကြောင်း တွေ့ရှိပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းအမျိုးအစားဖြစ်လျှင် သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား ခွင့်ပြုလက်မှတ်ထုတ်ပေးရမည်။ ခွင့်ပြုလက်မှတ်ထုတ်ပေးရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်စေပြီး ပြန်လည်လျှောက်ထားခွင့်ပြုနိုင်သည်။

၁၈။ တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်အတွက် ခွင့်ပြုလက်မှတ်ရရှိသူသည် -

(က) ဝန်ဆောင်မှုလုပ်ငန်းအမျိုးအစားအလိုက် ခွင့်ပြုလက်မှတ်နှင့် သက်ဆိုင်သောစည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

(ဂ) မိမိလုပ်ကိုင်သော တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းတွင် ကူးစက်ရောဂါဖြစ်ပွားကြောင်း သံသယဖြစ်ဖွယ်တွေ့ရှိရပါက ဦးစီးဌာနသို့ အမြန်ဆုံး အသိပေး အကြောင်းကြားရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ အသိပေးအကြောင်းကြားပြီးနောက် ဦးစီးဌာန၏ ညွှန်ကြားချက်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

**အခန်း ( ၉ )**

**မွေးမြူရေးလုပ်ငန်းများ**

၁၉။ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူမှအပ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်လိုသည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် လုပ်ကိုင်ခွင့်အတွက် ခွင့်ပြုလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၂၀။ ပုဒ်မ ၁၉ ပါ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မြို့နယ်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ လည်းကောင်း၊ ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ လည်းကောင်း ဆောင်ရွက်ရမည်။

၂၁။ မွေးမြူသူသည် -

(က) သက်ဆိုင်ရာ ခွင့်ပြုလက်မှတ်တွင်ပါရှိသော စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

(ဂ) မိမိမွေးမြူထားသည့် တိရစ္ဆာန်တွင် ကူးစက်ရောဂါကျရောက်သည့်အခါ ဦးစီးဌာနသို့ အမြန်ဆုံး အသိပေးအကြောင်းကြားရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ အကြောင်းကြားပြီးနောက် ဦးစီးဌာန၏ အမိန့်နှင့် ညွှန်ကြားချက်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

(င) မွေးမြူရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်၊ ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်တို့နှင့်အညီ မွေးမြူထုတ်လုပ်ရမည်။

(စ) တိရစ္ဆာန် သို့မဟုတ် တိရစ္ဆာန်ထွက်ပစ္စည်းများကို လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း သို့မဟုတ် ရောင်းချခြင်းတို့ကို ဦးစီးဌာနက သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဆ) မွေးမြူထားသည့် တိရစ္ဆာန်များကို အသားထုတ်လုပ်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဇ) မွေးမြူရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

၂၂။ ဦးစီးဌာနသည် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက မွေးမြူထားသော တိရစ္ဆာန်များ ကူးစက်ရောဂါဖြစ်ပွား၍ ဖျက်ဆီးခံရခြင်းကြောင့် ပေါ်ပေါက်လာသည့် ဆုံးရှုံးမှုများအတွက် နစ်နာကြေး၊ လျော်ကြေး သို့မဟုတ် အကူအညီရရှိရန် သက်ဆိုင်ရာသို့ လျှောက်ထားရာတွင် သဘောထားမှတ်ချက်ပေးနိုင်သည်။

**အခန်း (၁၀)**

**ပြည်တွင်း၌ ထုတ်လုပ်ခြင်း သို့မဟုတ် ရောင်းချခြင်း**

၂၃။ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း၊ တိရစ္ဆာန်သုံးဆေးဝါး သို့မဟုတ် ရေလုပ်ငန်းတွင် အသုံးပြုသည့် တိရစ္ဆာန်သုံးဆေးဝါးများနှင့် စပ်လျဉ်း၍ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း သို့မဟုတ် ရောင်းချခြင်းလုပ်ငန်းကိုဖြစ်စေ၊ သားသတ်ရုံတည်ထောင်ခြင်းနှင့် သားသတ်ခြင်းလုပ်ငန်းကိုဖြစ်စေ စီးပွားဖြစ်လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် လုပ်ကိုင်ခွင့်အတွက် ခွင့်ပြုလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၂၄။ ပုဒ်မ ၂၃ ပါ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ လည်းကောင်း၊ ဦးစီးဌာန၏ ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ လည်းကောင်း ဆောင်ရွက်ရမည်။

၂၅။ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း၊ တိရစ္ဆာန်သုံးဆေးဝါး သို့မဟုတ် ရေလုပ်ငန်းတွင် အသုံးပြုသည့် တိရစ္ဆာန်သုံးဆေးဝါးများနှင့် စပ်လျဉ်း၍ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း သို့မဟုတ် ရောင်းချခြင်းလုပ်ငန်းကိုဖြစ်စေ၊ သားသတ်ရုံတည်ထောင်ခြင်းနှင့် သားသတ်ခြင်းလုပ်ငန်းကိုဖြစ်စေ လုပ်ကိုင်ခွင့်အတွက် ခွင့်ပြုလက်မှတ်ရရှိသူသည် -

(က) သက်ဆိုင်ရာ ခွင့်ပြုလက်မှတ်တွင်ပါရှိသော စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

(ဂ) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

**အခန်း (၁၁)**

**ပြည်ပသို့ တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှတင်သွင်းခြင်း**

၂၆။ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း၊ တိရစ္ဆာန်သုံးဆေးဝါး သို့မဟုတ် ရေလုပ်ငန်းတွင် အသုံးပြုသည့် တိရစ္ဆာန်သုံး ဆေးဝါးများကို ပြည်ပသို့တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှ တင်သွင်းခြင်း ပြုလုပ်လိုသူသည် တင်ပို့ခွင့်၊ တင်သွင်းခွင့်လိုင်စင် သို့မဟုတ် ပါမစ်ကို သက်ဆိုင်ရာအစိုးရဌာနသို့ လျှောက်ထားခြင်းမပြုမီ ထောက်ခံချက်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားရမည်။

၂၇။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၂၆ ပါ လျှောက်ထားချက်နှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ညီညွတ်ကြောင်းတွေ့ရှိပါက သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား ထောက်ခံချက်လက်မှတ်ကို ထုတ်ပေးရမည်။

***(ဆက်လက်ဖော်ပြပါမည်)***

# မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ်နှင့် မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေရေးညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၃

**မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ်နှင့် မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေရေးညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန် အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ် အတွဲသုံးတွဲကို အချိန်ယူဆောင်ရွက်ခဲ့ပြီး အောင်မြင်စွာ ထုတ်ဝေနိုင်ခဲ့ပါကြောင်း၊ စာအုပ်များကို စိတ်ဝင်စားသူများပြားပြီး ဝယ်ယူမှုလည်း များပြားပါကြောင်း၊ နောက်ထွက်ရှိလာမည့် အတွဲ ၄၊ အတွဲ ၅၊ အတွဲ ၆ တို့ ထွက်ရှိမည့်အချိန်ကို စာဖတ်သူများက စောင့်မျှော်နေသည့်အတွက် လာမည့်လများအတွင်း အမြန်ဆုံးဆက်လက် ထုတ်ဝေနိုင်ရေး ကြိုးစားသွားရန်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

**ပေါင်းစပ်ဆောင်ရွက်**

ထို့နောက် တက်ရောက်လာကြသူများက တာဝန်ယူဆောင်ရွက်နေသည့် ကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှု၊ လုပ်ငန်းဆောင်ရွက်စဉ် ကြုံတွေ့ရသည့် အခက်အခဲများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ် စတုတ္ထတွဲ၌ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ရေးသားသည့် တပင်ရွှေထီးဝတ္ထုနှင့် ရွှေစကြာဦးစိုးမြင့် ရေးသားသည့် နားခံတော် ဝတ္ထုတို့ပါဝင်မည်ဖြစ်ပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ထွက်ရှိနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ်များကို တစ်လလျှင် အနည်းဆုံး နှစ်တွဲနှုန်းဖြင့် ထွက်ရှိနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြန့်ဝေစစ်ဆေး**

မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေရေးတွင် တည်ပုဒ် ကမှအ အထိ မြန်မာ့စွယ်စုံကျမ်း ၂၅ တွဲတွင် တည်ပုဒ် ၃၉၆ ပုဒ်ကို ပထမတွဲအဖြစ် ဖွဲ့စည်းထားသည့် မူကြမ်းစာအုပ်မှာ ဘာသာရပ်အလိုက်ပညာရှင်များထံ ဖြန့်ဝေစစ်ဆေးမှုများ ပြုလုပ်လျက်ရှိရာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း အချောသပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

## ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံသူများ ပိုမိုဝင်ရောက်လာရေးနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအခြေအနေများ ပိုမိုတိုးတက်လာစေရေးအတွက် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့သို့ လေ့လာရေးခရီးသွားရောက်နေသော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ဒီဇင်ဘာ ၂၀ ရက်က ကိုရီးယား သမ္မတနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီး Mr. Hyunchong Kim နှင့် တွေ့ဆုံဆွေးနွေးသည်။

**ကိစ္စရပ်များကိုဆွေးနွေး**

ယင်းသို့ တွေ့ဆုံစဉ် မြန်မာ- ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် လက်ရှိဆောင်ရွက်နေသော ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေရေး ဆောင်ရွက်နေမှုကိစ္စရပ်များကို ဆွေးနွေးကြသည်။

**ပြန်လည်ရောက်ရှိ**

ခရီးစဉ်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားကြပြီး ဒီဇင်ဘာ ၂၂ ရက်က မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## ဒုတိယဝန်ကြီး ဦးအောင်လှထွန်း The Global New Light of Myanmar သတင်းစာတိုက် စာတည်းအဖွဲ့ဝင်များနှင့် ဝန်ထမ်းများအား တွေ့ဆုံ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ The Global NewLight of Myanmar သတင်းစာတိုက်စာတည်းအဖွဲ့ဝင်များနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။ **(အောက်ပုံ)**



**ဖတ်ရကျိုးနပ်စေရန်လို**

ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက The Global New Light of Myanmar သတင်းစာသည် နိုင်ငံတော်၏ အာဘော်ကို ထင်ဟပ်သည့် တစ်ခုတည်းသော အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် သတင်းစာဖြစ်ကြောင်း၊ သို့သော် တစ်ဖက်သတ်ဝါဒဖြန့်ခြင်းမျိုး မဟုတ်ဘဲ သတင်းစာဖတ်ပရိသတ်အားလုံး ဖတ်ရကျိုးနပ်စေရန်လိုအပ်ကြောင်း၊ ထို့ကြောင့် သတင်းစာ အရည်အသွေးဘက်စုံပြည့်မီ တိုးတက်ကောင်းမွန်ရေး ကြိုးပမ်းအားထုတ်ဆောင်ရွက် သွားကြစေလိုကြောင်း ပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်း**

ထို့နောက် သတင်းစာတိုက်မှ တာဝန်ရှိသူများ၊ စာတည်းအဖွဲ့ဝင်များနှင့် ဝန်ထမ်းများက လက်ရှိသတင်းစာလုပ်ငန်းဆောင်ရွက်မှုနှင့် လုပ်ငန်းလိုအပ်ချက်များကို တင်ပြကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး သတင်းစာတိုက်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၈ မှ*

လုံခြုံရေးကြိုးတွေ၊ ရောင်ပြန်တွေ၊ ဆေးသားထည့်ထားတဲ့ ဖောင်းကြွတွေ ဒါတွေပါပါတယ်။ သာမန်အားဖြင့် ငွေစက္ကူပေါ်က မျဉ်းကြောင်းလေးဆိုပေမယ့် ဒီထဲမှာအဏုအက္ခရာ Micro print သေးသေးလေးတွေ ထည့်ရိုက်ထားပါတယ်။ အတုနဲ့အစစ် သေချာခွဲမယ်ဆိုရင်ခွဲခြားလို့ရနိုင်တဲ့ အချက်တွေ အများကြီးဖြစ်ပါတယ်။

**မေး။ ။ ငွေစက္ကူတွေနဲ့ ပတ်သက်ပြီး ပြည်သူတွေကသိရှိမှု နည်းနေပါသေးတယ်။**

**ဒုတိယညွှန်ကြားရေးမှူးချုပ်။ ။** ဗဟိုဘဏ်အနေနဲ့ ငွေစက္ကူတွေနဲ့ ပတ်သက်ပြီး အသိပညာပေးတာ နည်းနေသေးတယ်ဆိုတာမှန်ပါတယ်။ ဒါပေမယ့် ငွေစက္ကူစထုတ်ကတည်းက လုံခြုံရေးအတွက် ဘာတွေဆောင်ရွက်ထားတယ်ဆိုတာကို ထုတ်ပြန်ခဲ့ပါတယ်။ နောက်တစ်ခုက ဒီလိုအချက်အလက်တွေကို စစ်ဆေးနိုင်တယ်ဆိုတာကိုလည်း ဘဏ်တွေကိုလည်း ဖြန့်ဝေထားပြီးသားပါ။ နောက်တစ်ခုက ငွေစက္ကူနဲ့ပတ်သက်ပြီး ထုတ်ပြန်တဲ့အခါ ပြည်သူတွေ အထိတ်တလန့်မဖြစ်အောင် ချင့်ချိန်ပြီး ဆောင်ရွက်တာလည်း ပါပါတယ်။ ကျွန်တော်တို့က အကြောင်းအရာရှိတိုင်း ထုတ်ပြန်နေရင် ပြည်သူတွေ အထိတ်တလန့်ဖြစ်မှာ စိုးပါတယ်။ အခုကတော့ နည်းပညာတွေက တိုးတက်လာပြီဖြစ်တဲ့အတွက် အွန်လိုင်းကနေတစ်ဆင့် အသိပညာပေးတာတွေကို ဆောင်ရွက်ဖို့ အစီအစဉ်ရှိပါတယ်။

နောက်တစ်ခုက အတုပြုလုပ်တဲ့ အရင်းအမြစ်တွေကို တရားဥပဒေစိုးမိုးရေးအဖွဲ့တွေ ဖော်ထုတ်စုံစမ်းနိုင်ဖို့အတွက် အချက်အလက်တွေရှိမှလည်း ဖော်ထုတ်ဖမ်းဆီးနိုင်မှာပါ။ ပြည်သူတွေကလည်း အတုတွေ့ရှိတာနဲ့ သတ်မှတ်ထားတဲ့အတိုင်း ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။

**မေး ။ ။ ခုနကလည်း မေးခဲ့ပြီးပါပြီ၊ ငွေစက္ကူအတု ကိုယ့်ဆီရောက်လာလို့ နစ်နာဆုံးရှုံးမှုကို ဘယ်လို ကုစားပေးမယ်ဆိုတာ ဖြေကြားပေးပါ။**

**ဒုတိယဥက္ကဋ္ဌ ။ ။** စောစောက ပြောသလိုပဲ ကိုယ့်ဆီ ရောက်မလာခင် စစ်ဆေးသိရှိနိုင်ရမယ်။ တကယ်တော့ အတုရဲ့ အကျိုးဆက်ကိုလည်း ကြည့်ရပါမယ်။ တစ်သောင်းတန်အတု တစ်ရွက်ပိုင်ဆိုင်မိပြီး သတ်မှတ်ထားတဲ့အတိုင်း ဆောင်ရွက်လိုက်ရင် တစ်သောင်းပဲ ဆုံးရှုံးမှာပါ။ ဒီတစ်သောင်းက ပျံ့နေရင်တော့ နိုင်ငံအတွက် ထိခိုက်နိုင်ပါတယ်။ ပြည်သူလူထုက တို့နိုင်ငံက ငွေစက္ကူတောင် အတုမလုပ်နိုင်အောင် မရိုက်နိုင်ဘူးလားဆိုတဲ့ ယုံကြည်မှုလျော့ပါးတဲ့ ခံစားချက်တွေ ဖြစ်လာနိုင်တယ်။ ကိုယ့်နိုင်ငံအပေါ်မှာ ယုံကြည်ချက်လျော့ပါးနိုင်ပါတယ်။ ဒီတစ်သောင်းတန်ကို ဆုံးရှုံးမှာကြောက်လို့ တန်ရာတန်ကြေးရအောင် သုံးလိုက်ဦးမယ်ဆိုရင် ရရှိလာတဲ့ တစ်ဦးချင်းစီရဲ့ စိတ်ထဲမှာ နိုင်ငံအပေါ် ယုံကြည်ချက်လျော့တဲ့ ခံစားမှုမျိုးဖြစ်ပြီး အဆင့်ဆင့် ပျံ့နှံ့မှုဖြစ်ပွားလာပါမယ်။ ဒါကြောင့် ငွေစက္ကူအတုကို ဥပဒေနဲ့ အညီ အပ်နှံမှုမရှိဘဲ သုံးစွဲခြင်းဟာ နိုင်ငံအပေါ် ယုံကြည်မှုလျော့စေတဲ့ လက်ကမ်းစာစောင်ဖြန့်နေတာနဲ့ တူပါတယ်။ ပြည်သူအနေနဲ့ ဆုံးရှုံးမှုဖြစ်သွားပြီး တန်ဖိုးတော့ မရနိုင်ပေမယ့် အားလုံးက ဝိုင်းဝန်းကာကွယ်မှသာ အတုဖြစ်ပေါ် ပြန့်ပွားမှုကို ဟန့်တားနိုင်မှာ ဖြစ်ပါတယ်။ အတုမလုပ်ပါနဲ့ဆိုပြီး ပြောရုံနဲ့မရဘူး။ တစ်ကမ္ဘာလုံး သုံးနေတဲ့ ငွေတောင် အတုလုပ်နိုင်ကြသေးတဲ့အတွက် ခွဲခြားမရတဲ့ Super Note ဖြစ်လာလို့ ပုံစံသစ်ရိုက်နှိပ်ရပါတယ်။ လုံခြုံရေးကောင်းမွန်ပေမယ့် အတုလုပ်တဲ့သူက သူ့အကျိုးစီးပွားအတွက်၊ တစ်ခုခုကြောင့်ပဲဖြစ်ဖြစ် လုပ်ဦးမှာပါ။ သို့သော် ဒါကို စစ်ဆေးအရေးယူကြဖို့လိုတယ်။ ငွေစက္ကူတစ်ခုကြောင့် တန်ဖိုးဆုံးရှုံးသွားနိုင်တယ်။ ဒါပေမယ့်နိုင်ငံပေါ်မှာ ယုံကြည်မှုမဆုံးရှုံးဖို့ အရေးကြီးပါတယ်။ နောက်တစ်ခုက ငွေသားအသုံးပြုမှုနည်းအောင်လုပ်ခြင်းဖြင့် ငွေစက္ကူနည်းနည်းလေးပဲ သုံးရရင်လည်း အတုကို ပစ်ပယ်ပြီးသားဖြစ်မှာပါ။ Mobile Banking လိုမျိုးတွေ၊ ကတ်သုံးစွဲမှုမျိုးတွေ သုံးစွဲရင် ငွေအသုံးလျော့ပြီး တစ်ရွက်ချင်းစစ်ဆေးနိုင်တဲ့အတွက် ငွေအတုကို စစ်ဆေးနိုင်မှာပါ။

အတုတွေ့တာနဲ့ ရင်းမြစ်ကိုလိုက်ဖို့ လိုပါတယ်။ ဒီလိုလိုက်ပြီး ဖြေရှင်းမှလည်း ခုနကလို ပြည်သူတွေ နစ်နာမှုကိစ္စလျော့မှာပါ။ ပြည်သူတွေက တရားဥပဒေစိုးမိုးရေးအဖွဲ့တွေနဲ့ ပူးပေါင်းဖို့ လိုအပ်ပါတယ်။

**မေး။ ။ နိုင်ငံတကာမှာ ငွေစက္ကူအတုတွေ့ခဲ့ရင် ဘယ်လိုတွေ ဆောင်ရွက်သလဲ။**

**ဒုတိယဥက္ကဋ္ဌ ။ ။** ငွေအတုဆိုတာ တကယ်ပြစ်မှုမြောက်တဲ့ပစ္စည်းဖြစ်တဲ့အတွက် တရားဥပဒေစိုးမိုးရေးအဖွဲ့တွေဖြစ်တဲ့ ရဲတပ်ဖွဲ့ကို အပ်ရပါမယ်။ နိုင်ငံတကာ ငွေကြေးတွေ ကျွန်တော်တို့ လက်ခံရတဲ့အခါ တန်ဖိုးရအောင် နိုင်ငံခြားကို ပြန်ပို့ရပါတယ်။ စက်နဲ့ကော၊ လက်နဲ့ကော စစ်ဆေးပါတယ်။ ဒီလိုစစ်ဆေးပြီး သူတို့ထပ်စစ်တဲ့အခါ အတုဆိုရင် ပြန်မရတော့ပါဘူး။ စင်ကာပူမှာဆိုရင် စင်ကာပူရဲကို အပ်ပါတယ်။ ဒါက နိုင်ငံတကာမှာ ကျင့်သုံးတဲ့ အလေ့အထပါ။

**မေး။ ။ ငွေစက္ကူနဲ့ ပတ်သက်ပြီး ပြည်သူတွေကို အသိပေးပြောကြားချင်တာ ရှိရင်လည်း ပြောကြားပေးပါ။**

**ဒုတိယဥက္ကဋ္ဌ။ ။** စောစောက ပြောသလိုပဲ ဘဏ်တွေကို အသုံးပြုတာ၊ Mobile Banking တွေ၊ ကတ်စနစ်တွေကို သုံးတာ လုပ်မယ်ဆိုရင် ငွေအထပ်လိုက်သုံးရတာ လျော့သွားမယ်။ ဒီလို လျော့သွားတဲ့အတွက် ငွေသားစစ်ဆေးမှုကို ဂရုပြုလုပ်နိုင်မယ်။ ဒါမှမဟုတ် အထုပ်လိုက်ပေးရင် ဘယ်သူက စစ်နိုင်မလဲဆိုတဲ့ ကိစ္စတွေဖြစ်နေမှာပါ။ ငွေအထုပ်လိုက်ကို သုံးမယ့်အစား ဘဏ်တွေ၊ Mobile Banking တွေ၊ ကတ်စနစ်တွေကို အသုံးပြုမယ်ဆိုရင် ငွေစက္ကူဆိုင်ရာကိစ္စတွေဟာ လျော့နည်းသွားမယ်။ ပြည်သူတွေအနေနဲ့ ငွေစက္ကူအတုတွေ့တာနဲ့ သက်ဆိုင်ရာကို အပ်နှံခြင်းအားဖြင့် အတုပြုလုပ်တဲ့ ရင်းမြစ်ကို ဖော်ထုတ်နိုင်မှာပါ။

**ရှင်မင်း၊ ဓာတ်ပုံ-လူမော်**

# (၁၉) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲကို ဂုဏ်ပြုကြိုဆိုကြပါစို့

**တင်နီလာပွင့်**

ကျွန်မတို့မြန်မာနိုင်ငံသည် ရိုးရာအမွေအနှစ် ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ထိုကဲ့သို့ ပေါကြွယ်ဝသည့် ရိုးရာအမွေအနှစ်များစွာထဲတွင် မြန်မာ့ရိုးရာတိုင်းရင်းဆေးပညာသည် တစ်ခုအပါအဝင်ဖြစ်ပါသည်။ မြန်မာ့ရိုးရာတိုင်းရင်းဆေးပညာသည် မြန်မာတို့၏ ရိုးရာအမွေအနှစ်ဖြစ်ရုံသာမက ယနေ့အချိန်ခါထိ ပြည်သူလူထု၏ကျန်းမာရေးကို တိုင်းရင်းဆေးပညာဖြင့် တစ်ဖက် တစ်လမ်းမှလည်း စောင့်ရှောက်ပေးလျက်ရှိပါသည်။ ယင်းအမွေအနှစ်ဆေးပညာသည် သမိုင်းအဆက်ဆက်၊ ခေတ်ဆက်ဆက် ဆက်လက်ရှင်သန်လာခဲ့သည့်အလျောက် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် တိုင်းရင်းဆေးပညာဟူသည့်ဝေါဟာရနှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အဓိပ္ပာယ်ဖွင့်ဆိုရာတွင် " Traditional Medicine includes Diverse health practices, approaches, knowledge and beliefs incorporating plant, animal and/or mineral based medicines, spiritiual therapies, manual techniques and exercises applied singularly or in combination to maintain well-being, as well as to treat, diagnose or prevent illness." ဟူ၍ဖြစ်ပါသည်။ အဆိုပါဖွင့်ဆိုချက်အရ “ တိုင်းရင်းဆေးပညာဆိုသည်မှာ ရောဂါကာကွယ်ရန်၊ ရှာဖွေရန်နှင့် ကုသမှုပြုရန်ကဲ့သို့သော ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် ကွဲပြားခြားနားသောနည်းစနစ်များ၊ ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းများ၊ အသိပညာနှင့် ယုံကြည်မှုများကိုအခြေခံ၍ အပင်ထွက်၊ တိရစ္ဆာန်ထွက်ပစ္စည်းများ သို့မဟုတ် တွင်းထွက်ဓာတ်သတ္တုများကို အခြေပြုဖော်စပ်ထားသည့်ဆေးများ၊ စိတ်ဝိညာဉ်ဆိုင်ရာ ကုထုံးများ၊ အကြောပြင်ကုထုံးနှင့် လေ့ကျင့်ခန်းများကို သီးသန့်သို့မဟုတ် စုပေါင်းဆောင်ရွက်သည့် နည်းစနစ်များပါဝင်သော ပညာရပ်ဖြစ်သည် ” ဟူ၍ပင် ဖြစ်ပါသည်။

**တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေး**

ကမ္ဘာပေါ်ရှိ တိုင်းရင်းဆေးပညာနှင့် ဆေးနည်း၊ ဆေးဝါးတို့၏ မူလဇာစ်မြစ်အခြေခံမှာလည်း သက်ဆိုင်ရာလူမျိုးအသီးသီး၏ အတွေ့အကြုံအမျိုးမျိုးကို ကိုယ့်နည်းကိုယ့်ဟန်နှင့် ထူထောင်ဖွံ့ဖြိုးလာခဲ့ခြင်းဖြစ်သကဲ့သို့ သဘာဝပတ်ဝန်းကျင်မှ ဝတ္ထုပစ္စည်းတို့၏ ဆေးဘက်ဆိုင်ရာဂုဏ်သတ္တိတို့ကို မှတ်သားနာယူ စုဆောင်းရသည့် အစဉ်အလာများရှိခဲ့ကြခြင်းဖြစ်ပါသည်။ ကျွန်မတို့နိုင်ငံ၏ တိုင်းရင်းဆေးသမားတော်ကြီးများသည်လည်း ရှေးနှစ်ပေါင်းများစွာကပင် တိုင်းရင်းဆေးပညာဖြင့် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ရာတွင် ဒေသနာနယ၊ ဘေသဇ္ဇနယ၊ နက္ခတ္တနယနှင့် ဝိဇ္ဇာဓရနယ ဟူသော နယကြီးလေးပါးထဲမှ တစ်ပါးပါးနှင့် အကျုံးဝင်သော မိမိတို့ကျွမ်းကျင်ရာ နည်းစနစ်ဖြင့် ဆေးဝါးကုသမှုများ ပေးခဲ့ကြခြင်း ဖြစ်ပါသည်။ ယင်းနယကြီးလေးပါးနှင့် ပတ်သက်သော ဆေးပညာရပ်များ ကျွမ်းကျင်တတ်မြောက်ရန်အတွက်လည်း ဒီသာပါမောက္ခကဲ့သို့ ကျွမ်းကျင်သော သမားတော်ကြီးများထံတွင် နှစ်ပေါင်းများစွာ လက်ပွန်းတတီးနေထိုင်၍ လက်တွေ့သင်ကြားတတ်မြောက်ခဲ့ကြသကဲ့သို့ ယနေ့ခေတ်အခါတွင်လည်း ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော တိုင်းရင်းဆေးသိပ္ပံ၊ တိုင်းရင်းဆေးတက္ကသိုလ်မှ လေ့ကျင့်သင်ကြားမွေးထုတ်ပေးလိုက်သော တိုင်းရင်းဆေးပညာရှင်များအပြင် သုံးဘာသာ (ဒ၊ ဘ၊ ဗ)၊ လေးဘာသာ (ဒ၊ ဘ၊ဗ၊ ဝ) စာမေးပွဲ အောင်မြင်ပြီးသူ၊ တစ်နှစ်သင်တန်းအောင်မြင်ပြီးသူ တိုင်းရင်းဆေးပညာရှင် တိုင်းရင်းဆေးဆရာမှတ်ပုံတင်လက်မှတ် (တဆ) ရရှိပြီးသူများကလည်း ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြပါသည်။

**ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ပါဝင်**

တိုင်းရင်းဆေးသိပ္ပံ၊ တိုင်းရင်းဆေးတက္ကသိုလ်မှ လေ့ကျင့်သင်ကြားမွေးထုတ်ပေးလိုက်သော တိုင်းရင်းဆေးပညာရှင်များသည် နိုင်ငံတော်အစိုးရမှ ဖွင့်လှစ်ပေးထားသော တိုင်းရင်းဆေးဆေးရုံ၊ ဆေးကုဌာနများတွင် တာဝန်ထမ်းဆောင်ကြသူများအဖြစ်လည်းကောင်း၊ မိမိတို့ကိုယ်ပိုင်ဆေးကုခန်းများ ဖွင့်လှစ်၍သော်လည်းကောင်း ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူလူထု၏ တိုင်းရင်းဆေးအပေါ် ယုံကြည်အားကိုးမှု၊ နိုင်ငံတော်၏ အားပေးမှု၊ တိုင်းရင်းဆေးဆရာ ပညာရှင်များ၏ ကြိုးစားဆောင်ရွက်မှုများဖြင့် ယနေ့နိုင်ငံတော်အစိုးရသစ်လက်ထက်တိုင် တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ခုတင် (၁၀၀) ဆံ့ တိုင်းရင်းဆေးရုံ သုံး ရုံ၊ ခုတင်(၅၀) ဆံ့ တိုင်းရင်းဆေးရုံ ကိုး ရုံ၊ (၂၅) ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ကိုး ရုံ၊ (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ၁၅ ရုံ၊ ခရိုင်တိုင်းရင်းဆေးကုဌာန ၅၀၊ မြို့နယ်တိုင်းရင်းဆေးကုဌာန ၂၁၀ တို့ဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

> **“တိုင်းရင်းဆေးသိပ္ပံ၊ တိုင်းရင်းဆေးတက္ကသိုလ်မှ လေ့ကျင့်သင်ကြားမွေးထုတ်ပေးလိုက်သော တိုင်းရင်းဆေးပညာရှင်များသည် နိုင်ငံတော်အစိုးရမှ ဖွင့်လှစ်ပေးထားသော တိုင်းရင်းဆေး ဆေးရုံ၊ ဆေးကုဌာနများတွင် တာဝန်ထမ်းဆောင်ကြသူများအဖြစ်လည်းကောင်း၊ မိမိတို့ကိုယ်ပိုင်ဆေးကုခန်းများ ဖွင့်လှစ်၍သော်လည်းကောင်း ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ပါဝင်ဆောင်ရွက်လျက်ရှိ”**

**တိုင်းရင်းဆေးပညာ တွင်ကျယ်လာ**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းဆေးရုံ၊ ဆေးကုဌာနများသို့ လာရောက်ပြသ ကုသမှုခံယူသော လူနာဦးရေ စုစုပေါင်း ၈၂၆၀၀၃ ဦးရှိခဲ့ရာ ယနေ့ခေတ်ကဲ့သို့သဘာဝဆေးပစ္စည်းများကို ကမ္ဘာနှင့်တစ်ဝန်း လက်ခံသုံးစွဲမှုတိုးတက်လာနေချိန်တွင် ကျွန်မတို့၏တိုင်းရင်းဆေးပညာနှင့် ဆေးဝါးများ၏ကဏ္ဍမှာလည်း ပိုမိုတွင်ကျယ်လာသည်ကိုလည်း အားလုံးအသိပင်ဖြစ်ပါသည်။ ထိုကဲ့သို့ ပြည်သူလူထုကယုံကြည်စွာ လက်ခံသုံးစွဲလာကြသည်နှင့်အမျှ ကျွန်မတို့၏ တိုင်းရင်းဆေးပညာရပ်များ၊ ဆေးဝါးများကို ခေတ်စနစ်နှင့်အညီ ပိုမိုယုံကြည်စိတ်ချရသော၊ ဘေးအန္တရာယ်ကင်းရှင်းသော ဆေးဝါးများ၊ ကုထုံးနည်းစနစ်များ ပေါ်ထွက်လာရန်အတွက်လည်း နိုင်ငံတော်၏ အားပေးမြှင့်တင်မှုနှင့်အတူ နီးနွယ်ပညာရှင်များနှင့် ပိုမိုပူးပေါင်းကြိုးစားဆောင်ရွက်ကြရမှာ အမှန်ပင်ဖြစ်ပါသည်။ ကျယ်ပြန့်နက်ရှိုင်းလွန်းလှသည့် ဆေးပညာရပ်တစ်ခု စနစ်တကျ ဖွံ့ဖြိုးတိုးတက်အောင် ပြုစုထိန်းသိမ်းဆောင်ရွက်ကြရန်မှာလည်း ခေတ်အဆက်ဆက် တိုင်းရင်းဆေးပညာရှင်များ၏ သမိုင်းပေးတာဝန်တစ်ရပ်ပင် ဖြစ်ပါသည်။

**မူဝါဒများ ချမှတ်**

ဤကဲ့သို့ ခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရာတွင် ယနေ့ခေတ် နိုင်ငံတော်အစိုးရသစ်လက်ထက်တွင်လည်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး၌ နိုင်ငံတော်က ချမှတ်ထားသော အမျိုးသားရေးမူဝါဒများနှင့်အညီ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့်လည်း မြန်မာ့တိုင်းရင်းဆေးဖြင့် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် မြန်မာ့တိုင်းရင်းဆေးပညာအဆင့်အတန်းမြင့်မားလာစေရန်၊ အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ မွေးထုတ်ပေးရန်နှင့် အရည်အသွေးမြင့်မားသော မြန်မာ့တိုင်းရင်းဆေးများ ပေါ်ထွက်လာစေရန်ဟူသော မျှော်မှန်းချက်များထားရှိကာ မူဝါဒများချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့ ကောင်းမွန်သော မျှော်မှန်းချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုင်းရင်းဆေးပညာလောကအတွက် အမှန်တကယ်အရေးပါသော ဆောင်ရွက်ချက်တစ်ခုဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံသည်လည်း တစ်ခု အပါအဝင်ပင်ဖြစ်ပါသည်။

ကျွန်မတို့၏ မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို နိုင်ငံတော်အစိုးရ၏ အားပေးမှုနှင့်အတူ ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်မှ စတင်ကျင်းပလာခဲ့ရာ ယခု ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပမည့် ညီလာခံသည် (၁၉)ကြိမ်မြောက်ရှိလာပြီ ဖြစ်ပါသည်။ ဤကဲ့သို့ နှစ်စဉ်ကျင်းပလာသော ညီလာခံမှာ နိုင်ငံတော်အဆင့် ညီလာခံဖြစ်သည့်အလျောက် တိုင်းရင်းဆေးပညာရှင်များအတွက် ရည်ရွယ်ချက်ကောင်း၊ ရလဒ်ကောင်း၊ သမိုင်းကြောင်း အစဉ်အလာကောင်းများနှင့် ကျင်းပပြုလုပ်သော ဂုဏ်ယူရသည့် အခမ်းအနားကြီး တစ်ခုပင်ဖြစ်ပါသည်။ ယခုနှစ် (၁၉) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို မြန်မာ့တိုင်းရင်းဆေးလောကဘက်စုံအဆင့်အတန်း မြင့်မားရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာအရည်အသွေး ဖွံ့ဖြိုးတိုးတက်မှု ပိုမိုရရှိစေရန်၊ မြန်မာ့တိုင်းရင်းဆေး ဆရာတို့၏ အရည်အချင်းနှင့် ကျင့်ဝတ်သိက္ခာ ပိုမိုမြင့်မားလာစေရန်၊ မြန်မာ့တိုင်းရင်းဆေးပညာ ကုထုံးများဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကို ပိုမိုစောင့်ရှောက်မှုပေးနိုင်ရန်၊ မြန်မာ့တိုင်းရင်းဆေးဝါးများ အရည်အသွေး ပိုမိုကောင်းမွန်မြင့်မားလာစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ ၂၀၀၀ ပြည့်နှစ်မှစ၍ နှစ်စဉ်နှစ်တိုင်း ကျင်းပလာသော မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံအခမ်းအနားသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ တက်ရောက်လာကြသော ညီလာခံကိုယ်စားလှယ်တော်ကြီးများ၊ နီးနွယ်ပညာရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းရှင်များ အားလုံးစုပေါင်း၍ တိုင်းရင်းဆေးပညာဦးစီးဌာနနှင့်အတူ လက်တွဲညီညီ ဆောင်ရွက်မှုများကြောင့် အောင်မြင်ခဲ့ရခြင်းဖြစ်ပါသည်။

ယခင် ကျင်းပခဲ့သော (၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကြီး၌ အဆို/အထောက်များ ဝိုင်းဝန်းဆွေးနွေးခဲ့မှုများနှင့်ပတ်သက်၍ ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ မလေးရှားနှင့် စင်ကာပူနိုင်ငံများသို့ ပညာတော်သင်များ၊ လေ့လာရေးခရီးများ စေလွှတ်ပေးခဲ့ခြင်း၊ အာဆီယံတိုင်းရင်းဆေးဝါးနှင့် ကျန်းမာရေးဖြည့်စွက်စာဆိုင်ရာ ကောင်းမွန်သော ထုတ်လုပ်မှု ကျင့်စဉ်သင်တန်း ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ အခြေခံတိုင်းရင်းဆေးပညာပေး ရက်တိုသင်တန်းပေးခြင်းနှင့် အိမ်ရှင်မများအတွက် တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာဟူ၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ရိုက်ကူးထုတ်လွှင့်ပြသခဲ့ခြင်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ညီလာခံကြီး ကျင်းပတော့မည်**

(၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကြီးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC-II) ခန်းမကြီး၌ ဒီဇင်ဘာလ ၂၇၊ ၂၈၊ ၂၉ ရက်နေ့များတွင် နိုင်ငံတော်အကြီးအကဲနှင့် တကွ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုနှင့်အတူ နိုင်ငံတစ်ဝန်းမှ ဖိတ်ကြားထားသော တိုင်းရင်းဆေးပညာရှင်သမားတော်ကြီးများ၊ သက်ဆိုင်ရာ နီးနွယ်ပညာရှင်များအားလုံး ဝိုင်းဝန်းပူးပေါင်း၍ တခမ်းတနား ကျင်းပကြတော့မည်ဖြစ်ပါသည်။ ဤညီလာခံကြီးကို သုံးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ ပထမရက်တွင် အကြိုညှိနှိုင်းဆွေးနွေးပွဲ၊ ဒုတိယရက်တွင် တိုင်းရင်းဆေးညီလာခံနှင့် အဆိုပြုတင်သွင်းခြင်း၊ ထောက်ခံဆွေးနွေးခြင်းများ၊ တတိယနေ့တွင် နှီးနှောဖလှယ်ပွဲများ ကျင်းပပေးခြင်းသည် တိုင်းရင်းဆေးပညာရှင် သမားတော်ကြီးများ၏ အတွေ့အကြုံ၊ ဗဟုသုတများနှင့် ကုထုံးကုကွက်တို့ကို မသိမဝှက် ပညာကို သေရွာသို့ ယူမသွားစတမ်းဟူသော မြင့်မြတ်သည့် ခံယူချက်စိတ်ထားတို့ဖြင့် ၎င်းတို့၏ ဘဝတစ်သက်တာ အတွေ့အကြုံများကို မျိုးဆက်သစ်လူငယ် တိုင်းရင်းဆေးပညာရှင်များထံ လက်ဆင့်ကမ်း အမွေအနှစ်များပေးရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ တိုင်းရင်းဆေးပညာရပ်ဝန်းမှ ပညာရှင်များသာမက သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ နီးနွယ်ပညာရှင်များကလည်း စည်းစည်းလုံးလုံးဖြင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးရာမှ ထွက်ပေါ်လာသော ရလဒ်ကောင်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် မြန်မာ့တိုင်းရင်းဆေးလောကကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်လာရန် ရည်ရွယ်၍ မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံကြီး ကျင်းပရခြင်းဖြစ်ပါသည်။

ထိုကဲ့သို့သော ရည်ရွယ်ချက်ကောင်း၊ သမိုင်းအစဉ်အလာကောင်းများဖြင့် ကျင်းပတော့မည့် (၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကြီး၌ ညီလာခံကိုယ်စားလှယ်တော်ကြီးများ၊ တိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့၊ တိုင်းရင်းဆေးနှင့် နီးနွယ်အဖွဲ့အစည်းများ၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း(ယာယီ)နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအား မြန်မာ့တိုင်းရင်းဆေးလောက ပိုမိုစနစ်တကျ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် လက်တွဲညီညီ ဝိုင်းဝန်းကြိုးပမ်းကြပါစို့ဟု (၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲကြီးကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

## ကုန်းကြမ်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဦးစီးဥက္ကဋ္ဌနှင့်အဖွဲ့ ကွင်းဆင်းဆောင်ရွက်

**ကုန်းကြမ်း ဒီဇင်ဘာ ၂၃**

နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် ကုန်းကြမ်းမြို့နယ်သို့ ယမန်နေ့က ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်နှင့်အတူ ဒေသဦးစီးအဖွဲ့ အတွင်းရေးမှူး ဦးထွန်းကျော်ကျော်၊ ဒေသဦးစီးအဖွဲ့ဝင် ဦးစန်းလွင်၊ ဒေသဦးစီးအဖွဲ့ဝင် ပလောင်တိုင်းရင်းသားကိုယ်စားလှယ် ဦးအိုက်ကော၊ ဒေသဦးစီးအဖွဲ့ဝင် ဗမာတိုင်းရင်းသားကိုယ်စားလှယ် ဦးအောင်ထိန်လင်းနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများသည် ကုန်းကြမ်းမြို့နယ်အတွင်းရှိ မြို့တွင်းလမ်းများ ချဲ့ထွင်ရေးလုပ်ငန်း၊ မြို့ရှောင်လမ်းဖောက်လုပ်ရန် လျာထားမှုအခြေအနေများ၊ ကုန်းကြမ်းမြို့မဈေးတွင်း သန့်ရှင်းသာယာရေးအတွက် ဆောင်ရွက်ထားရှိမှု လုပ်ငန်းများကို ကြည့်ရှုပြီး လိုအပ်သည်များကို သက်ဆိုင်ရာဌာနအလိုက် မှာကြားဆောင်ရွက်သည်။

ထို့နောက် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံပြီး ကုန်းကြမ်းမြို့၏ ပညာရေး၊ ကျန်းမာရေးနှင့်လူမှုရေးကဏ္ဍများကို မြှင့်တင်နိုင်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ ကုန်းကြမ်းမြို့သည် ကုန်းတွင်းပိတ်မြို့ဖြစ်သည့်အတွက် ဖွံ့ဖြိုးမှုအရှိန်နောက်ကျမှုရှိကြောင်း၊ ကုန်းကြမ်းမြို့တွင် အရည်အသွေးကောင်းမွန်သော လက်ဖက်ခြောက် ထုတ်ကုန်ရှိကြောင်း၊ လက်ဖက်ကို ကုန်းကြမ်းမြို့ထုတ်ကုန်တစ်ခုအနေဖြင့် အောင်မြင်အောင်ဆောင်ရွက်နိုင်ရေးအတွက် ကြိုးစားပေးစေလိုကြောင်း၊ နိုင်ငံ့တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအနေဖြင့် မိမိတို့ တာဝန်ကျရာဒေသကို ဒုတိယမွေးဇာတိအနေဖြင့် သဘောထားပြီး ဒေသအကျိုး၊ လူမျိုးအကျိုးအတွက် ဘာတွေဆောင်ရွက်ပြီးပြီလဲဟုတွေးပြီး ထိုဒေသအကျိုးကို ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့ ဒေသဦးစီးအဖွဲ့အနေဖြင့် ဌာနဆိုင်ရာများနှင့် ဒေသအကျိုးအတွက် ကိုယ်စွမ်းရှိသရွေ့ ကူညီဆောင်ရွက်ပေးမည်ဖြစ်ပြီး မိမိတို့အနေဖြင့် မတတ်နိုင်ပါက ပြည်နယ်အစိုးရအဖွဲ့၊ ပြည်ထောင်စုအစိုးရအဖွဲ့များထံ တင်ပြတောင်းခံပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာများက မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့်မူဆယ်ခရိုင်ဒီမိုခနီ ရှမ်းကော်မတီတို့ ပူးပေါင်းကျင်းပသော



ကလေးစာပေပွဲတော်



ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ

(မူဆယ်မြို့)

၂၀၁၈-ခုနှစ်၊ ဒီဇင်ဘာလ (၂၈၊၂၉၊၃၀)ရက်၊ (သောကြာ၊စနေ၊တနင်္ဂနွေ)နေ့များတွင် နံနက်(၉)နာရီမှ ညနေ(၄)နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

မင်္ဂလာမူဆယ်၊ မူဆယ်မြို့


# အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၄) တွင် ထိပ်ဆုံးနှစ်သင်း ထိပ်တိုက်တွေ့ဆုံ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၄)ကို ဒီဇင်ဘာ ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဇယားထိပ်ဆုံးမှ မြဝတီနှင့် အား/ကာသိပ္ပံအသင်း ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ပွဲစဉ်(၄)အဖြစ် ဒီဇင်ဘာ ၂၄ ရက် **(ယနေ့)** တွင် ဂန္ဓမာအသင်းနှင့် YREO အသင်း၊ ဒီဇင်ဘာ ၂၆ ရက်တွင် တက္ကသိုလ်အသင်းနှင့် ဇွဲကပင်အသင်း၊ ဒီဇင်ဘာ ၂၇ ရက်တွင် သစ္စာအားမာန်အသင်းနှင့် အား/ကာဦးစီးဌာနအသင်း၊ ဒီဇင်ဘာ ၂၇ ရက်တွင် အား/ကာသိပ္ပံအသင်းနှင့် လက်ရှိချန်ပီယံ မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၃) အပြီးတွင် မြဝတီအသင်းက ကိုးမှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး အား/ကာသိပ္ပံ၊ သစ္စာအားမာန်နှင့် အား/ကာဦးစီးဌာနအသင်းတို့က ခုနစ်မှတ်စီရထားသော်လည်း ဂိုးကွာခြားချက်ဖြင့် အား/ကာသိပ္ပံက ဒုတိယ၊ သစ္စာအားမာန်က တတိယနှင့် အား/ကာဦးစီးဌာနက စတုတ္ထနေရာတွင် ရပ်တည်နေသည်။ ယင်းအသင်းများ၏ နောက်တွင် ဂန္ဓမာအသင်းက သုံးမှတ်၊ YREO အသင်းက တစ်မှတ်ရထားပြီး ဇွဲကပင်နှင့် တက္ကသိုလ်အသင်းမှာ သုံးပွဲစလုံး ရှုံးနိမ့်ထားသည်။ ယခုတစ်ပတ်တွင် အမှတ်ပေးဇယားထိပ်ဆုံးမှ အသင်းများ အချင်းချင်း တွေ့ဆုံနေပြီး ဇယားရပ်တည်မှုများ အပြောင်းအလဲဖြစ်ပေါ်ဖွယ်ရှိနေသည်။ နှစ်နှစ်ဆက်ချန်ပီယံ မြဝတီအသင်းအနေဖြင့် ယခုရာသီတွင် ပထမဆုံးစမ်းသပ်ခံရမည့်ပွဲဖြစ်ပြီး ချန်ပီယံဆုကာကွယ်နိုင်ရန် အသင်းကြီးများအချင်းချင်း တွေ့ဆုံသည့်ပွဲများတွင် ရလဒ်ကောင်းရရန် လိုအပ်နေသည်။ သစ္စာအားမာန်နှင့် အား/ကာဦးစီးဌာနအသင်းမှာလည်း ထိပ်ဆုံးနှစ်သင်း တွေ့ဆုံမှုကို အခွင့်ကောင်းယူနိုင်ရန် လိုအပ်နေပေသည်။

**ရဲရင့်ရှိုင်း**

# မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း အာရှခြေစစ်ပွဲအတွက် ပဏာမကစားသမား ၂၈ ဦး ရွေးချယ်



ပထမအဆင့်ခြေစစ်ပွဲယှဉ်ပြိုင်ခဲ့သည့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း။

ဓာတ်ပုံ-စိုးညွန့်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ၂၀၁၉ ခုနှစ် ဧပြီတွင် ယှဉ်ပြိုင်ရမည့် အာရှယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့်အတွက် ပဏာမကစားသမား ၂၈ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာယူ-၁၉ အမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ-** ဒေါ်မြတ်မြတ်ဦး၊ **နည်းပြချုပ်-** ဒေါ်သက်သက်ဝင်း၊ **လက်ထောက်နည်းပြ -** ဒေါ်စန်းစန်းမော်၊ ဒေါ်စန်းယုနိုင်၊ **ဂိုးနည်းပြ-** ဦးကိုကိုအောင်၊ ကစားသမားများအဖြစ် **ဂိုး -** ထက်အိန္ဒြာလင်း၊ သရဖီအောင်၊ ဇူးလတ်နဒီ၊ သော်သော်နိုင်၊ **နောက်တန်း-**အိအိကျော်၊ နှင်းမြသဇင်၊ ကြည်ပြာလင်း၊ လင်းမြင့်မိုရ်၊ မိုးမမစိုး၊ နန့်ဇူဇူထက်၊ နော်ထက်ထက်ဝေ၊ သဇင်အောင်၊ သဲအိမိုး၊ ဇင်ယော်ခင်၊ ဇွန်ယုယဦး၊ **အလယ်တန်း-** အေးအေးထွေး၊ ဘွဲ့လျှန်ကိန်း၊ မေဖူးကို၊ မိုးမိုးသန်း၊ နန်းဟွမ်လှိုင်၊ သန္တာဝင်း၊ ဝင်းစန္ဒာထွန်း၊ **ရှေ့တန်း-** အေးမြတ်ခိုင်၊ နော်အိမွေဖော၊ အိစန္ဒာဇော်၊ လင်းလဲ့ဦး၊ နွယ်နီဝင်း၊ စန်းသော်သော်တို့ ပါဝင်ကြသည်။ မြန်မာယူ-၁၉ အမျိုးသမီးအသင်းသည် အာရှယူ-၁၉ ခြေစစ်ပွဲပထမအဆင့်ကို အောက်တိုဘာလက ယှဉ်ပြိုင်ခဲ့ပြီး တစ်လကျော်နီးပါး လေ့ကျင့်မှုရပ်နားကာ ဒီဇင်ဘာ ၂၄ ရက် **(ယနေ့)** တွင် လေ့ကျင့်မှုစတင်ပြုလုပ်မည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ပထမအဆင့်ခြေစစ်ပွဲယှဉ်ပြိုင်ခဲ့သည့် ကစားသမားအများစုဖြင့် ပြန်လည်ဖွဲ့စည်းထားခြင်းဖြစ်ပြီး ကစားသမားသစ်အချို့ ပြန်လည်ပါဝင်လာသည်။ မြန်မာယူ-၁၉ အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ဆက်လက်ကိုင်တွယ်မည်ဖြစ်ပြီး ၂၀၁၉ အာရှ ယူ-၁၉ ခြေစစ်ပွဲအောင်မြင်ရန် အချိန်ယူပြင်ဆင်မည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ဖေဖော်ဝါရီမှစ၍ ခြေစမ်းပွဲစတင်ကစားမည်ဖြစ်ပြီး ပြည်ပလေ့ကျင့်ရေးခရီးစဉ်နှင့် နိုင်ငံတကာခြေစမ်းပွဲများ ကစားခွင့်ရရန်လည်း ဆောင်ရွက်လျက်ရှိသည်။

မြန်မာယူ-၁၉ အမျိုးသမီးအသင်း ယှဉ်ပြိုင်မည့် အာရှယူ-၁၉ ခြေစစ်ပွဲ ဒုတိယအဆင့်တွင် ပထမအဆင့်မှ တက်ရောက်လာသည့် တောင်ကိုရီးယား၊ ဩစတြေးလျ၊ ဗီယက်နမ်၊ ဥဇဘက်ကစ္စတန်၊ မြန်မာ၊ အီရန်၊ လက်ဘနွန်၊ နီပေါအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ပထမအဆင့်မှတက်လာသည့် ရှစ်သင်းကို လေးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# နည်းပြသစ်နှင့် မန်ယူကစားသမားများ ဂိုးပြတ်အောင်ပွဲခံခဲ့သည့် ပရီမီယာလိဂ် ပွဲစဉ်(၁၈)

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၁၈) ပွဲစဉ်များမှ စနေနေ့ည နောက်ဆုံးပွဲစဉ်ဖြစ်သည့် ကာဒစ်ဖ်နှင့် မန်ယူအသင်းတို့ ဒီဇင်ဘာ ၂၃ ရက် နံနက်က ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်း ငါးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင် ကာဒစ်ဖ်အသင်းသည် ၄-၁-၄-၁ ကစားကွက်ဖြင့် တိုက်စစ်ပိုင်းတွင် ပတ်တာဆန်ကို အထောင်ထားပွဲထွက်ခဲ့ပြီး နည်းပြသစ် ဆိုးလ်ရှား၏ မန်ယူအသင်းသည် ၄-၃-၃ တိုက်စစ်ပုံစံဖြင့် ပွဲထွက်လာကာ တိုက်စစ်ပိုင်းတွင် မာရှယ်၊ ရက်ရှ်ဖို့ဒ်နှင့် လင်ဂတ်တို့ ပါဝင်ခဲ့သည်။

ပွဲစပြီး သုံးမိနစ်တွင် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်က ပြစ်ဒဏ်ဘောမှ တိုက်ရိုက်သွင်းယူကာ မန်ယူအသင်း ဦးဆောင်ဂိုးရခဲ့သည်။ ပွဲချိန် ၂၉ မိနစ်တွင် ဟာရဲရားက မန်ယူအတွက် ဒုတိယဂိုးသွင်းယူခဲ့ပြီး ကာဒစ်ဖ်အသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၃၈မိနစ်တွင် ကာမာရာဆာက ပယ်နယ်တီ သွင်းယူခဲ့သည်။

မန်ယူအသင်းအတွက် အနိုင်ဂိုးများကို ပွဲချိန် ၄၁ မိနစ်တွင် မာရှယ်၊ ၅၇ မိနစ်တွင် လင်ဂတ်က ပယ်နယ်တီသွင်းယူပြီး နောက်ဆုံးဂိုးကို ပွဲပြီးခါနီး မိနစ် ၉၀ တွင် ပေါ့ဘာဖန်တီးမှုမှတစ်ဆင့် လင်ဂတ်က ဂိုးသမားကို ကျော်ဖြတ်၍ ထပ်မံသွင်းယူခဲ့သည်။ ယင်းပွဲတွင် မန်ယူအသင်းသည် ဘောလုံးပိုင်ဆိုင်မှု အသာစီးရရှိခဲ့ပြီး ကွင်းလယ်ကစားသမားများကလည်း တိုက်စစ်ပိုင်းကို ပိုမိုပံ့ပိုးပေးနိုင်ခဲ့သည်။ မန်ယူအသင်းသည် ယင်းပွဲတွင် ငါးဂိုးထိ သွင်းယူခဲ့သည့်အတွက် ဂန္ထဝင်နည်းပြကြီး ဖာဂူဆန် နောက်ပိုင်း ပထမဆုံးပွဲဖြစ်လာခဲ့ပြီး ယာယီနည်းပြသစ် ဆိုးလ်ရှားအနေဖြင့် ပွဲဦးထွက် မျက်နှာပန်းလှခဲ့သည်။

ပွဲစဉ်(၁၈)ယှဉ်ပြိုင်အပြီး မန်ယူအသင်းသည် ရမှတ် ၂၉မှတ်ဖြင့် အဆင့် ၆ တွင် ဆက်လက်ရပ်တည်နေပြီး အဆင့် ၄၊ ၅ မှ ချယ်လ်ဆီး၊ အာဆင်နယ်တို့နှင့် ရှစ်မှတ်အထိ ကွာနေသေးသည်။ ကာဒစ်ဖ်အသင်းသည် ရမှတ် ၁၄မှတ်ဖြင့် တန်းဆင်းဇုန်အထက် အဆင့် ၁၇ တွင် ရပ်တည်နေပြီး ရုန်းကန်ရဦးမည်ဖြစ်သည်။ ပွဲစဉ်(၁၉)တွင် မန်ယူအသင်းသည် အိမ်ကွင်းတွင် ဟက်ဒါဖီးလ်ကို ဧည့်ခံကစားရမည်ဖြစ်ပြီး ကာဒစ်ဖ်အသင်းသည် ပဲလေ့စ်အသင်းကို အဝေးကွင်းတွင် သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သီဟ**



# ရီးရဲမက်ဒရစ်အသင်း ကမ္ဘာ့ကလပ်ဖလားအား စံချိန်တင်ဆွတ်ခူး

ကမ္ဘာ့ကလပ်ဖလားဗိုလ်လုပွဲကို ဒီဇင်ဘာ ၂၂ ရက်ညပိုင်းက စပိန်နာမည်ကြီး ရီးရဲမက်ဒရစ်အသင်းနှင့် အာရပ်ဒါဘီကလပ် အယ်လ်အိန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရီးရဲမက်ဒရစ်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ယူပြီး ကမ္ဘာ့ကလပ်ဖလားအား စံချိန်တင်ဆွတ်ခူးနိုင်ခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ ရီးရဲမက်ဒရစ်အသင်းသည် ကမ္ဘာ့ကလပ်ဖလားကို သုံးနှစ်ဆက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း လေးကြိမ်ဗိုလ်စွဲထားကာ အကြိမ်ရေအများဆုံး ရယူထားနိုင်သည့် အသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ရီးရဲမက်ဒရစ်အသင်းနှင့်အတူ ဆုဖလား ၁၅ လုံးအထိ ရယူထားနိုင်သော လူကာမိုဒရစ်သည် အသင်းအတွက် ဗိုလ်လုပွဲတွင် ပထမဆုံးအကြိမ် ဂိုးသွင်းယူနိုင်ခဲ့ကြောင်းလည်း သိရသည်။ ရီးရဲမက်ဒရစ်အသင်းအတွက် ဂိုးများကို ပွဲကစားချိန် ၁၄ မိနစ်တွင် တိုက်စစ်ကစားသမား ဘင်ဇီမာ၏ ဖန်တီးပေးမှုမှတစ်ဆင့် မိုဒရစ်က အဖွင့်ဂိုးသွင်းယူနိုင်ခဲ့ပြီး မိနစ် ၆၀ တွင် မာကိုစ် လော်ရန်တီ၊ ၇၈ မိနစ်တွင် ဆာဂျီယိုရာမို့စ်တို့၏ သွင်းဂိုးများဖြင့် ပြိုင်ဘက်အသင်းအပေါ် ဂိုးပြတ်ဦးဆောင်နိုင်ခဲ့သည်။ အယ်လ်အိန်အတွက် ချေပဂိုးကို ပွဲကစားချိန် ၈၆ မိနစ်တွင် ရှီယိုတာနီက သွင်းယူနိုင်ခဲ့ပြီး မိနစ် ၉၀ တွင် အယ်လ်အိန်အသင်းမှ နာဒါက ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့၍ ရီးရဲမက်ဒရစ်တို့ လေးဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား တိုနီခရူးသည် ကမ္ဘာ့ကလပ် ဗိုလ်လုပွဲခြောက်ပွဲတွင် ငါးကြိမ် ဆုဖလားရယူထားနိုင်သည့် ကစားသမားတစ်ဦးဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ အဆိုပါဆုဖလားကို ရယူထားနိုင်ခဲ့ပြီး ၂၀၁၄၊ ၂၀၁၆၊ ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်တို့တွင် ရီးရဲမက်ဒရစ်အသင်းနှင့်အတူ ရယူထားနိုင်ကြောင်း သိရသည်။

**အောင်ဇော်**

◆ *ကျော့ဖုံးမှ*

Putra Cup အသင်းလိုက်ပြိုင်ပွဲတွင် ထိုင်းအသင်းမှ ယနေ့ရိုက်ချက် ၂၁၄ ချက် လေးရက်ပေါင်းရိုက်ချက် ၈၄၇ ချက်ဖြင့် ပထမ၊ ဖိလစ်ပိုင်အသင်းမှ ယနေ့ရိုက်ချက် ၂၂၀ ချက် လေးရက်ပေါင်းရိုက်ချက် ၈၆၉ ချက်ဖြင့် ဒုတိယ၊ စင်ကာပူအသင်းမှ ယနေ့ရိုက်ချက် ၂၁၄ ချက် လေးရက်ပေါင်းရိုက်ချက် ၈၇၁ ချက်ဖြင့် တတိယဆုကို လည်းကောင်း။

အမျိုးသမီးပွဲစဉ်များအဖြစ် Santi Cup တစ်ဦးချင်းပြိုင်ပွဲတွင် Bianca Isabel Pagdanganan (ဖိလစ်ပိုင်)က ယနေ့ရိုက်ချက် ၆၉ ချက် လေးရက်ပေါင်းရိုက်ချက် ၂၇၈ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျှော့၍ ပထမ၊ Lois Kaye Go (ဖိလစ်ပိုင်)က ယနေ့ရိုက်ချက် ၇၀ လေးရက်ပေါင်းရိုက်ချက် ၂၈၁ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျှော့၍ ဒုတိယ၊ Napabhach Boon-IN (ထိုင်း)က ယနေ့ရိုက်ချက် ၇၅ ချက် လေးရက်ပေါင်းရိုက်ချက် ၂၈၇ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့၍ တတိယဆုကို လည်းကောင်း။

Santi Cup အသင်းလိုက်ပြိုင်ပွဲတွင် ဖိလစ်ပိုင်အသင်းမှ ယနေ့ရိုက်ချက် ၁၃၉ ချက် လေးရက်ပေါင်း ရိုက်ချက် ၅၅၉ ချက်ဖြင့် ပထမ၊ ထိုင်းအသင်းမှ ယနေ့ရိုက်ချက် ၁၄၇ ချက် လေးရက်ပေါင်းရိုက်ချက် ၅၇၇ ချက်ဖြင့် ဒုတိယ၊ မလေးရှားအသင်းမှ ယနေ့ရိုက်ချက် ၁၄၃ ချက် လေးရက်ပေါင်း ရိုက်ချက် ၅၉၃ ချက်ဖြင့် တတိယဆုကို လည်းကောင်း။

Kartini Cup တစ်ဦးချင်းပြိုင်ပွဲတွင် Jumpita Chul-Ak-Som (ထိုင်း)က ယနေ့ရိုက်ချက် ၇၀ လေးရက်ပေါင်း ရိုက်ချက် ၂၈၇ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့၍ ပထမ၊ သင်းဝေခိုင်(မြန်မာ)က ယနေ့ ရိုက်ချက် ၇၇ ချက် လေးရက်ပေါင်းရိုက်ချက် ၂၉၃ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက်ငါးချက်ပို၍ ဒုတိယ၊ Junia Louise Gabasa (ဖိလစ်ပိုင်)က ယနေ့ရိုက်ချက် ၇၉ ချက် လေးရက်ပေါင်း ရိုက်ချက် ၂၉၉ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်ပို၍ တတိယဆုကို လည်းကောင်း။

Kartini Cup အသင်းလိုက်ပြိုင်ပွဲတွင် ထိုင်းအသင်းမှ ယနေ့ရိုက်ချက် ၁၄၈ ချက် လေးရက်ပေါင်းရိုက်ချက် ၅၉၀ ဖြင့် ပထမ၊ ဖိလစ်ပိုင်အသင်းမှ ယနေ့ရိုက်ချက် ၁၅၂ ချက် လေးရက်ပေါင်းရိုက်ချက် ၆၀၁ ချက်ဖြင့် ဒုတိယ၊ မလေးရှားအသင်းမှ ယနေ့ရိုက်ချက် ၁၅၉ ချက် လေးရက်ပေါင်းရိုက်ချက် ၆၁၃ ချက်ဖြင့် တတိယဆုကိုလည်းကောင်း ရရှိခဲ့သည်။

ပြိုင်ပွဲများအပြီး ဆုပေးပွဲအခမ်းအနားကို ညနေပိုင်းတွင် မြတ်နန်းယုံဟိုတယ်၌ ကျင်းပရာ ဆုများကို အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၂၄-၁၂-၂၀၁၈ (တနင်္လာနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၉း၁၀ - BBC Click
၉း၄၅ - ရတနာအလားကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ "Copan" (Honduras)
၁၀း၃၀ - "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၉၁)
၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၂း၃၀ - "ခရစ္စမတ်ရဲ့အမွှန်မြတ်ဆုံးလက်ဆောင်"
၁၃း၀၀ - သုခမရင်ခွင်အငြိမ့်သဘင် "အလင်္ကာဖန်တီးရှင်အငြိမ့်" မင်းသမီး-ယွန်းရွှေစင်၊ လူရွှင်တော်-အောရိန်း၊ ချစ်ဖူး၊ ထူးချွန်၊ ပေါင်မုန့်၊ ဒါရိုက်တာ-ဖုန်းမြင့်အောင်

**ညပိုင်း**

၁၆း၂၅ - အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ်(ဒဿနိကဗေဒ အထူးပြု)(ဒဿနကဗေဒ)
၁၈း၃၅ - ဥပဒေရေးရာအဖြာဖြာ "ယုံကြည်မှုဆိုတာ" ဒိတ်ဒိတ်၊ ဦးစံပေါ၊ ဦးချစ်ဦး၊ ကိုချမ်း၊ တော်မီလှိုင်၊ ခင်ဖြူဖြူသန့်၊ ဒေါ်အမာကြည်၊ မသန္တာ၊ ဒေါ်မို့မို့သိန်း၊ ဒါရိုက်တာ-ဝဠေု(ဝသန်)
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၆၈)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - "ငွေစက္ကူနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးမှု"
- ဥပဒေစကားဝိုင်း "ဆက်သွယ်ရေးဥပဒေအကြောင်း သိကောင်းစရာ"
- နိုင်ငံခြားဇာတ်လမ်းတွဲ "အိမ်ကြီးသခင်"(အပိုင်း-၂၄)

# ဟားခါးမြို့နယ် လမ်သုတ်ကျေးရွာအနီး ယာဉ်တစ်စီးချောက်ထဲထိုးကျ၍ ငါးဦးသေဆုံး၊ ၁၇ ဦးဒဏ်ရာရ

**ဟားခါး ဒီဇင်ဘာ ၂၃**

ချင်းပြည်နယ် ဟားခါးမြို့နယ် လမ်သုတ်ကျေးရွာနှင့် လုံကျွေးကျေးရွာအနီး မိုင်တိုင် ၄၁ (၂/၃)ဖာလုံအကြားတွင် ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီခန့်က ကလေးမြို့မှ ဟားခါးမြို့သို့ ယာဉ်မောင်း မောင်ဘွေလျှန်း မောင်းနှင်လာသော ခရီးသည်တင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ ချောက်ထဲသို့ ပေ ၁၅၀ ခန့် ထိုးကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းဖြစ်သူ မောင်ဘွေလျှန်း(၂၁နှစ်)နှင့်အတူ ယာဉ်ပေါ်လိုက်ပါလာသူ သုံးဦး နေရာမှာပင် သေဆုံးခဲ့ကြပြီး တစ်ဦးမှာ ဟားခါးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်စဉ် သေဆုံးခဲ့သည်။ ကျန်ခရီးသည်များ အနက် သုံးဦး (စိုးရိမ်ရ)၊ ၁၄ ဦး (မစိုးရိမ်ရ) ဒဏ်ရာများ ရရှိသဖြင့် စုစုပေါင်း ဒဏ်ရာရရှိသူ ၁၇ ဦးကို ဟားခါးမြို့ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

အခင်းဖြစ်ပွားရာနေရာသို့ ဟားခါးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ငြိမ်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေးအသင်းယာဉ်များဖြင့် ကူညီပို့ဆောင်ခဲ့ကြပြီး ယာဉ်မောင်း မောင်ဘွေလျှန်း(သေဆုံး)ကို ဟားခါးမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**မြင့်နိုင်စိုး(ထီးလှိုင်မြေ)**



# ကျွန်းစုမြို့နယ်အနီး ပင်လယ်ပြင်တွင် စက်လှေတစ်စင်းတိမ်းမှောက်၍ နှစ်ဦးသေဆုံး

**ကျွန်းစု ဒီဇင်ဘာ ၂၃**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် နေကြာအော်ကျေးရွာအရှေ့ ရေပြင်၌ ဒီဇင်ဘာ ၂၃ ရက် နံနက် ၁၁ နာရီခွဲခန့်က စက်လှေတစ်စင်း ခုတ်မောင်းနေစဉ် သစ်တုံးကိုတိုက်မိပြီး တိမ်းမှောက်ခဲ့ရာ အမျိုးသမီးနှစ်ဦး သေဆုံးခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ကနဦးသိရသည်။

မြိတ်မြို့မှ ကျွန်းစုမြို့နယ်အတွင်းရှိ ကျွန်းများသို့ ဒီဇင်ဘာ ၂၃ ရက် နံနက် ၁၁ နာရီခွဲက အလည်အပတ်ခရီးစဉ် ထွက်ခွာလာသည့် ထူးထက်ရှိန် ခရီးသွားလုပ်ငန်းမှ အမြန်ရေယာဉ်သည် ပဲ့နင်း ဦးစိုးအောင် မောင်းနှင်ပြီး ခရီးသည် အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ခုနစ်ဦး၊ လှေသားနှစ်ဦး စုစုပေါင်း ၁၉ ဦးတို့ လိုက်ပါလာစဉ် နေကြာအော်ကျေးရွာ အရှေ့ ရေပြင်အရောက် သစ်တုံးကို တိုက်မိပြီး တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လှေတိမ်းမှောက်မှု ဖြစ်ပွားရာနေရာသို့ နေကြာအော်ကျေးရွာမှ ဒေသခံများက ပိုက်လှေများဖြင့် သွားရောက်ကူညီကယ်ဆယ်ခဲ့ကြရာ ခရီးသည်များထဲမှ ဒေါ်ကြင်စု(ခ)ဒေါ်ခင်ချို (၆၆ နှစ်) မန္တလေးမြို့နေသူနှင့် ဒေါ်ခင်သောင်းတင် (၆၈နှစ်)စမ်းချောင်းမြို့နယ် ရန်ကုန်မြို့နေသူတို့ သေဆုံးသွားကြောင်း သိရသည်။ ကျန်ခရီးသည်များကို နေကြာအော်ကျေးရွာမှ မြိတ်မြို့သို့ ပြန်လည်ခေါ်ဆောင်ခဲ့ပြီး ဒဏ်ရာရသူများကို မြိတ်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ထားကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# မြဝတီမြို့တွင် လမ်းသွားလမ်းလာများကို ဓားဖြင့် လိုက်လံရန်ပြုသူအား အရေးယူ

**ဘားအံ ဒီဇင်ဘာ ၂၃**

ကရင်ပြည်နယ် မြဝတီမြို့တွင် ဒီဇင်ဘာ ၂၂ရက် ညနေပိုင်းက လမ်းသွားလမ်းလာများကို အကြောင်းမဲ့ ဓားဖြင့် လိုက်လံရန်ပြုသူအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၀ ရက် ည ၇ နာရီခန့်က မြဝတီမြို့အမှတ် ၃ ရပ်ကွက်နေ အောင်ဖြိုးနှင့် မောင်မောင်တို့ကို အမျိုးသားတစ်ဦးက ဓားဖြင့်ထိုးကာ ထွက်ပြေးသွားသဖြင့် ဒဏ်ရာများရရှိခဲ့၍ မြဝတီမြို့ပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူကို ရဲတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းပိတ်ဆို့ရှာဖွေစဉ် ဒီဇင်ဘာ ၂၂ ရက် ညနေ ၆ နာရီ ၄၅ မိနစ်တွင် မြဝတီမြို့ အမှတ်(၃)ရပ်ကွက် ဗန္ဓုလလမ်း ကြံခင်းဘုန်းတော်ကြီးကျောင်းအနီး လမ်းမပေါ်တွင် ဆိုင်ကယ်မောင်းနှင်လာပြီး ဓားတစ်ချောင်းလွယ်လာသူကို စစ်ဆေးရာ ပြစ်မှုကျူးလွန်သူ ထက်ကျော်(ခ) ဖုန်းထက်ကျော်(၂၇နှစ်) မြဝတီမြို့နေသူဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မြဝတီမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**

# မောင်တောမြို့နယ်၌ ဆေးလိပ်တောင့် ၅၅၀ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

မောင်တောမြို့နယ် နယ်မြေ(၃)နယ်ခြားမှတ်တိုင်(၃၆)အနီး၌ ဒီဇင်ဘာ ၂၃ ရက် နံနက် ၂ နာရီက လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေလုံခြုံရေး ဆောင်ရွက်နေစဉ် လျှိုအတွင်းမှ တောတိုးသံနှင့် လူသံများ ကြားရသဖြင့် လျှိုအတွင်းဆင်း၍ စစ်ဆေးရာ အမျိုးသားများ(စိစစ်ဆဲ) သယ်ဆောင်လာသည့် ဆာလာအိတ်များ ပစ်ချထွက်ပြေးသွားပြီး တစ်အိတ်လျှင် အတောင့် ၅၀ ပါ ဆာလာအိတ် ၁၁ အိတ်ဖြင့် ထည့်ထားသည့် Man San တံဆိပ်ပါ ဆေးလိပ်တောင့် ၅၀၀ နှင့် Marble တံဆိပ်ပါ ဆေးလိပ်တောင့် ၅၀ စုစုပေါင်း ဆေးလိပ်တောင့် ၅၅၀ တန်ဖိုးငွေကျပ် ၆၄၀၀၀၀၀ ခန့်ကို တွေ့ရှိသဖြင့် အမှတ်(၆) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ စစ်ကြောင်းရုံး(တောင်ပြို) စခန်းသို့ သယ်ဆောင်သိမ်းဆည်း၍ ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




**ရဲပြန်ကြား**

# မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

မောင်တောမြို့နယ် နယ်မြေ(၁) နခခ(၅)အောင်သပြေနယ်မြေရုံးမှ ရဲမှူး အောင်ဆွေဦး ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ စကားပြန်တစ်ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၁၁)နယ်ခြားစောင့်တပ် Lembuchari ကင်းစခန်းမှူး Subedar Md. Mahamud Hossain ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ စကားပြန်/လမ်းပြ သုံးဦးတို့သည် ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီခွဲက မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် (၅၀)မှ (၅၁)အထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# မရမ်းချောင်စစ်ဆေးရေးအဖွဲ့ လိုင်စင်မဲ့ယာဉ်စစ်ဆေးတွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၂၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၈၉၉ စီး၊ သွင်းကုန် ၆၂၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၅၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၂ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၅ ဒသမ ၆၂၀ သန်းရှိပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၂၂ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် တိုယိုတာဝစ် ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါလိုင်စင်မဲ့ယာဉ် ခန့်မှန်းတန်ဖိုး ငွေကျပ် ၄ ဒသမ ၅ သန်းကို ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဟိုပုံး၊ ပင်လောင်းနှင့် မိုင်းပျဉ်းမြို့နယ်တို့တွင် ဘိန်းစိုက်ခင်းများဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ဟိုပုံးမြို့နယ် စံဖူးကျေးရွာ အရှေ့ဘက်၌ ဒီဇင်ဘာ ၂၂ ရက် နံနက် ၇ နာရီ ၄၅ မိနစ်က အမြင့် သုံးပေခွဲခန့်ရှိ ဘိန်းခင်း၂၇ ကေအား ဟိုပုံးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မင်းဟန်ဦးစီးသည့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အလားတူ ပင်လောင်းမြို့နယ် ဝါးရန်ကျေးရွာ၊ ဝါးပြုံးကျေးရွာနှင့် ကန်ချုပ်ဒိုင်ကျေးရွာတို့၌ ဘိန်းခင်း ၃၃ ကေကိုလည်းကောင်း၊ မိုင်းပျဉ်းမြို့နယ် ဝမ်နောင်ကျေးရွာတို့၌ ဘိန်းခင်း ငါးကေကိုလည်းကောင်း သွားရောက်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**


● စည်းကမ်းကို အုတ်မြစ်ချသည် စနစ်ကို တည်ဆောက်သည်၊ ပညာဖြင့် အလှဆင်သည်။
● လာပါ၊ လေ့လာပါ၊ နှိုင်းယှဉ်ပါ၊ သာတယ်ထင်မှ အပ်ပါ။
၂၀၁၉-၂၀ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ။
ဒေါက်တာအောင်မျိုးမင်း နှင့် ဦးထွန်းအောင်ကျော် ဦးစီးသော . . .
UEC
United Education Centre
ကိုယ်ပိုင်အထက်တန်းကျောင်း
KG မှ တက္ကသိုလ်ဝင်တန်းထိ
အဆင့်မြင့်ဘော်ဒါ နှင့် DAY CAMP
အဆင့်မြင့်ဘော်ဒါ – ၇၊၈၊၉၊၁၀ တန်းများအတွက် ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးသန့်ထားရှိသည်။ တည်ထောင်သူများကိုယ်တိုင် အဆောင်များတွင် အနီးကပ် နေထိုင်စောင့်ရှောက်သည်။ Air-Con တပ် အိပ်ခန်းများနှင့် စာသင်ခန်းများထားရှိသည်။
DAY CAMP – (၄)တန်းမှ တက္ကသိုလ်ဝင်တန်းအထိ SPECIAL CAMP တန်းများဖွင့်လှစ်သည်။ အိမ်တွင် မိမိရင်သွေးအား ပြန်မကြည့်နိုင်သော မိဘများအတွက် ရည်ရွယ်သည်။ သင်ကြား၊ လေ့ကျင့်၊ ဖြေဆိုမှုပြည့်စုံ၍ ကျူရှင်ထပ်ယူရန် မလိုတော့ပါ။
မူလတန်း၊ အလယ်တန်း – English 4 - skills၊ ဝန်းချီ၊ တွန်မြူတာ၊ Kids invent စသော Extracurricular Activities များပါဝင်သည်၊
■ Limited Class size များဖြစ်ပါသဖြင့် ကြိုတင်အပ်နှံမှ နေရာသေချာမည်၊ (ကျောင်းကားရှိသည်၊)
■ (၄)ထပ် အဆင့်မြင့် ကျောင်းဆောင်သစ်ကြီး၏ Air-con တပ် စာသင်ခန်းကျယ်ကြီးများတွင် ပျော်ရွှင်ချမ်းမြေ့စွာ သင်ကြားစေမည်၊
ကျောင်း ● အမှတ် (၄၁)၊ ရွှေရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph : 09 7800 20647 , 09 7938 93725,09 7938 93726 ,09 7910 10526
ကျောင်းသူဆောင် ● မြေအမှတ် (၁၅ A နှင့် B)၊ စံရိပ်ငြိမ်(၅)လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ကျောင်းသားဆောင် ● မြေအမှတ် (၄)၊ စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

# အင်ဒိုနီးရှား၌ ရေအောက်မီးတောင်ပေါက်ကွဲမှုကြောင့် ဆူနာမီဖြစ်ပေါ်ပြီး ၂၂၂ ဦး သေဆုံး

ဂျကာတာ ဒီဇင်ဘာ ၂၃

**ရေအောက်မီးတောင်ပေါက်ကွဲမှုကြောင့် အင်ဒိုနီးရှားနိုင်ငံရှိ ဆန်းဒါးရေလက်ကြား အနီးတစ်ဝိုက်ရှိ ကမ္ဘာလှည့်ခရီးသွားများလာရောက်ရာ ကမ်းခြေများသို့ ဆူနာမီရေလှိုင်းများဝင်ရောက်ခဲ့သဖြင့် ၂၂၂ ဦးထက်မနည်း သေဆုံးပြီး ၈၄၃ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်းနှင့် ၂၈ ဦးပျောက်ဆုံးနေကြောင်း သဘာဝဘေးလျော့ပါးရေး အေဂျင်စီက ပြောကြားခဲ့သည်။**

ဆူနာမီလှိုင်းများသည် ဒေသစံတော်ချိန် ည ၉နာရီခွဲအချိန်ခန့်တွင် တောင်ပိုင်း ဆူမာတြားကျွန်းနှင့် တောင်ပိုင်း ဂျာဗားကျွန်းများသို့ ဝင်ရောက်ခဲ့ရာ နေအိမ်အဆောက်အအုံရာနှင့်ချီ၍ ထိခိုက်ပျက်စီးခဲ့ကြောင်း နိုင်ငံ၏ သဘာဝဘေးအေဂျင်စီ ပြောရေး ဆိုခွင့်ရှိသူ ဆူတိုပို ပါဝို နူဂရိုဟိုက ပြောကြားခဲ့သည်။



ဆူနာမီဝင်ရောက်ခဲ့ပြီးနောက် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မြင်ကွင်းကို တွေ့ရစဉ်။

ဆူနာမီဝင်ရောက်မှု ဖြစ်ပွားခဲ့ပြီးနောက်တွင် ကယ်ဆယ်ရေးနှင့် ရှာဖွေရေးအဖွဲ့သားများသည် အသက်ရှင်ကျန်ရစ်သူများကို အပျက်အစီးများအောက်တွင် ရှာဖွေလျက်ရှိသည်။ လတ်တလောတွင် ဒေသသုံးခုတို့မှ လူ ၂၀ ကျော် ပျောက်ဆုံးနေကြောင်း သိရသည်။

အာဏာပိုင်များက ဆန်းဒါးရေလက်ကြားရှိ ကမ်းခြေများမှ ဝေးရာသို့ ရွှေ့ပြောင်းကြရန် သတိပေးထားပြီး ဒီဇင်ဘာ ၂၅ရက်အထိ လှိုင်းကြီးနိုင်သည်ဟုလည်း ပြောကြားခဲ့သည်။ ဘန်တန်ပြည်နယ်ရှိ တန်ဂျွန်လီဆန်မြို့တွင် အရေးပေါ်လုပ်သားများ ရောက်ရှိမလာသေးသည့်အတွက် ဆူနာမီ ထိခိုက်ခံစားခဲ့ရသည့် ဒုက္ခသည်များကို ရဲများက အကူအညီပေးလျက်ရှိကြောင်း သဘာဝဘေးလျော့ပါးရေး အေဂျင်စီ အကြီးအကဲ အန်ဒန် ပါမာနာက ပြောကြားခဲ့ကြောင်း သိရသည်။

အနက်ကရာကာ မီးတောင်ပေါက်ကွဲခဲ့ပြီးနောက် ဖြစ်ပွားခဲ့သည့် မြေအောက်တုန်ခါမှုအပြင် လပြည့်ရက်ဖြစ်သောကြောင့် ဒီရေတက်နှုန်းမြင့်တက်နေမှုက ဆူနာမီလှိုင်းဝင်ရောက်မှုကို ပိုမိုအခြေအနေ ဆိုးရွားစေခဲ့ခြင်းဖြစ်သည်ဟုလည်း အာဏာပိုင်များက ဖော်ပြခဲ့သည်။

ယင်းအခြေအနေများ ပေါင်းစပ်သွားမှုက ကမ်းခြေကို ရုတ်တရက် ဆူနာမီဝင်ရောက်မှု ဖြစ်ပေါ်စေခဲ့ခြင်းဖြစ်ကြောင်း သဘာဝဘေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ နူဂရိုဟိုက ပြောကြားခဲ့သည်။

ကရာကာ မီးတောင်သည် ၁၈၈၃ ခုနှစ်ကလည်း တစ်ကြိမ်ပေါက်ကွဲခဲ့ပြီး ထိုအချိန်က အဆိုပါမီးတောင်ပေါက်ကွဲမှုကြောင့် ဖြစ်ပွားသည့် ဆူနာမီလှိုင်းများဝင်ရောက်မှုကြောင့် လူ ၃၆၀၀၀ ကျော်သေဆုံးခဲ့သည်။ အနက်ကရာကာ မီးတောင်သည် အင်ဒိုနီးရှားနိုင်ငံရှိ လှုပ်ရှားသက်ဝင်နေသည့် မီးတောင် ၁၂၇ ခုအနက် တစ်ခုအပါအဝင် ဖြစ်သည်။

ပြီးခဲ့သည့် ၂၀၀၄ ခုနှစ်က ပြင်းအား ၉ဒသမ ၃အဆင့်ရှိသည့် မြေအောက်ငလျင် လှုပ်မှုကြောင့် အင်ဒိုနီးရှားအနောက်ပိုင်းရှိ ဆူမားတြားကျွန်းကို ဆူနာမီလှိုင်းဝင်ရောက်ခဲ့ရာ အင်ဒိုနီးရှားပြည်သူ ၁၆၈၀၀၀ အပါအဝင် အိန္ဒိယသမုဒ္ဒရာအနီးရှိ နိုင်ငံများမှ လူပေါင်း ၂၂၀၀၀၀ ကျော် သေဆုံးခဲ့သည်။

**အေအက်ဖ်ပီ၊ဆင်ဟွာ**

## တရုတ်ကထိန်းသိမ်းထားသည့် ကနေဒါနိုင်ငံသားနှစ်ဦးကိုလွှတ်ပေးရန် ကနေဒါတောင်းဆို

**ဗန်ကူဗာ ဒီဇင်ဘာ ၂၃**

တရုတ်နည်းပညာလုပ်ငန်းစု ကုမ္ပဏီ အမှုဆောင်ချုပ် မန့်ဝမ်ကျိုကို ကနေဒါနိုင်ငံက ဖမ်းဆီးလိုက်ပြီးနောက်တွင် တရုတ်နိုင်ငံက ကနေဒါနိုင်ငံသားနှစ်ဦးကို ဖမ်းဆီးထိန်းသိမ်း ထားခဲ့သည်ဖြစ်ရာ ဖမ်းဆီးခံ ကနေဒါနိုင်ငံသားနှစ်ဦးကို ပြန်လွှတ်ပေးရန် ကနေဒါနိုင်ငံခြားရေး ဝန်ကြီး ခရစ္စတီယာဖရီးလန်းဒ်က တောင်းဆိုလိုက်ကြောင်း သိရသည်။

ကနေဒါသံအမတ်ဟောင်း မိုက်ကယ်ကိုဗရစ်နှင့် စီးပွားရေးလုပ်ငန်းရှင် တစ်ဦးဖြစ်သူ မိုက်ကယ်စပါဗာကို တရုတ်နိုင်ငံက ယခုလအစောပိုင်းတွင် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

အမေရိကန်အစိုးရ၏ တောင်းဆိုချက်အရ ဟွာဝေးကုမ္ပဏီ၏ ဘဏ္ဍာရေးအရာရှိချုပ် မန့်ဝမ်ကျိုကို ဒီဇင်ဘာ ၁ ရက်တွင် ကနေဒါအာဏာပိုင်များက ဖမ်းဆီးခဲ့သည်။




ကနေဒါနိုင်ငံခြားရေးဝန်ကြီး ခရစ္စတီယာဖရီးလန်းဒ်။

ကနေဒါနိုင်ငံသားနှစ်ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့မှုသည် တရုတ်၏ လက်တုံ့ပြန်ဆောင်ရွက်ချက်ဖြစ်သည်ဟု ထင်မြင်ခဲ့ကြသည်။ ကနေဒါနိုင်ငံခြားရေးဝန်ကြီး ဖရီးလန်းဒ်က ပြီးခဲ့သည့်သောကြာနေ့တွင် ထုတ်ပြန်လိုက်သည့် ကြေညာချက်ထဲတွင် ၎င်းတို့ကိုချက်ချင်းလွှတ်ပေးရန် တောင်းဆိုခဲ့သည်။

မစ္စ မန့်ဝမ်ကျိုအတွက် တရားမျှတပြီး လေးစားမှုရှိသည့် ဆောင်ရွက်ဖွယ်ရာများကို ဥပဒေနှင့်အညီ ဆောင်ရွက်နေကြောင်း၊ အမေရိကန်နိုင်ငံသို့ လွှဲပြောင်းမည့်ကိစ္စနှင့် ပတ်သက်သည့် သဘောတူညီချက်များကိုလည်း လိုက်နာစောင့်ထိန်းလျက်ရှိကြောင်း ကနေဒါနိုင်ငံခြားရေးဝန်ကြီး ခရစ္စတီယာဖရီးလန်းဒ်က ပြောကြားခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## နစ်ဆန်းကုမ္ပဏီအမှုဆောင်ချုပ်ဟောင်း ကားလို့စ်ဂွန်းစ် ယုံကြည်မှုဖောက်ဖျက်ခဲ့ခြင်းမရှိကြောင်း ငြင်းဆို

**တိုကျို ဒီဇင်ဘာ ၂၃**

နစ်ဆန်းကုမ္ပဏီ၏ အမှုဆောင်ချုပ်ဟောင်း ကားလို့စ်ဂွန်းက ၎င်းအပေါ် ဖမ်းဝရမ်းအသစ် ထပ်မံထုတ်ပြန်ကာ ဖမ်းဆီးလိုက်ခြင်းမှာ တရားမဝင်ကြောင်းနှင့် ထိုသို့ ဖမ်းဆီးမှုကို လက်မခံနိုင်ကြောင်း ၎င်း၏ရှေ့နေအား ပြောကြားခဲ့သည်ဟု သိရသည်။ နစ်ဆန်းကုမ္ပဏီ၏ ငွေကြေးများကို အလွဲသုံးစားပြုလုပ်သည်ဟူသော စွပ်စွဲချက်ဖြင့် ကားလို့စ်ဂွန်းကို ဥပဒေအရာရှိများက ပြီးခဲ့သည့်သောကြာနေ့တွင် အရေးယူလိုက်ခြင်းဖြစ်သည်။

၂၀၀၈ခုနှစ် ကမ္ဘာ့ဘဏ္ဍာ အကျပ်အတည်းနှင့် ရင်ဆိုင်ခဲ့ရစဉ်အတွင်း ကားလို့စ်ဂွန်းသည် ၎င်း၏ပုဂ္ဂိုလ်ရေး ရင်းနှီးမြှုပ်နှံမှုများကြောင့် နစ်ဆန်းကုမ္ပဏီကို ဆုံးရှုံးမှုဖြစ်ပွားစေခဲ့ကြောင်း ဥပဒေအရာရှိများက ပြောကြားခဲ့သည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ မစ္စတာဂွန်းသည် ၎င်း၏ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆီသို့ လွှဲပြောင်းခဲ့သည့် နစ်ဆန်းကုမ္ပဏီထံမှ လွှဲပြောင်းခဲ့သည့်ငွေကြေးများမှာ တရားဝင် ဝန်ဆောင်ခများသာဖြစ်ကြောင်း ပြောခဲ့သည်။

ယင်းကဲ့သို့ လွှဲပြောင်းမှုများသည် တရားဝင်ဖြစ်မဖြစ်ဆိုသည့် ကိစ္စနှင့်ပတ်သက်၍ ဂျပန်စတော့ရှယ်ယာရောင်းဝယ်ရေးကြီးကြပ်မှုကော်မရှင်က စစ်ဆေးမေးမြန်းမှုများ ပြုလုပ်ခဲ့သည့်အတွက် ရင်းနှီးမြှုပ်နှံမှုရောင်းဝယ်မှုများကို မစ္စတာဂွန်း၏ ပုဂ္ဂလိကကုမ္ပဏီထံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည်။ အဆိုပါလွှဲပြောင်းရောင်းချမှုတွင် မစ္စတာဂွန်း၏ ဆော်ဒီအာရေဗျအသိမိတ်ဆွေတစ်ဦးက ငွေကြေးအာမခံကူညီခဲ့ကြောင်းလည်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## မော်ရိုကို၌ နိုင်ငံခြားခရီးသည်နှစ်ဦးကိုသတ်ဖြတ်ရာတွင် ပတ်သက်မှုဖြင့် လူကိုးဦးကိုဖမ်းဆီး

**ရာဘက် ဒီဇင်ဘာ ၂၃**

မော်ရိုကိုအလယ်ပိုင်း တောင်တန်းထူထပ်သော ဧရိယာတစ်ခုတွင် နိုင်ငံခြားသားဧည့်သည်နှစ်ဦးကို သတ်ဖြတ်ခဲ့သည့် လူလေးဦးနှင့် ပတ်သက်ဆက်နွှယ်မှုရှိနေသည်ဟုဆိုကာ လူကိုးဦးကို မော်ရိုကိုလုံခြုံရေးအာဏာပိုင်များက ဖမ်းဆီးလိုက်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဖော်ပြခဲ့သည်။

ပြည်ထဲရေးဝန်ကြီးဌာနမှ ဖော်ပြချက်အရ သံသယရှိသူ ကိုးဦးကို အလယ်ပိုင်း မြို့ကြီးများဖြစ်သည့် မာရာကက်ရှ်၊ အီဆာဝီရာနှင့် ချက်တူကာ အစ် ဘာဟာ တို့၌သာမက မြောက်ပိုင်းမြို့ကြီးများဖြစ်သည့် စီဒီဘန်နွာနှင့် တန်ဂီရာတို့တွင် ဖမ်းဆီးခဲ့ကြောင်း သိရသည်။

နိုင်ငံခြားဧည့်သည် အမျိုးသမီးနှစ်ဦးတို့၏ အလောင်းများကို ပြီးခဲ့သည့် တနင်္လာနေ့က မာရာကက်ရှ်မြို့မှ ၆၀ ကီလိုမီတာအကွာ အင်မလီကျေးရွာအနီးတွင် တွေ့ရှိခဲ့သည်။ တစ်ဦးမှာ ဒိန်းမတ်နိုင်ငံသားဖြစ်ပြီး တစ်ဦးမှာ နော်ဝေနိုင်ငံသားဖြစ်သည်။ အာဏာပိုင်များသည် လူသတ်မှုတွင် အဓိက ပါဝင်ပတ်သက်ခဲ့သည်ဟု သံသယရှိသူ လေးဦးကို ဖမ်းဆီးခဲ့သည်။

သံသယရှိသူကိုးဦးကို ဖမ်းဆီးခဲ့မှုသည် ရာဇဝတ်မှုကို စုံစမ်းစစ်ဆေးမှု တစ်စိတ်တစ်ပိုင်းဖြစ်ပြီး အကြမ်းဖက်လုပ်ရပ်တွင် ပါဝင်ဆက်နွှယ်နေသူများကို ဖော်ထုတ်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်ကတည်းက မော်ရိုကို၌ အကြမ်းဖက်တိုက်ခိုက်မှုများကို ရင်ဆိုင်ခဲ့ရသည်။ **ဆင်ဟွာ**



သတ်ဖြတ်ခံခဲ့ရသည့် နိုင်ငံခြားခရီးသည်နှစ်ဦး၏ မိသားစုဝင်များကို အားပေးနှစ်သိမ့်သည့်အနေဖြင့် ဖယောင်းတိုင်ထွန်းညှိနေသည်ကို တွေ့ရစဉ်။

## နိုင်ငံတကာ သတင်းတိုထွာ

### ပါလက်စတိုင်း ပါလီမန်ကို ဖျက်သိမ်းမည့် အစီအစဉ် ဟားမားစ်အဖွဲ့ ကန့်ကွက်

**ဂါဇာ ဒီဇင်ဘာ ၂၃**

ပါလက်စတိုင်း ပါလီမန်လွှတ်တော်ကို ဖျက်သိမ်းရန် ပါလက်စတိုင်းသမ္မတ မာမွတ်အာဘတ်စ်၏ အစီအစဉ်သည် ပါတီ၏အကျိုးစီးပွားသက်သက်အတွက် လုပ်ဆောင်ခြင်းဖြစ်သည်ဟု ဆိုကာ ဟားမားစ်အဖွဲ့က တနင်္ဂနွေနေ့တွင် ကန့်ကွက်လိုက်ကြောင်းသိရသည်။

တရားရုံးက ရွေးကောက်ပွဲများကို ခြောက်လအတွင်းကျင်းပရန် အမိန့်ချမှတ်လိုက်ပြီးနောက်တွင် ပါလက်စတိုင်းသမ္မတ မာမွတ်အာဘတ်စ်က ၎င်းအနေဖြင့် ပါလက်စတိုင်း ဥပဒေပြုကောင်စီကို ဖျက်သိမ်းရန် ရည်ရွယ်ထားကြောင်း ပြီးခဲ့သည့်စနေနေ့က ပြောကြားခဲ့သည်။

ရာမာလာရှိ ပါလက်စတိုင်းဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ထိုသို့စီရင်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး ဟားမားစ်အဖွဲ့က ၎င်းတို့အနေဖြင့် တရားရုံး၏ အဆိုပါစီရင်ဆုံးဖြတ်ချက်ကို ကန့်ကွက်ခဲ့ကြောင်း ဖော်ပြခဲ့သည်။ အာဘတ်စ်သည် ဟားမားစ်အဖွဲ့ခေါင်းဆောင် ဟာနီယာ ပူးတွဲအစည်းအဝေးတစ်ရပ် ကျင်းပရန် ဖိတ်ခေါ်မှုကို အချိန်ဆွဲထားရန် လုပ်ဆောင်ကောင်း လုပ်ဆောင်လာနိုင်သည်ဟု ဟားမားစ်အဖွဲ့၏ ဖော်ပြချက်တွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

### အိုင်အက်စ်ဆန့်ကျင်ရေး မဟာမိတ်အဖွဲ့ သံတမန် ရာထူးမှနုတ်ထွက်

**ဝါရှင်တန် ဒီဇင်ဘာ ၂၃**

အိုင်အက်စ်အစွန်းရောက် စစ်သွေးကြွအုပ်စုကို ဆန့်ကျင်သည့် ကမ္ဘာလုံးဆိုင်ရာ မဟာမိတ်အဖွဲ့၏ အမေရိကန်အထူးသံတမန်ဖြစ်သူ ဘရက်မက်ဂ့ါ ရာထူးမှ နုတ်ထွက်တော့မည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်တပ်ဖွဲ့ဝင်များကို ဆီးရီးယားနိုင်ငံ ပြင်ပသို့ရုပ်သိမ်းရန် သမ္မတဒေါ်နယ်ထရမ့်၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ နုတ်ထွက်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။ သံအမတ် မက်ဂ့ါသည် သောကြာနေ့တွင် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုထံသို့ နုတ်ထွက်စာတင်ခဲ့ကြောင်း သိရသည်။


မက်ဂ့ါက ၎င်း၏ လုပ်ဖော်ကိုင်ဖက်များသို့ ပေးပို့ခဲ့သည့် အီးမေးလ်တွင် သမ္မတထရမ့်၏ ဆုံးဖြတ်ချက်သည် တုန်လှုပ်ဖွယ်ကောင်းပြီး မူဝါဒကို ကပြောင်းကပြန်ဖြစ်စေသည့် အပြုအမူဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဒီဇင်ဘာ ၁၁ ရက်က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် မက်ဂ့ါက အိုင်အက်စ်အစွန်းရောက်အုပ်စုများကို ဆက်လက်နှိမ်နင်းနိုင်ရန်အတွက် အမေရိကန်တပ်ဖွဲ့ဝင်များ ဆီးရီးယား၌ ဆက်လက်ရှိနေဦးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# အာဖဂန်က အမေရိကန်တပ်ဖွဲ့ဝင်တွေ လျှော့ချမှုနဲ့အတူ မဟာမိတ်နိုင်ငံများအတွက် အချက်ပေးသံမြည်လာ

**ခြူးစန္ဒီနွေး**

**အာဖဂန်နစ္စတန်က အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ခုနစ်ထောင်ခန့်ကို ပြည်တော်ကိုပြန်ခေါ်တော့မယ်ဆိုပြီး သမ္မတ ထရမ့် ဆုံးဖြတ်ခဲ့မှုနဲ့အတူ အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်ကလည်း ရာထူးကနေ နုတ်ထွက်သွားခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်ပြီးကတည်းက အာရှ-ပစိဖိတ်ဒေသမှာ တည်ငြိမ်ရေးနဲ့ ငြိမ်းချမ်းရေးအတွက် အဓိက မဟာမိတ်ခေါင်းဆောင်အဖြစ် အမေရိကန်ဟာ ဆယ်စုနှစ်များစွာကြာ ဦးဆောင်ခဲ့ပေမယ့် အခုအခါမှာတော့ အဲဒီအနေအထားကိုစွန့်လွှတ်တော့မှာလားဆိုပြီး စိုးရိမ်မှုတွေပေါ်ပေါက်လာခဲ့ပါတယ်။**



**ဇူလိုင်လအတွင်း ဘယ်လ်ဂျီယံနိုင်ငံ၌ ပြုလုပ်သော နေတိုးထိပ်သီးအစည်းအဝေးသို့ တက်ရောက်သော အမေရိကန်သမ္မတ ထရမ့်နှင့် ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်တို့ကို တွေ့ရစဉ်။**

### သတိထားစရာဖြစ်လာ

ဆီးရီးယားက အမေရိကန်တပ်ဖွဲ့တွေကို ပြန်လည်ခေါ်ယူတော့မယ်ဆိုပြီး သမ္မတ ထရမ့်က ပြောကြားလိုက်တဲ့အခါမှာတော့ ကာကွယ်ရေးဝန်ကြီးကလည်း ရာထူးကနေ နုတ်ထွက်တော့မယ်ဆိုပြီး ထကြေညာခဲ့ပါတယ်။ အာဖဂန်နစ္စတန်မှာဆိုရင် အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်ဟာ အမေရိကန်အစိုးရနဲ့ အာဖဂန်အစိုးရတို့ကြား ယုံကြည်နိုင်လောက်တဲ့ ကြားခံဆက်သွယ်မှုတစ်ခုအဖြစ် ရှုမြင်တာခံရပါတယ်။ အမေရိကန်ဟာ အာဖဂန်က သူ့ရဲ့တပ်ဖွဲ့ဝင်တွေ ပြန်ခေါ်မယ်လို့ ဆုံးဖြတ်လိုက်တဲ့အခါ သြစတြေးလျအတွက်လည်း သတိထားစရာ ဖြစ်လာခဲ့ပါတယ်။ သြစတြေးလျဟာလည်း အမေရိကန်ရဲ့ ရင်းနှီးတဲ့ မဟာမိတ်နိုင်ငံဖြစ်ပြီး သြစတြေးလျတပ်ဖွဲ့ဝင်တွေဟာ အမေရိကန်ဦးဆောင်တဲ့ စစ်ပွဲတွေဖြစ်တဲ့ ဗီယက်နမ်စစ်ပွဲ၊ ကိုရီးယားစစ်ပွဲ၊ အီရန်နဲ့ အာဖဂန်စစ်ပွဲတို့မှာ ပါဝင်ရင်း ကျဆုံးခဲ့ရပါတယ်။

### အားလုံးကစိုးရိမ်လာ

သြစတြေးလျရဲ့ အာဏာရ လစ်ဘရယ်ပါတီ လွှတ်တော်အမတ်တစ်ဦးဖြစ်သူ ဂျင်မိုလန်ကတော့ အခုသတင်းတွေကို ကြည့်မယ်ဆိုရင် သြစတြေးလျဟာ ကာကွယ်ရေးမှာ ကိုယ့်ကိုယ်ကိုယ်ပဲ အားကိုးရတော့မယ်ဆိုတာပေါ်လွင်လာတယ်လို့ ပြောပါတယ်။ စစ်အေးကာလ ပြီးဆုံးချိန်ကစလို့ အခုအချိန်ကာလဟာ အမေရိကန်အတွက် သူ့ရဲ့စစ်အင်အားကို အတော်လေးလျှော့ချနေပါတယ်။ သြစတြေးလျနဲ့ပတ်သက်ပြီးဆုံးဖြတ်ချက်တွေချရာမှာလည်း တစ်မျိုးတစ်မည်ပြောင်းလဲသွားတာမျိုးတွေ ရှိလာနိုင်တယ်လို့ မစ္စတာ မိုလန်က သြစတြေးလျ သတင်းစာကို ပြောပါတယ်။ အမေရိကန်ကာကွယ်ရေးဝန်ကြီးရဲ့ နုတ်ထွက်မှုဟာ လာမယ့်ဖေဖော်ဝါရီလအတွင်း အသက်ဝင်လာမှာဖြစ်ပြီး အဲဒီနောက်မှာတော့ အမေရိကန်အပေါ် မဟာမိတ်နိုင်ငံတွေ ဘယ်လိုမှီခိုရမလဲဆိုတာ အားလုံးက စိုးရိမ်လာပါတယ်။

### ညီညီညွတ်ညွတ်နဲ့ ကိုင်တွယ်နိုင်ခဲ့သူ

သြစတြေးလျဟာ ကနေဒါ၊ နယူးဇီလန်၊ ဗြိတိန်၊ အမေရိကန်ပြည်ထောင်စုတို့နဲ့ ဖွဲ့စည်းထားတဲ့ သတင်းအချက်အလက်မျှဝေရေးအုပ်စုဖြစ်တဲ့ Five Eyes အုပ်စုမှာလည်း အဖွဲ့ဝင်တစ်နိုင်ငံ ဖြစ်ပါတယ်။ အခုဖြစ်ပေါ်နေတဲ့သတင်းတွေကို ကြည့်မယ်ဆိုရင် သိမ်မွေ့နူးညံ့ပြီး အထိမခံဖြစ်နေတဲ့ အာရှ-ပစိဖိတ်အရေးကို အမေရိကန်က ဘယ်လိုကိုင်တွယ်ဖြေရှင်းမှာလဲဆိုတာနဲ့ ပတ်သက်ပြီး စိုးရိမ်မှုတွေ ဖြစ်ပေါ်လာပါတယ်။ ဂျင်မက်တစ်ဟာ အာရှ-ပစိဖိတ်ဒေသမှာ ညီညီညွတ်ညွတ်နဲ့ ကိုင်တွယ်နိုင်ခဲ့ပေမယ့် ထရမ့်နဲ့ကျတော့ ပြောစကားတိုင်းဟာ လေထဲမှာပဲရှိနေပါတယ်လို့ သြစတြေးလျအစိုးရကာကွယ်ရေးမဟာဗျူဟာမှူးအဖြစ် ဆောင်ရွက်ခဲ့ဖူးသူ ပီတာဂျန်နင်းက ပြောပါတယ်။

### အံ့သြဖွယ်သတင်းတစ်ပုဒ်

အာဖဂန်နစ္စတန်က တပ်ဖွဲ့ဝင်တွေကို ပြန်လည်ခေါ်ယူမယ်ဆိုတဲ့သတင်းဟာ အာဖဂန်အာဏာပိုင်တွေအတွက် တကယ့်ကို အံ့သြဖွယ်သတင်းတစ်ပုဒ်ဖြစ်ခဲ့ပါတယ်။ အာဖဂန်ဘက်ကို ဘာမှဆက်သွယ် ပြောကြားတာမျိုး မရှိခဲ့ပါဘူး။ ဒါပေမယ့်လည်း အာဖဂန်အရာရှိတွေကတော့ အမေရိကန်ဘက်က သူ့ရဲ့တပ်ဖွဲ့ဝင်တွေ ပြန်ခေါ်ယူတာမျိုးဖြစ်နိုင်တယ်လို့ တွက်ဆထားပြီးသားပါ။ အမေရိကန်ကာကွယ်ရေးဝန်ကြီး နုတ်ထွက်တော့မယ်ဆိုတဲ့ သတင်းဟာ အမေရိကန်နဲ့ နှစ်ပေါင်းများစွာ အတူလက်တွဲလာတဲ့ မဟာမိတ်တွေကို လှုပ်ခတ်မှုတွေ ဖြစ်ပေါ်စေမှာပါ။

### ဆက်လက်ပူးပေါင်းဆောင်ရွက်သွားဖို့ မျှော်လင့်

ဂျပန်ကာကွယ်ရေးဝန်ကြီး တာကေရှီ အီဝါယာကတော့ သူ့အနေနဲ့ ဒီသတင်းကို ကြားခါစမှာ အလွန်ကို အံ့အားသင့်သွားတယ်လို့ ပြောပါတယ်။ ဂျင်မက်တစ်ဟာ ဂျပန်နဲ့အမေရိကန်တို့ကြား ရင်းနှီးတဲ့ပူးပေါင်းဆောင်ရွက်မှုအတွက်တင် လုပ်ဆောင်ခဲ့တာ မဟုတ်ပါဘူး။ အင်မတန်ခိုင်မာတဲ့ ခေါင်းဆောင်မှုကိုပါ ပြုလုပ်ခဲ့တာပါလို့ ဂျပန်ကာကွယ်ရေးဝန်ကြီးက ပြောပါတယ်။ ဂျပန်နဲ့ အမေရိကန်တို့ကြား မဟာမိတ်တွေအဖြစ် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားနိုင်ဖို့ မျှော်လင့်ပါတယ်လို့လည်း ၎င်းကဆက်ပြောပါတယ်။ အခြားသော ဂျပန်အရာရှိတွေကလည်း အမေရိကန်ပြည်ထောင်စုနဲ့ ဂျပန်တို့ရဲ့ စစ်ရေးမဟာမိတ်ပူးပေါင်းဆောင်ရွက်မှုတွေဟာဆိုရင် ဆက်လက်ရှိနေဦးမယ်လို့ ယုံကြည်ကြောင်း၊ အမေရိကန်သမ္မတထရမ့်ဟာလည်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇို အာဘေးနဲ့ ရင်းနှီးတဲ့ဆက်ဆံမှုရှိကြောင်း ပြောခဲ့ကြပါတယ်။

### သစ္စာဖောက်ခံရတဲ့ခံစားမှု

အာဖဂန်မှာရှိနေတဲ့ အမေရိကန်တပ်ဖွဲ့ဝင်တွေကို လျှော့ချလိုက်တဲ့အခါမှာ အာဖဂန်နိုင်ငံအတွင်းလုံခြုံရေးကို စိတ်ချရပါ့မလား။ တိုင်းပြည်ရဲ့ အစိတ်အပိုင်းအတော်များများမှာ တာလီဘန်တွေဟာလည်း ထကြွသောင်းကျန်းတုန်းပဲရှိပါသေးတယ်။ အာဖဂန်ရဲ့လုံခြုံရေးအတွက် အပြည့်အဝအာမခံပေးဖို့ အစိုးရမှာ အင်အားမရှိသေးပါဘူး။ ဒီလိုအချိန်မှာ အမေရိကန်က သူ့ရဲ့တပ်ဖွဲ့ဝင်တွေကို ပြန်ခေါ်မယ်လို့ ကြေညာလိုက်တဲ့အခါမှာတော့ အာဖဂန်ခေါင်းဆောင်ပိုင်းမှာ သစ္စာဖောက်ခံရတယ်ဆိုတဲ့ ခံစားမှုမျိုး ခံစားရပါတယ်။

### အားလျော့လာစေ

အခုအချိန်မှာ တာလီဘန်တွေကို ငြိမ်းချမ်းရေးစားပွဲဝိုင်းဆီကိုခေါ်သွားဖို့ ကြိုးပမ်းနေတဲ့ ကာလလည်းဖြစ်တယ်။ တပ်ဖွဲ့ဝင်တွေလျှော့ချမယ်ဆိုတဲ့သတင်းဟာ အာဖဂန်အစိုးရကို အင်အားလျော့ပါးသွားစေရုံသာမက ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုနိုင်ဖို့ ကြိုးပမ်းနေကြတဲ့ အမေရိကန် အဆင့်မြင့်အရာရှိအများစုအတွက်လည်း အားလျော့စေပါတယ်။ အခုဆိုရင် အာဖဂန်စစ်ပွဲဟာလည်း ၁၇ နှစ်တာ ကြာမြင့်နေပါပြီ။ အမေရိကန်တပ်ဖွဲ့ဝင် ခုနစ်ထောင်ခန့် ပြန်လည်ခေါ်ယူမယ်ဆိုတဲ့ သတင်းကို အာဖဂန်အရာရှိတွေနဲ့ တိုင်ပင်တာမျိုး မလုပ်ခဲ့သလို သတင်းအစအန ပေးတာတောင် မရှိခဲ့ပါဘူးလို့ အာဖဂန်အရာရှိတွေက ပြောပါတယ်။ ဒီကြေညာမှုကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲရဲ့ ရလဒ်တွေကို ထိခိုက်တာမျိုးလည်း ရှိလာနိုင်တယ်လို့ အာဖဂန်အရာရှိတွေက ပြောပါတယ်။

### တာလီဘန်တွေက သဘောကျ

အာဖဂန်က နိုင်ငံခြားတပ်တွေကို လျင်လျင်မြန်မြန်ကြီး ပြန်လည်ရုပ်သိမ်းသွားတာဟာဆိုရင် အာဖဂန်အစိုးရကို ပြုတ်ကျသွားစေနိုင်ပြီး ပြည်တွင်းစစ်ပွဲလည်း ပြန်ဖြစ်လာနိုင်တယ်လို့ အပြည်ပြည်ဆိုင်ရာ ပဋိပက္ခဖြေရှင်းရေးအုပ်စုမှ အကြံပေးလည်းဖြစ်၊ အာဖဂန်နစ္စတန်နိုင်ငံကို အချိန်အတော်ကြာ လေ့လာခဲ့သူလည်းဖြစ်တဲ့ ဂျရယ်မီစမစ်က ပြောပါတယ်။ တပ်ဖွဲ့ဝင် ထက်ဝက်နီးပါးခန့် လျှော့ချခြင်းဟာ တာလီဘန်တွေဘက်ကိုရော အာဖဂန်အစိုးရဘက်ကိုပါ သတိပေးမှုတွေ ပြုလုပ်လိုက်တာပါ။ အခုဆိုရင် အမေရိကန်တွေဟာ အာဖဂန်စစ်ပွဲကနေ အမြန်ဆုံးနုတ်ထွက်ချင်နေပြီဆိုတာကို တာလီဘန်တွေလည်း သိသွားလောက်ပြီလို့ ၎င်းက ဆက်လက်ပြောပါတယ်။ ၂၀၁၄ ခုနှစ်တုန်းကလည်း အာဖဂန်က အမေရိကန်တပ်ဖွဲ့ဝင်တွေ လျှော့ချခဲ့ဖူးတာမို့ အာဖဂန်အစိုးရ အတွက်တော့ အတွေ့အကြုံရှိပါတယ်။ တာလီဘန်တွေဘက်ကတော့ အခုသတင်းကို ကြိုဆိုပါတယ်။ တာလီဘန်ဘက်က အကြီးတန်းခေါင်းဆောင်တစ်ဦးကတော့ စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်းကသာ ပဋိပက္ခတွေကို ချုပ်ငြိမ်းစေမယ့် နည်းလမ်းဆိုတာ သမ္မတ ထရမ့် နားလည်သဘောပေါက်တယ်လို့ ပြောခဲ့ပါတယ်။

### လှုပ်လှုပ်ခတ်ခတ်ဖြစ်စေ

အာဖဂန်နစ္စတန်နဲ့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ပါကစ္စတန်ဟာလည်း ဒီသတင်းကိုကြားတော့ အလွန်အံ့အားသင့်သွားပါတယ်။ ဒီသတင်းကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ထိခိုက်မှာတော့ စိုးရိမ်မိတယ်လို့ ပါကစ္စတန်ဘက်က ထုတ်ဖော်ပြောကြားပါတယ်။ အာဖဂန်အစိုးရဟာ သူ့ဘာသာ ရပ်တည်နိုင်ပြီး ကာကွယ်နိုင်ပြီဆိုတာ သေချာမှ တပ်ဖွဲ့ဝင်တွေ ရုပ်သိမ်းတာမျိုး လုပ်သင့်တယ်လို့ ပါကစ္စတန်အဆင့်မြင့်လုံခြုံရေး အရာရှိတစ်ဦးက ပြောပါတယ်။ ဆီးရီးယားက အမေရိကန်တပ်ဖွဲ့ဝင်တွေရုပ်သိမ်းတဲ့ သတင်းကြောင့်ရော အာဖဂန်က တပ်ဖွဲ့ဝင်ထက်ဝက်ခန့်ကို လျှော့ချတဲ့သတင်းကြောင့်ပါ အမေရိကန်ရဲ့ မဟာမိတ်နိုင်ငံတွေကို လတ်တလောမှာ လှုပ်လှုပ်ခတ်ခတ် ဖြစ်စေတာကတော့ အမှန်ပါပဲ။ ။

**ကိုးကား - နယူးယောက်တိုင်းမ်**

# နဝဒေးတံတား ချဉ်းကပ်လမ်းဖောက်လုပ်စဉ် ပါဝင်သွားသည့် လယ်ယာမြေများအတွက် လျော်ကြေးငွေပေးအပ်

**ပန်းတောင်း ဒီဇင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့က နဝဒေးတံတားချဉ်းကပ်လမ်းဖောက်လုပ်စဉ် ပါဝင်သွားသည့် လယ်ယာမြေများအတွက် လျော်ကြေးငွေပေးအပ်ပွဲ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစ်ကူးတံတားများတည်ဆောက်ခြင်း၊ လမ်းဖောက်လုပ်ခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ လိုအပ်ချက်အရ လယ်ယာမြေများကို ဖြတ်သန်းဆောင်ရွက်ခဲ့ရသည့်အတွက် တောင်သူ




များ နစ်နာခဲ့ရကြောင်း၊ နစ်နာခဲ့သော တောင်သူများအတွက် နိုင်ငံတော်မှ လယ်ယာမြေဥပဒေနှင့်အညီ နစ်နာကြေး၊ လျော်ကြေးများ ပေးအပ်ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်မှ ပြည်သူ့အကျိုးအတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းကြောင့် ပြည်သူများနေရာဒေသမရွေး၊ အချိန်အခါမရွေး သွားလာနိုင်ပြီဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နဝဒေးတံတား ချဉ်းကပ်လမ်းဖောက်လုပ်စဉ် ပါဝင်သွားသည့် လယ်ယာမြေများအတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီး ဦးအောင်ဇော်နိုင်နှင့် လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်တို့က တောင်သူများထံ လျော်ကြေးငွေများ ပေးအပ်ကြပြီး တောင်သူများကိုယ်စား တောင်သူ ဦးစောနုက ကျေးဇူးတင်စကား ပြန်လည်ပြောသည်။

ပန်းတောင်းမြို့နယ်အတွင်း နဝဒေးတံတားစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူကာ ၁၉၉၄ ခုနှစ် မတ်လ ၁ ရက်မှစတင်၍ နဝဒေးတံတားကြီးကို ဆောက်လုပ်ခဲ့ပြီး တံတားနှင့်အတူ အရှည် ၁၇ မိုင်ရှိ ချဉ်းကပ်လမ်းကိုလည်း တစ်ပြိုင်တည်း ဖောက်လုပ်ခဲ့ကြသည်။

ချဉ်းကပ်လမ်း ဖောက်လုပ်စဉ် ပန်းတောင်းမြို့နယ်အတွင်းမှ တောင်သူ ၂၂ ဦး၏ လယ်မြေ ၁၇ ဒသမ ၀၃ ဧက၊ ယာမြေ ၀ ဒသမ ၈၅ ဧက ပါရှိသွားသောကြောင့် လယ်မြေ တစ်ဧကလျှင် ငွေကျပ် ၂၅ သိန်း၊ ယာမြေ တစ်ဧကလျှင် ငွေကျပ် ၁၅ သိန်းဖြင့် တောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဟိန်းထက်(ပဲခူး)**

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ပိုင် ရေယာဉ်နှစ်စင်း ရေချပွဲကျင်းပ

**မုံရွာ ဒီဇင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကွေ့ကြီးရပ်ကွက် အုန်းပင်ရေယာဉ်ဆိပ် ချင်းတွင်းမြစ်အတွင်းသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ပိုင် တိုင်းဇေယျာ-၁ နှင့် တိုင်းဇေယျာ-၂ ရေယာဉ်များရေချပွဲကို ယမန်နေ့က ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဥပဒေချုပ်တို့က အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ပြီး ချင်းတွင်းမြစ်အတွင်း စမ်းသပ်မောင်းနှင်မှုကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဇေယျာ- ၁ နှင့်တိုင်းဇေယျာ- ၂ ရေယာဉ်နှစ်စင်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေမှကျပ်သန်း ၁၀၀ အကုန်အကျခံကာ မုံရွာမြို့ရှိ ရွှေချင်းတွင်းအလတ်စားလွှန်းကျင်းတွင် ၂၀၁၈ ခုနှစ် ဇွန်လမှစတင်ပြီး ခြောက်လကြာ အချိန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“ဒီရေယာဉ်နှစ်စင်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ကြီးကြပ်မှုနဲ့ မုံရွာမြို့မှာရှိတဲ့ သင်္ဘောတည်ဆောက်ရေး လွှန်းကျင်းမှာပဲ တည်ဆောက်ခဲ့တာပါ။ ဒီရေယာဉ်နှစ်စင်းကို ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်မှာ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းတွေ၊ ရေကြောင်းစစ်ဆေးရေးလုပ်ငန်းတွေ၊ အရေးကြီးခရီးစဉ်တွေကို ပြေးဆွဲတဲ့နေရာတွေမှာ အသုံးပြုဖို့အတွက် တည်ဆောက်တာပါ။ ဒီရေယာဉ်တွေကိုတော့ တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကပဲ ထိန်းသိမ်းထားမှာပါ” ဟု တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဘုန်းကျော်စိန်က ပြောသည်။

ရေချပွဲကျင်းပသည့် တိုင်းဇေယျာ-၁ ရေယာဉ်သည် အလျား ၆၇ပေ ၃ လက်မ၊ အနံ ၁၃ ပေ ၉ လက်မရှိပြီး အနည်းဆုံးလူဦးရေ ၂၅ ဦး တင်ဆောင်နိုင်ကြောင်း၊ တိုင်းဇေယျာ-၂ ရေယာဉ်သည် အလျားပေ ၁၀၀၊ အနံ ၁၆ ပေရှိပြီး အနည်းဆုံးလူဦးရေ ၆၀ တင်ဆောင်နိုင်သည့် အမြန်ရေယာဉ်အမျိုးအစားများဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## အငှမအကြိမ် MSMEs ဒေသတွင်းထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ

**မော်လမြိုင် ဒီဇင်ဘာ ၂၃**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ ပူးပေါင်းကျင်းပသော အငှမအကြိမ် MSMEs ဒေသတွင်းထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်က မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ယခုလိုဒေသတွင်း ပြပွဲနှင့် ပြိုင်ပွဲများ ကျင်းပပေးသည့်အတွက် မွန်ပြည်နယ်အတွင်း၌ ထွက်ရှိသည့် ထုတ်ကုန်များကို အခြားဒေသမှ ပြည်သူများသိရှိပြီး ပိုမိုသုံးစွဲလာမည်ဖြစ်သည့်အတွက် MSMEs လုပ်ငန်းများအနေဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး စျေးကွက်များ အခိုင်အမာရရှိလာမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျင်းပလျက်ရှိသည့် MSMEs Product Show ပြပွဲ၊ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြင့် မိမိထုတ်ကုန်ပစ္စည်း



များ၏ အရည်အသွေးကိုစျေးကွက်ရှိ စားသုံးသူများမှ တိုက်ရိုက်ထိတွေ့ဆန်းစစ်နိုင်သည့်အတွက် အားသာချက်၊ အားနည်းချက်များကို သိရှိပြီး ပိုမိုကောင်းမွန်သော ထုတ်ကုန်များ၊ ဆန်းသစ်သော ဒီဇိုင်းများဖြင့် ထုတ်ကုန်အမယ်သစ်များ ထုတ်လုပ်လာနိုင်မည်ဖြစ်ကြောင်း၊ MSMEs လုပ်ငန်းရှင်များအတွက် အဓိကလိုအပ်သည့် ချေးငွေ၊ နည်းပညာနှင့် စျေးကွက်များ အစရှိသည့် အကျိုးရလဒ်ကောင်းများ မလွဲမသွေ ရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက ဆုရွေးချယ်ချီးမြှင့်ခြင်းနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်အသိအမှတ်ပြုဒေသဆိုင်ရာ MSMEs ထုတ်ကုန် ဆုချီးမြှင့်ပွဲကို ကျင်းပရာ အသေးစား၊ အငယ်စားနှင့်အလတ်စား ထုတ်ကုန်ပြိုင်ပွဲတွင် တတိယဆုရရှိသူများကို စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်ကလည်းကောင်း၊ ဒုတိယဆုရရှိသူများကို မွန်ပြည်နယ် MSMEs Agency ဥက္ကဋ္ဌ စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးဝဏ္ဏကျော်ကလည်းကောင်း၊ ပထမဆုရရှိသူများကို အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ ပူးပေါင်းကျင်းပသော အငှမအကြိမ် MSMEs ဒေသတွင်း ထုတ်ကုန်ပြိုင်ပွဲသို့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းရှင် ၃၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## နွားထိုးကြီး-တောင်သာ ကျေးလက်လမ်းအား ရာသီမရွေးသွားလာနိုင်ရန် ကတ္တရာခင်း

**မန္တလေး ဒီဇင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီးမှ နွားထိုးကြီး-တောင်သာကျေးလက်လမ်းသည် နွားထိုးကြီးမှ တောင်သာအထိ ၁၇ မိုင် ၂ ဖာလုံရှိသည်။ လမ်းအမျိုးအစားမှာ မူလက ကျောက်လမ်းတစ်ဝက် ကတ္တရာလမ်းတစ်ဝက်ဖြစ်သည်။ ယခုအခါ ရာသီမရွေးသွားလာနိုင်ရန် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ခြင်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် နွားထိုးကြီးနှင့် တောင်သာကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနတို့က ဆောင်ရွက်လျက်ရှိကြောင်း ဒီဇင်ဘာ တတိယပတ်က တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။



အဆိုပါကျေးလက်လမ်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုအစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၁၁၄ ဒသမ ၁ သန်းဖြင့် ကတ္တရာခင်းခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် Pilot Project ဖြင့် လမ်းနှင့် တံတားများ အပါအဝင်ငွေကျပ် ၁၅၁၅ ဒသမ ၄၅၈ သန်း၊ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၁၄ ဒသမ ၁ သန်း၊ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ပြည်ထောင်စုအစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၁၅၀ ဒသမ ၇၄၄ သန်းတို့ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ အဆိုပါကျေးလက်လမ်းသည် နွားထိုးကြီးနှင့် တောင်သာနှစ်မြို့နယ်တို့မှ ကျေးရွာပေါင်း ၂၈ ရွာ၊ အိမ်ခြေပေါင်း ၃၇၂၆ အိမ်နှင့် လူဦးရေပေါင်း ၂၄၄၂၀ တို့ကို အကျိုးပြုမည့် ကျေးလက်လမ်းဖြစ်ပြီး လမ်းကို စည်ပင်သာယာရေးဦးစီးဌာနမှ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက လွှဲပြောင်းရယူခဲ့သောလမ်းဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

## သယံဇာတများ စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ရှမ်းပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

**တောင်ကြီး ဒီဇင်ဘာ ၂၃**

သယံဇာတများ ရေရှည်တည်တံ့စေရန် စီမံအုပ်ချုပ်နိုင်ရေး စွမ်းဆောင်ရည်မြှင့်တင်ခြင်း စီမံကိန်း၏ စီမံကိန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့က ညောင်ရွှေမြို့ ချယ်ရီကွင်းဟိုတယ်၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က မြန်မာနိုင်ငံ၏ သမိုင်းယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်တစ်ခုဖြစ်သော အင်းလေးကန်၏ သယံဇာတများ ရေရှည်တည်တံ့စေရန် စီမံအုပ်ချုပ်နိုင်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်း စီမံကိန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားရာ အင်းလေးကန်သည် လွန်ခဲ့သောနှစ်ပေါင်းများစွာက သဘာဝအလျောက် ကျောက်ပျိုကန်မှ ကျောက်ပျော်ရေကန်အဖြစ် ပြောင်းလဲခဲ့သော ကုန်းမြင့်ပိုင်းသဘာဝ ရေချိုကန်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံးကန်ဖြစ်ကြောင်း အင်လေးကန်အတွင်း ဒေသရင်းသက်ရှိမျိုးစိတ်အများအပြား မှီတင်းနေထိုင်ကြပြီး ဆောင်းခိုငှက်များ နှင့် မျိုးသုဉ်းရန် အန္တရာယ်ရှိသော မျိုးစိတ် အချို့၏ နားခိုရာနေရာဖြစ်သည့်အပြင် ထူးခြားသော ရိုးရာယဉ်ကျေးမှုနှင့် အသက်မွေးဝမ်းကျောင်းမှု အလေ့အထများကြောင့် ခရီးသွားလုပ်ငန်းအတွက် ဆွဲဆောင်မှုရှိသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ နိုင်ငံ၏ အရေးပါသော အမွေအနှစ်တစ်ခု ရေရှည်တည်တံ့စေရန် ယိုယွင်းပျက်စီးမှုမရှိစေရေး အလေးအနက်ထားထိန်းသိမ်းရန် လိုအပ်သောဒေသတစ်ခုဖြစ်ကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ စီမံကိန်းအကြီးတန်း အကြံပေး Mr. Yuzuru Kimura က Knowledge Sharing Program-KSP နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**မောင်မောင်သန်း(တောင်ကြီး)**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

# လူမှုဖူလုံရေးစီမံကိန်းတွင် အလုပ်ရှင်၊ အလုပ်သမားပိုမိုပါဝင်လာရေးအတွက် ဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၃**

နေပြည်တော် လူမှုဖူလုံရေးရုံးချုပ် စုဝေးခန်းမ၌ လူမှုဖူလုံရေးအဖွဲ့မှ ကိုယ်စားလှယ်များ၊ ILO မှ Ms. Mariana Infante ဦးဆောင်သော ကိုယ်စားလှယ်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များနှင့် သုတေသနပညာရှင်များ ပါဝင်သော ကိုယ်စားလှယ် ၃၅ ဦးတို့ဖြင့် "Stakeholders Discussion on the Survey on Awareness and Access to Social Securityဆွေးနွေးပွဲကို ဒီဇင်ဘာဒုတိယပတ်က ကျင်းပခဲ့သည်။

အလုပ်ရှင်နှင့် အလုပ်သမားများမှ လူမှုဖူလုံရေးနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်များ အလွယ်တကူ ရယူနိုင်စေရန်နှင့် လူမှုဖူလုံရေးအကြောင်း ပိုမိုသိရှိနားလည်ပြီး ပိုမိုပါဝင်လာနိုင်စေရန် ရည်ရွယ်၍ Communication Strategy ကို လူမှုဖူလုံရေးအဖွဲ့မှ ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဆွေးနွေးပွဲသည် လူမှုဖူလုံရေးအကျုံးဝင် အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် လူမှုဖူလုံရေးစီမံကိန်းအကြောင်း၊ ဆောင်ရွက်ပေးလျက်ရှိသော ဝန်ဆောင်မှုနှင့် ပေးအပ်လျက်ရှိသော အကျိုးခံစားခွင့်အပေါ် သိရှိနားလည်ဆောင်ရွက်မှုအပေါ် ကွင်းဆင်းအချက်အလက် ကောက်ယူမှု (Survey) ကို ILO ၏ အကူအညီဖြင့် MSR အဖွဲ့မှ လှိုင်သာယာစက်မှုဇုန်၊ ပြည်ကြီးတံခွန်စက်မှုဇုန်နှင့် ပဲခူးမြို့တို့၌ ဆောင်ရွက်ခဲ့မှုအပေါ် ရှင်းလင်းဆွေးနွေးပွဲကျင်းပခြင်းဖြစ်သည်။ ယခုဆွေးနွေးပွဲရလဒ်များအရ လူမှုဖူလုံရေးအဖွဲ့မှ အာမခံအလုပ်သမားများနှင့် အလုပ်ရှင်များအတွက် ထိရောက်ကောင်းမွန်သော Communication Strategy ကို ရေးဆွဲချမှတ်ပြီး လူမှုဖူလုံရေးစီမံကိန်းတွင် အလုပ်ရှင်၊ အလုပ်သမားများ ပိုမိုပါဝင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကွန်ချောင်းတမံမှ ယခုနှစ် နွေစပါးလျာထားဧက ၄၀၀၀ ကျော်ကို ရေစတင်ပေးဝေလျက်ရှိ

**မြန်အောင် ဒီဇင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ်အတွင်းရှိ ကွန်ချောင်းရေလှောင်တမံမှ ဒီဇင်ဘာ ၁၅ ရက်မှ စတင်ကာ နွေစပါးစိုက်ပျိုးရေ စတင်ပေးဝေလျက်ရှိကြောင်း၊ ကြံခင်းမြို့နယ်အတွင်း ကျေးရွာအုပ်စုပေါင်း ၁၁ အုပ်စုအတွင်းရှိ နွေစပါးလျာထား ၁၁၅၃ ဧကနှင့် မြန်အောင်မြို့နယ်အတွင်း ကျေးရွာအုပ်စုပေါင်း ငါးအုပ်စုရှိ နွေစပါးလျာထားဧက ၂၈၅၀ စုစုပေါင်းလျာထားဧက ၄၀၀၃ ဧကကို တူးမြောင်းမကြီးနှင့် လက်တံမြောင်းများမှ ပေးဝေသွားမည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန မြန်အောင်မြို့နယ်ရုံးမှ ဦးစီးအရာရှိ ဦးထိန်လင်းက ပြောသည်။

"ကွန်ချောင်းဆည်ရဲ့ စိစစ်ပြီးဧကတွေကတော့ နွေစပါးဧက ၁၀၀၀၀ နဲ့ အခြားသီးနှံ ၄၆၈၇ ဧက စုစုပေါင်း ၁၄၆၈၇ ဧက ဖြစ်ပါတယ်။ ဒီနှစ် နွေစပါးစိုက်ပျိုးရေးအတွက် ဆည်ထဲမှာဆည်ရေဧက ၉၃၆၀၀ ကို သိုလှောင်ထားပြီး ဖြစ်ပါတယ်။ အဲဒီဆည်ရေထဲက နွေစပါးစိုက်ပျိုးရေးအတွက် ဧက ၈၆၀၀၀ ပေ အထိအသုံးပြုနိုင်မှာ ဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။



ယခုအခါ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ကွန်ချောင်းဆည်ရေသောက်အတွင်းရှိ တူးမြောင်းမကြီးနှင့် လက်တံမြောင်းများ ပြုပြင်ခြင်းလုပ်ငန်းများကို လူအင်အား၊ စက်အင်အားတို့ဖြင့် ရေစီးရေလာကောင်းမွန်ရေးစီမံဆောင်ရွက် ပေးနေသောကြောင့် ၂၀၁၈-၂၀၁၉ နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါးလျာထားဧက ၄၀၀၃ ဧက ထက် ပိုမိုစိုက်ပျိုးလိုပါကလည်း တောင်သူများအနေဖြင့် အခက်အခဲမရှိ စိုက်ပျိုးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်မွှေး**

# မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့မှ ၁၇ ရက်နေ့အထိ တစ်ပတ်အတွင်းထွက်ရှိသော စာအုပ်စာရင်း

*ယမန်နေ့မှ အဆက်*

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၅၁ | မီးလျှံများကို ဖြတ်ကျော်ခြင်း | ထန်းတပင်စန်းလွင် | လွင်ဦး | ၂၅၀၀ |
| ၅၂ | စွမ်းအင်နဲ့ လျှပ်စစ်ကို ကမ္ဘာကြည့်ကြည့်မယ် | မော်သာထွေး(မန္တလေး) | မျိုးဆက်သစ် | ၅၀၀၀ |
| ၅၃ | အောင်မြင်သူတို့ ပြုလုပ်လေ့ရှိသော အချက်ပေါင်း ၁၀၀ | အောင်ကို(တောင်ငူ) | တူဒေး | ၆၀၀၀ |
| ၅၄ | ပန်းချီခရီးနှင့် ဘဝရေစီး | ပန်းချီစိန်မြင့်(ရွှေချည်ထိုး) | နှစ်ကာလများ | ၁၀၀၀၀ |
| ၅၅ | သောင်းပြောင်းထွေလာ တိရစ္ဆာန်ဆေးကုဆရာဝန်ဘဝ | မြတ်ကျော် | မနောဖြူ | ၄၀၀၀ |
| ၅၆ | The Anti - Corruption Law | - | ရှုတိုင်းယဉ် | ၂၀၀၀ |
| ၅၇ | မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေ | - | ရှုတိုင်းယဉ် | ၁၀၀၀ |
| ၅၈ | ချစ်တဲ့သူကို တကယ်ချစ်တဲ့အခါ | အေဇာချို | ခုနစ်စင်ကြယ် | ၁၅၀၀ |
| ၅၉ | ရိတ်သိမ်းမထားသော ဦးခေါင်းများ | အဇ္ဈတ္တ | Global Piece Group | ၃၀၀၀ |
| ၆၀ | သာသနာလျှောက်နှင့် ဆွမ်းတော်ကြီးစာတမ်း | ဦးပုည | စိတ်ကူးချိုချို | ၈၀၀ |
| ၆၁ | တစ်ခေတ်တစ်ခါက မြန်မာ့အားကစားလူရည်ချွန်များ | မောင်ရဲဝင်း | စိတ်ကူးချိုချို | ၃၀၀၀ |
| ၆၂ | ဗမာစာတတ်ဖို့လိုတယ် | မောင်သာနိုး | ကွမ်းခြံလမ်း | ၂၅၀၀ |
| ၆၃ | လက်တွေ့ဝိပဿနာနှင့် ဗောဇ္ဈင်ခုနစ်ပါးဘာဝနာပွားများခြင်း | ဦးမြတ်သူ | ဦးမြတ်သူ | ၃၀၀၀ |
| ၆၄ | မြန်မာ့သမိုင်းတစ်ကွေ့မှ နိုင်ငံခြားသားများ | သန်းဝင်းလှိုင် | အိပ်မက်သစ် | ၅၅၀၀ |
| ၆၅ | My Memories | ဖြူစင်ဝင်း | Global Piece Group | ၂၅၀၀ |
| ၆၆ | လူကြီးတွေက စပြင်ပါ | ကိုကိုလင်း(အမေစိန်) | Wisdom house | ၂၅၀၀ |

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၃-၁၂-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၇၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၇၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၀/၉၄၀ | ကျပ် | ၉၄၀/၉၆၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၀/၉၆၀ | ကျပ် | ၉၅၅/၉၇၅ | ကျပ် |
| အောက်တိန်း ၉၂ | ၇၃၅/၇၈၀ | ကျပ် | ၈၀၀/၈၂၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၀၀/၈၅၅ | ကျပ် | ၈၇၀/၈၉၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၇၀ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၉၈ ・ ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၄၅ ・ ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၈၈ ・ ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၁၁ ・ ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၁၇ ・ ၆ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၈ ・ ၀၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ ・ ၄၃၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၉ ・ ၆၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၅ ・ ၅၁ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ၁၂၃ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။


# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန



မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး(တာဝန်) | - | ဝင်းကျော် |
| စာတည်းမှူး | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းများ | - | ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၃၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ကျွန်တော်နဲ့ နိုင်ငံခြားဘွဲ့များ



**ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်**

ဒီနေ့ဂျာနယ်တစ်ခုမှာ လွှတ်တော်အမေးအဖြေအကြောင်း ဖတ်လိုက်ရတယ်။ အကြောင်းအရာကတော့ ပြည်ပဘွဲ့၊ ဒီပလိုမာ၊ ဒေါက်တာဘွဲ့လက်မှတ်များ ပေးအပ်နေတဲ့ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ ခိုင်မာမှု ရှိ မရှိ စိစစ်ရန်ကိစ္စ။ ဒီဆောင်းပါးဖတ်ရင်း ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးစနစ်ကို သုံးသပ်မိတယ်။ အခုဆို ပြည်ပဘွဲ့တွေ၊ ဒီပလိုမာတွေ၊ ဒေါက်တာဘွဲ့လက်မှတ်တွေ ပေးအပ်နေတာ အနှံ့အပြားပဲ။ ကြော်ငြာတွေကလည်း ဝေဝေဆာဆာ၊ ကြော်ငြာဖတ်လိုက်ရင် အားရစရာကြီး။ ပေးနေတဲ့ဘွဲ့တွေကလည်း မျိုးစုံ။ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှာလည်း မကြာခဏ လျှောက်ထားလာတာ တွေ့ရတယ်။ အခုလိုလျှောက်တဲ့နေရာမှာလည်း ပညာရေးဝန်ဆောင်မှုလုပ်ငန်းအဖြစ် တင်လာတော့ ပညာရေးဝန်ကြီးဌာနနဲ့ မသက်ဆိုင်သလို။

**ပညာရေးဟာ စီးပွားရေးတစ်ရပ်ဖြစ်**

ပညာရေးဟာ စီးပွားရေးတစ်ရပ်ဖြစ်နေတာတော့ ငြင်းလို့မရတော့ပါဘူး။ ခေတ်တွေ၊ စနစ်တွေ ပုံစံအမျိုးမျိုးနဲ့ ပြောင်းလဲနေတာ။ အခုအခြေအနေတစ်ခုနဲ့ ရင်ဆိုင်နေရတာ တွေ့ရပါတယ်။ လွတ်လပ်ရေးမရခင် ၁၉၂၀ ပြည့်နှစ်မှာ ရန်ကုန်တက္ကသိုလ်ကို ဖွင့်လှစ်နိုင်ခဲ့တယ်။ တစ်ချိန်က အိန္ဒိယနိုင်ငံက ကာလကတ္တားတက္ကသိုလ်ရဲ့ ကျောင်းခွဲဖြစ်ရာက သီးခြားရပ်တည်တဲ့ တက္ကသိုလ်ဖြစ်လာခဲ့တယ်။

ရန်ကုန်တက္ကသိုလ်ကို ယူနီဗာစီတီကောလိပ်နဲ့ ဂျပ်ဆင်ကောလိပ်နှစ်ခုအခြေခံပြီး ဖွဲ့စည်းခဲ့တယ်။ တက္ကသိုလ်ကောလိပ်အခေါ်အဝေါ်နဲ့ ပတ်သက်လာရင် နားလည်မှုလွဲနေတာ တွေ့နေရတယ်။ ကောလိပ်က အဆင့်နိမ့်ပြီး တက္ကသိုလ်က မြင့်တယ်လို့ ယူဆနေကြတယ်။

အင်္ဂလန်နိုင်ငံက နာမည်ကြီး အောက်(စ်)ဖို့ဒ်တက္ကသိုလ်ဟာ အမှန်တကယ်တော့ သူနဲ့ဆက်စပ်နေတဲ့ ကောလိပ်တွေ စုပေါင်းပြီး ဖွဲ့စည်းထား။ အမေရိကန်နိုင်ငံမှာ တချို့က ကောလိပ်ဆိုတဲ့ နာမည်သုံးပြီး ဘွဲ့အနေနဲ့ ပါရဂူဘွဲ့အထိ ပေးနေတာတွေ့ရတယ်။

**သူ့ခေတ်နဲ့သူ အဆင်ပြေမယ့်စနစ် ဖန်တီးခဲ့**

ရန်ကုန်တက္ကသိုလ်တည်ထောင်နေတဲ့အချိန် ထိုင်းနိုင်ငံတို့၊ စင်ကာပူနိုင်ငံတို့မှာ တက္ကသိုလ်တွေ ထင်ထင်ရှားရှား မရှိသေးတာတွေ့ရတယ်။ လွတ်လပ်ရေးရပြီးချိန်မှာလည်း ရန်ကုန်တက္ကသိုလ်ရဲ့အဆင့်အတန်းဟာ မြင့်မားလှုပြီး နိုင်ငံတကာက ကျောင်းသားတွေ တက်ရောက်ခဲ့တယ်။ အခုသတိပြုရမှာက တက္ကသိုလ်ကျောင်းသားနဲ့ နိုင်ငံရေးဟာ ခွဲခြားလို့မရတဲ့ ကိစ္စမဟုတ်ပါဘူး။ လွတ်လပ်ရေးတိုက်ပွဲတွေဟာ တက္ကသိုလ်က စတင်ခဲ့ခြင်းဖြစ်တယ်။ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်က ကျောင်းသား ကျောင်းသူတွေဟာ နိုင်ငံရေးလှုပ်ရှားမှုတွေမှာ တက်တက်ကြွကြွပါဝင်ခဲ့တယ်။ ဒါကြောင့်လည်း ၁၉၆၂ ခုနှစ် ကျောင်းသားအရေးအခင်း ဇူလိုင် ၇ ရက်ကစတင်ပြီး တော်လှန်ရေးကောင်စီနဲ့ ပဋိပက္ခတွေဖြစ်ခဲ့ကြတယ်။ နောက်ပိုင်း မဆလအစိုးရလက်ထက်မှာလည်း ကျောင်းသားအရေးအခင်းတွေ မကြာခဏဖြစ်ခဲ့ရတယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာတော့ ဒီပဋိပက္ခတွေပပျောက်အောင် တက္ကသိုလ်စနစ်ကို နေရာအနှံ့မှာ၊ ဒေသအနှံ့မှာ တက္ကသိုလ်တွေ ဖွင့်လှစ်ခဲ့ပြီး အခြေအနေကို ထိန်းသိမ်းခဲ့တယ်။ ဒါကြောင့်လည်း လွတ်လပ်ရေး ရပြီးချိန်အထိ ပညာရေးပြုပြင်ပြောင်းလဲမှု သူ့ခေတ်နဲ့သူ၊ သူ့အတွက် အဆင်ပြေမယ်ထင်တဲ့ စနစ်တွေကို ဖန်တီးခဲ့တယ်။ အခုလို ဆောင်ရွက်ရာမှာ ပညာရေးမျက်စိနဲ့ မကြည့်ဘဲ နိုင်ငံရေး၊ အုပ်ချုပ်ရေးရှုထောင့်ကို ဦးစားပေးပြီး လုပ်ခဲ့တယ်။ ခေတ်အဆက်ဆက်က ဆောင်ရွက်မှုတွေကြောင့် အခုအချိန်မှာ ကြုံတွေ့နေရတဲ့ ပညာရေးစိန်ခေါ်မှုနဲ့ ရင်ဆိုင်နေကြတာ တွေ့ရတယ်။

**အရည်အသွေးထက် အရေအတွက်ကို ဦးစားပေးခဲ့**

အရည်အသွေးထက် အရေအတွက်ကို ဦးစားပေးခဲ့တယ်။ ကျောင်းသားလူငယ်တွေ စုစည်းနေတာကို အန္တရာယ်တစ်ရပ်အနေနဲ့ သုံးသပ်တဲ့အတွက် အဝေးသင်ပညာရေးစနစ်ကို လုပ်ခဲ့တယ်။ ပညာရေးဟာ ဘွဲ့ရရှိရေးစနစ်ဖြစ်လာအောင် စီစဉ်နိုင်ခဲ့တယ်။ စီးပွားရေးရဲ့အခြေခံအယူအဆတစ်ခုက ဝယ်လိုအားရှိရင် ဒီဝယ်လိုအားကို ဖြည့်ဆည်းမယ့် ရောင်းလိုအားက အလိုလိုပေါ်ပေါက်လာမှာ ဖြစ်တယ်။

ဒီပလိုမာဒေါက်တာဘွဲ့တွေကို ရယူလိုချင်တဲ့ဆန္ဒကို ပုဂ္ဂလိက ကဏ္ဍက ဝင်ရောက်ဖြည့်ဆည်းလာခဲ့တယ်။ နိုင်ငံခြားလို့ ပြောတာနဲ့ အထင်ကြီးတာမို့ အလုအယက်တက်ကြတယ်။ ငွေတွေ အကုန်ခံတယ်။

**အရည်အသွေးစိတ်ချမှု အာမခံချက်မပေးနိုင်**

ဒါပေမယ့် အရည်အသွေး ဘယ်လောက်စိတ်ချရသလဲဆိုတာကိုတော့ အာမခံချက်မပေးနိုင်ကြဘူး။ ဒီနေရာမှာ ပညာရေးဝန်ဆောင်မှုပေးနေတဲ့သူတွေအနက် နှစ်မျိုးနှစ်စားရှိတာကို သိဖို့လိုတယ်။ တကယ့်ကို စေတနာစစ်စစ်နဲ့ နိုင်ငံခြားက နာမည်ရတက္ကသိုလ်တွေနဲ့ ချိတ်ဆက်ပြီး ပေးနေကြတာရှိသလို တချို့တွေကတော့ ပွင့်ပွင့်လင်းလင်းပြောရရင် လိမ်တဲ့သူတွေလည်း ရှိနေကြတယ်။ ကျောင်းသားတွေ၊ မိဘတွေခမျာလည်း ပြည့်စုံတဲ့ သတင်းအချက်အလက်တွေမရှိတာမို့ ရွေးချယ်မှုတွေ မှားနိုင်တယ်။ မှားခဲ့တာ တွေ့ရတယ်။ ပစ္စည်းအတုရောင်းရင် ရောင်းသူမှာ အခြေခံတာဝန်ရှိပေမယ့် ဝယ်သူမှာလည်း တာဝန်မကင်းပါဘူး။ တချို့ကတော့ ပြောင်လိမ်တာပဲ။ သူတို့နဲ့ ချိတ်ထားတဲ့ တက္ကသိုလ်အကြောင်း အင်တာနက်က တစ်ဆင့် စုံစမ်းလိုက်ရင် အမှန်တကယ်မရှိတာ တွေ့ရတယ်။

> “ ဘွဲ့ရှိတာမရှိတာက အမှန်တော့ ပဓာနမဟုတ်ပါဘူး။ ဘွဲ့ရှိမှ ပညာတတ်လို့ယူဆပြီး ဘွဲ့မရှိရင် ပညာမဲ့လို့ မပြောနိုင်ပါဘူး။ ဘွဲ့မရှိ၊ ကျောင်းပညာမရှိဘဲ အသိဉာဏ်ထူးချွန်ကြတဲ့သူတွေ အများကြီးပါ။ ကိုယ်က အခြေအနေအရ အဝေးသင်က ဘွဲ့ရထားရင်လည်း ရှက်စရာကိစ္စမဟုတ်ပါဘူး။ အမှန်စင်စစ် တက်ရောက်ခဲ့တာမို့ မျက်နှာမငယ်သင့်ဘူး။ ဒါပေမယ့် မရှိတဲ့ ဒေါက်တာဘွဲ့၊ မရှိတဲ့ ပါမောက္ခဘွဲ့ကို ပြောင်ပြောင်တင်းတင်း တပ်နေကြတာက ရှက်စရာ။ မရှက်တတ်တော့လည်း မျက်နှာပြောင်တိုက်နေကြတာ ”

ဒီကိစ္စဟာ မြန်မာပြည်မှာသာ ကြုံတွေ့နေရတာမဟုတ်ဘဲ နိုင်ငံတကာမှာ ရင်ဆိုင်နေရတယ်။ ဖြတ်လမ်းနည်းနဲ့ ဘွဲ့တွေ၊ ဒီပလိုမာတွေ လိုချင်တာမို့ ငွေပေးပြီး အရည်အချင်းကို ဝယ်ယူကြတာ။ တချို့တွေဟာ ဝန်ဆောင်မှုပေးတဲ့သူတွေက လူလိမ်တွေ၊ ကိုယ်ကိုယ်တိုင် အရည်အချင်းအတုတွေနဲ့ လူတွေအထင်ကြီးအောင် လုပ်နေကြတာ တွေ့ရတယ်။ ရဲရဲဝံ့ဝံ့လုပ်တော့လည်း ဟုတ်နေသလိုပဲ။ လိမ်ပဲလိမ်ရင် ပြောင်လိမ်ဖို့ လိုမယ်ထင်ပါရဲ့။ ဒီပလိုမာဘွဲ့ပေးနေတဲ့ ကျောင်းတွေကို ကြည့်ပြန်ရင် ရုံးခန်းသာသာ။ ကြော်ငြာတုန်းကတော့ နိုင်ငံခြားကဆရာတွေ လာရောက်သင်မယ်လို့ ပြောပေမယ့် တစ်ယောက်မှ မမြင်ရဘူး။ ဒေါက်တာဘွဲ့ရဖို့ သုတေသနလုပ်ရမယ်။ ကျမ်းကြီးပြုစု ရမယ်။ ပြုစုတဲ့ကျမ်းကို ကြီးကြပ်သူတွေမှာ အရည်အချင်းရှိရမယ်။ ဒီကျမ်းကြီးကို စိစစ်တဲ့သူတွေမှာလည်း ဘွဲ့တွေရှိရမယ်။ အခုတော့ ဒါတွေမပြည့်စုံဘဲ ရောင်းစားနေကြတာ။

**အဂတိလိုက်စားမှုပဲဖြစ်**

ဖြစ်နေတဲ့အခြေအနေကိုသိရင် ကုစားဖို့တော့ လိုအပ်တယ်။ အမှန်တော့ တစ်လောက ကျွန်တော်ပါဝင်တဲ့ အဂတိတိုက်ဖျက်ရေးဖိုရမ်မှာ တင်ပြဆွေးနွေးသင့်ပါတယ်။ အဂတိလိုက်စားမှုဟာ ငွေသားသက်သက်မဟုတ်ပါဘူး။ အခုလို မသိနားမလည်တဲ့သူတွေကို ဘွဲ့အတု အရည်အချင်းအတုတွေ ပေးအပ်နေတာလည်း အဂတိလိုက်စားမှုပဲဖြစ်တယ်။ တရားဥပဒေအရ အရေးယူရမှာ ဖြစ်တယ်။ ခက်တာက ပုဂ္ဂလိကတက္ကသိုလ်ပညာရေးဥပဒေ မရှိသေးတော့ ဘာမှမလုပ်နိုင်ဘဲ လက်ပိုက်ကြည့်နေရသလို ဖြစ်တယ်။

ပညာရေးဝန်ဆောင်မှုကို စိစစ်နိုင်စွမ်းရှိတာ ပညာရေးဝန်ကြီးဌာနပဲ ဖြစ်တယ်။ ဒါပေမယ့် မှတ်ပုံတင်ထားတာ ဝန်ဆောင်မှုဖြစ်နေတော့ ကြီးကြပ်ဖို့ ခက်တယ်။ ဒါကြောင့် ဥပဒေကို အမြန်ဆုံးပြဋ္ဌာန်းစေချင်တယ်။ ဒီဥပဒေပေါ်လာရင် အပြစ်ရှိတဲ့သူတွေကို ထိထိရောက်ရောက် အရေးယူရမှာ။ ပေါ့ပေါ့လုပ်နေလို့ မဖြစ်ပါဘူး။

ကျွန်တော် နားမလည်နိုင်တာက ကိုယ့်လိပ်ပြာကိုယ်လုံကြရဲ့လား။ ဘွဲ့ရှိတာမရှိတာက အမှန်တော့ ပဓာနမဟုတ်ပါဘူး။ ဘွဲ့ရှိမှ ပညာတတ်လို့ယူဆပြီး ဘွဲ့မရှိရင် ပညာမဲ့လို့ မပြောနိုင်ပါဘူး။ ဘွဲ့မရှိ၊ ကျောင်းပညာမရှိဘဲ အသိဉာဏ်ထူးချွန်ကြတဲ့သူတွေ အများကြီးပါ။ ကိုယ်က အခြေအနေအရ အဝေးသင်က ဘွဲ့ရထားရင်လည်း ရှက်စရာကိစ္စမဟုတ်ပါဘူး။ အမှန်စင်စစ် တက်ရောက်ခဲ့တာမို့ မျက်နှာမငယ်သင့်ဘူး။ ဒါပေမယ့် မရှိတဲ့ ဒေါက်တာဘွဲ့၊ မရှိတဲ့ ပါမောက္ခဘွဲ့ကို ပြောင်ပြောင်တင်းတင်း တပ်နေကြတာက ရှက်စရာ။ မရှက်တတ်တော့လည်း မျက်နှာပြောင်တိုက်နေကြတာ။

**စစ်မှန်တဲ့ နိုင်ငံခြားတက္ကသိုလ်တွေ လာစေချင်**

ကျွန်တော်ကတော့ တကယ့်ကို စစ်မှန်တဲ့ နိုင်ငံခြားတက္ကသိုလ်တွေ မြန်မာပြည်မှာ လာစေချင်တယ်။ သူတို့ပေးတဲ့ ဘွဲ့တွေယူပြီး အရည်အသွေးတွေ မြှင့်တင်စေချင်တယ်။ လွန်ခဲ့တဲ့ သုံး၊ လေးနှစ်အတွင်း နိုင်ငံခြားမှာ နာမည်ရတဲ့တက္ကသိုလ်တွေ၊ မြန်မာက ကျောင်းတွေနဲ့ တွဲဖက်ပြီး ဒီပလိုမာတွေ၊ ဘွဲ့တွေ ပေးနေတာကို ကြိုဆိုမိပါတယ်။

ကျောင်းသားတွေနဲ့ ကျောင်းသားမိဘတွေကို သတိပေးချင်ပါတယ်။ ကိုယ်ယူမယ့် ဘွဲ့၊ ဒီပလိုမာရဲ့ အဆင့်အတန်းကို ဆန်းစစ်ပါ။ စိစစ်ပါ။ နားမယောင်ပါနဲ့။ သတိထားပြီး ရွေးချယ်ပါ။ အရွေးမှားရင် တစ်သက်လုံး ပြင်လို့မရတဲ့ အမှားကျူးလွန်မိမှာ။ တစ်ချိန်မှာတော့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ပြည်ပမှ ဘွဲ့တွေ၊ ဒီပလိုမာတွေ၊ ဒေါက်တာဘွဲ့တွေကို စိစစ်နိုင်မယ့် အချိန်ကျရောက်လာမှာ ဖြစ်တယ်။ ဒီလိုမဖြစ်ခင် ဝယ်သူတွေ သတိပြုကြပါလို့ ပန်ကြားချင်ပါတယ်။ ။

# ကော့သောင်းမြို့၌ မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး စက်ဘီးစီးနင်းပွဲကျင်းပ

ကော့သောင်း ဒီဇင်ဘာ ၂၃

**မြန်မာ(ကော့သောင်း) - ထိုင်း (ရနောင်း) နှစ်နိုင်ငံ(၅)ကြိမ်မြောက် ချစ်ကြည်ရေးစက်ဘီးစီးနင်းပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်က ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက် နာရီစင်ရှေ့၌ ကျင်းပသည်။**

အခမ်းအနားသို့ ကော့သောင်းခရိုင် ဒုတိယခရိုင် အုပ်ချုပ်ရေးမှူးနှင့် ရနောင်းခရိုင်၊ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး၊ နှစ်နိုင်ငံခရီးသွားနှင့် အားကစားရေးရာဌာနမှ တာဝန်ရှိသူများ၊ နှစ်နိုင်ငံ ခရီးသွား လုပ်ငန်းရှင်များအသင်း၊ ကော့သောင်း- ရနောင်းခရိုင်ကုန်သည်ကြီးများအသင်း၊ ကော့သောင်းခရိုင်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ Grand Andaman Hotel နှင့် PTTEP ကုမ္ပဏီမှတာဝန်ရှိသူများ၊ ရနောင်းခရိုင် စက်ဘီးစီးအသင်းမှ စက်ဘီးစီးသမားများ၊ မြန်မာနိုင်ငံ မြိတ်ခရိုင်၊ ကော့သောင်းခရိုင်မှ စက်ဘီးစီးအဖွဲ့ဝင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ တက်ရောက်သည်။

အခမ်းအနားတွင် စက်ဘီးစီးအဖွဲ့ဝင်များ နေရာယူပြီး ထိုင်းနိုင်ငံ ရနောင်းခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး မစ္စတာဖွန်ထေးဖွန်စရီနှင့် ကော့သောင်းခရိုင် ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်တို့က အမှာစကား ပြောကြားသည်။ ဆက်လက်၍ ရနောင်းခရိုင် ဒုတိယအုပ်ချုပ်ရေးမှူးမှ နှစ်နိုင်ငံ စက်ဘီးစီးအားကစား ပိုမိုထွန်းကားလာရေးရည်ရွယ်ကာ ချစ်ကြည်ရေး စက်ဘီးစီးနင်းပွဲ အထိမ်းအမှတ် လက်ဆောင်အဖြစ် စက်ဘီး ငါးစီးကို ကော့သောင်းခရိုင် ဒုတိယအုပ်ချုပ်ရေးမှူးသို့ လွှဲပြောင်းပေးအပ်လှူဒါန်းသည်။ ထို့နောက် ထိုင်းနိုင်ငံဧည့်သည်တော်များသို့ ကော့သောင်းခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ ကော့သောင်းစက်ဘီးစီးအသင်း တာဝန်ရှိသူများက အမှတ်တရ လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ကြသည်။ ယင်းနောက် ချစ်ကြည်ရေး စက်ဘီးစီးနင်းပွဲကို နှစ်နိုင်ငံတာဝန်ရှိသူများက စတင်ကာ ဖွင့်လှစ်ပေးခဲ့ကြပြီး စက်ဘီးစီးအားကစားသမားများ စတင် စီးနင်းခဲ့ကြသည်။



အဆိုပါပြိုင်ပွဲကို ထိုင်းနိုင်ငံ ရနောင်းခရိုင်မှ စက်ဘီးစီးသမားများ၊ မြန်မာနိုင်ငံ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်များ ပူးပေါင်းကာ စက်ဘီးစီးသမား ၆၅၆ ဦးက ကော့သောင်းမြို့မှ ၂၇ ကီလိုမီတာခရီးရှိသည့် မလိဝမ်းကျေးရွာအထိ ခရီးရှည် ချစ်ကြည်ရေး စက်ဘီးစီးနင်းကြပြီး ချစ်ကြည်ရေး စက်ဘီးစီးအဖွဲ့က ကော့သောင်းမြို့ မလိဝမ်းကျေးရွာ ရှမ်းဘုန်းတော်ကြီးကျောင်းနှင့် ရွှေတောင်ဦးဘုန်းတော်ကြီးကျောင်း မိဘမဲ့ကလေးများ ဂေဟာတို့ကို လှူဒါန်းငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ နှစ်နိုင်ငံချစ်ကြည်ရေး စက်ဘီးစီးနင်းပွဲကို ကော့သောင်းမြို့တွင် (၅)ကြိမ်မြောက် ခရီးစဉ်အဖြစ် စီးနင်းကျင်းပခြင်းဖြစ်ပြီး အာဆီယံမိသားစုဝင် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲရေး၊ အာရှဒေသဆိုင်ရာ နှစ်နိုင်ငံနယ်စပ် ခရိုင်များမှ ပြည်သူများ အပြန်အလှန် ခရီးသွားလုပ်ငန်း၊ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး ရည်ရွယ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# မဟာဓာတ်အားလိုင်းမရောက်မီ မီးလင်းစေမည်

**ဆုမွန်**



ကျေးရွာတစ်ရွာအတွက် ဆိုလာအသေးစားဓာတ်အားစနစ် ဆောင်ရွက်ထားစဉ်

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသများတွင် နေထိုင်သူများဖြစ်သည့်အားလျော်စွာ ထိုဒေသများမှ ပြည်သူများအတွက် အဓိက အရေးပါသည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးကို အစိုးရအဆက်ဆက်က မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ခဲ့ရာမှာ ယခုအခါ မဟာဓာတ်အားလိုင်းဆက်သွယ်ခြင်းနှင့် မဟာဓာတ်အားလိုင်းပြင်ပစနစ်များဟူသည့် စနစ်နှစ်မျိုးဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည်။

မဟာဓာတ်အားလိုင်းဖြင့် ဆက်သွယ်ဆောင်ရွက်ခြင်းစနစ်ကို အများပြည်သူက လျှင်လျှင်မြန်မြန်ပင် မျက်စိထဲ ပုံဖော်ကြည့်နိုင်မည်ဖြစ်သော်လည်း မဟာဓာတ်အားလိုင်းပြင်ပစနစ်များဆိုသည်ကိုတော့ ဝေဝေဝါးဝါးဖြစ်နေကြသူတွေ အတော်များမည်ဟု ယူဆရပါသည်။ အဘယ်ကြောင့်နည်း။ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများကို အများအားဖြင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဆောင်ရွက်သဖြင့် မဟာဓာတ် အားလိုင်းကြိုးများမှ လျှပ်စစ်ရကြောင်း အများစုက မျက်မြင်ဖြစ်နေချိန်တွင် မဟာဓာတ်အားလိုင်း ပြင်ပစနစ်က ဘယ်လိုတွေကနေ လျှပ်စစ်ပေးနေသည်ကို သိရှိသူ နည်းသေးသောကြောင့်ဟု ဆိုရပေမည်။

**မဟာဓာတ်အားလိုင်း ပြင်ပစနစ်**

မဟာဓာတ်အားလိုင်း ပြင်ပစနစ်ဆိုသည်မှာ မဟာဓာတ်အားလိုင်းများ ဆက်သွယ်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်သည် ကျေးလက်ဒေသ နေရာအနှံ့၊ ဝေးလံခေါင်ဖျားသည့် နေရာများသို့ မရောက်လာသေးမီ စပ်ကြားကာလတွင် လျှပ်စစ်မီး မသုံးရသည့်အဖြစ် မရှိရလေအောင် ကြားကာလတွင် လျှပ်စစ်ဓာတ်အားရရှိစေရန် ဆောင်ရွက်သည့် စနစ်တစ်ခုဖြစ်သည်။

ဧရိယာနယ်မြေအကျယ်အဝန်းကြီးမားသည့် မြန်မာနိုင်ငံအတွက် တစ်နိုင်ငံလုံးအနှံ့ လျှပ်စစ်ဓာတ်အားရရှိစေရန် ဆောင်ရွက်ရခြင်းမှာ အချိန်တိုအတွင်းတော့ မဖြစ်လာနိုင်သေးပေ။ ထို့ကြောင့် မြို့နှင့်နီးသော ဒေသများတွင် လျှပ်စစ်သုံးစွဲခွင့်ရနေချိန်တွင် ဝေးလံခေါင်ဖျားသော၊ မဟာဓာတ်အားလိုင်းမှ အနည်းဆုံး ၁၀ မိုင်အထက်ကွာဝေးသော ဒေသများအတွက် လျှပ်စစ်မီးဆိုသည်မှာ အိပ်မက်သာသာဖြစ်နေသည်။

ထို့ကြောင့် အစိုးရတာဝန်ရှိသူများအနေဖြင့် မဟာဓာတ်အားလိုင်း မရနိုင်သေး၊ မရောက်နိုင်သေးသည့် အချိန်ကာလ၊ ထိုနေရာများအတွက် လျှပ်စစ်သုံးစွဲနိုင်ရန် မဟာဓာတ်အားလိုင်း ပြင်ပစနစ်ဖြင့် လျှပ်စစ်ပေးနိုင်ရန် ကြံရွယ်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ထိုသို့လုပ်ဆောင်နိုင်ရန်အတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း ခေါင်းစဉ်အောက်တွင် ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၉၀ ကို ရယူကာ ၂၀၁၅ ခုနှစ်တွင် စီမံကိန်း စတင်ခဲ့သည်။

**အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း**

ထိုစနစ်အတွက် လက်ရှိတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဟာဓာတ်အားလိုင်း ပြင်ပစနစ် စီမံကိန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိကာ ၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း အိမ်ထောင်စုပေါင်း ခြောက်သိန်းကျော်တွင် လျှပ်စစ်မီးရရှိစေဖို့ လျာထားဆောင်ရွက်နေသည်။ ထိုကဲ့သို့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဝေပေးနိုင်ရန်အတွက် တစ်အိမ်သုံးဆိုလာစနစ်နှင့် အသေးစားဓာတ်အားစနစ်ဟူ၍ စနစ်နှစ်မျိုးခွဲကာ ဆောင်ရွက်နေသည်။

**တစ်အိမ်သုံးဆိုလာစနစ်**

တစ်အိမ်သုံးဆိုလာစနစ်ဆိုသည်မှာ မဟာဓာတ်အားလိုင်းမှ အနည်းဆုံး ၁၀ မိုင်ကွာဝေးကာ နောင်ဆယ်နှစ်အတွင်း လျှပ်စစ်မီးမရနိုင်သေးသည့် ကျေးရွာများတွင် တစ်နိုင်တစ်ပိုင် အိမ်သုံးဆိုလာပြားများ တပ်ဆင်ပေးခြင်းဖြစ်သည်။ ထိုသို့တပ်ဆင်ရာတွင် သတ်မှတ်အချိုးကျ ပြည်သူ့ထည့်ဝင်ငွေကို ကောက်ခံပြီး ပမာဏရာခိုင်နှုန်းအများစုကို စီမံကိန်းက ကျခံဆောင်ရွက်ပေးခြင်းဖြစ်သည်။

တစ်အိမ်သုံးဆိုလာစနစ်များကို စီမံကိန်းစတင်စဉ်က ဝပ်အားအသေးများအဖြစ် ၃၀ ဝပ်၊ ၄၅ ဝပ်နှင့် ၆၀ ဝပ်များသာ စတင်တပ်ဆင်ပေးခဲ့သော်လည်း ဒုတိယနှစ်မှစတင်ကာ ဝပ် ၆၀ နှင့် ဝပ် ၁၀၀ များကို တပ်ဆင်ပေးခဲ့သည်။ အဆိုပါ အိမ်သုံးဆိုလာစနစ်များအပြင် အများပြည်သူသုံး ဆိုလာစနစ်များအဖြစ် လမ်းမီးများ၊ ဘာသာရေးအဆောက်အအုံများ၊ စာသင်ကျောင်းနှင့် ဆေးပေးခန်းများတွင် ဝပ် ၁၈၀ မှ ၄၈၀ ကြားရှိသည့် ဆိုလာများကိုလည်း အခမဲ့တပ်ဆင်ပေးသည်။ တစ်အိမ်သုံးဆိုလာစနစ်များတပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်မည့် ပြည်တွင်းပြည်ပကုမ္ပဏီများကို International Competitive Bidding စနစ်ဖြင့် ရွေးချယ်ခေါ်ယူခဲ့ခြင်းဖြစ်ကာ စံချိန်စံညွှန်းများနှင့်ကိုက်ညီစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။

တစ်အိမ်သုံးဆိုလာစနစ်များကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာပေါင်း ၄၀၇၄ ရွာမှ အိမ်ခြေစုစုပေါင်း ၂၃၀၀၀၀ ခန့်နှင့် အများပြည်သူဆိုင်ရာအဆောက်အအုံ ၃၀၀၀၀ ကျော်တို့တွင် တပ်ဆင်ခဲ့ပြီးဖြစ်သည်။

တစ်အိမ်သုံးဆိုလာစနစ်များသည် တပ်ဆင်ရလွယ်ကူပြီး လျှပ်စစ်ဓာတ်အားကို အလျင်အမြန်ရနိုင်သည့်နည်းလမ်းဖြစ်သဖြင့် ယခင်က ရေနံဆီမီးအိမ်၊ ဖယောင်းတိုင်များဖြင့် ဖြတ်သန်းခဲ့ရသည့် ကျေးရွာများမှာ တစ်အိမ်သုံးဆိုလာစနစ်များကို ရယူလိုသည့်နှုန်း ပိုမိုများပြားလာသည်ကို လေ့လာတွေ့ရှိရသည်။

အထူးသဖြင့် လျှပ်စစ်မီးရဖို့ အိပ်မက်ပင် မမက်ခဲ့ရသည့် ဝေးလံခေါင်ဖျားတိုင်းရင်းသားဒေသများမှ တိုင်းရင်းသားများမှာ ထိုတစ်အိမ်သုံးဆိုလာစနစ်များကို အထူး နှစ်သက်သဘောကျကြကြောင်း စီမံကိန်း၏ ကွင်းဆင်းလေ့လာချက်များမှ သိရှိရသည်။ နေ့ဘက်တွင်သာမက ညဘက်တွင်ပါ လျှပ်စစ်မီးအလင်းရောင် ရရှိလာကြသဖြင့် တစ်နိုင်တစ်ပိုင် အိမ်တွင်းလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာနိုင်ခြင်း၊ ကလေးငယ်များ ညဘက်တွင်ပါ စာကြည့်လာနိုင်ခြင်း စသည်တို့အပြင် ကျန်းမာရေးဆေးပေးခန်းများတွင်လည်း ၂၄ နာရီ လျှပ်စစ်ဓာတ်အား ရပြီဖြစ်သဖြင့် လူမှုရေး၊ စီးပွားရေးများပါ အဆင်ပြေလာကြသည်ကတော့ အထူးဖော်ပြန်ရန်ပင် လိုမည်မထင်ပေ။

> "မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ ဆိုလာစွမ်းအင်စနစ်မှာ အလားအလာအကောင်းဆုံးစနစ် ဖြစ်သဖြင့် ဆိုလာစနစ်စက်ရုံများတည်ဆောက်ကာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရန် ပုဂ္ဂလိကကုမ္ပဏီများကို တင်ဒါစနစ်ဖြင့် အဆင့်ဆင့် ရွေးချယ်ခေါ်ယူခဲ့ပြီး စည်းကမ်းနည်းလမ်းများ ချမှတ်၍ ဆောင်ရွက်နေခြင်းဖြစ်သည်။ ယခုနှစ်အတွင်း ရေအားစနစ်နှင့် ဇီဝဒြပ်ထုမှ ဓာတ်အားထုတ်လုပ်ခြင်းကိုလည်း ဆောင်ရွက်နေပြီဖြစ်ရာ ဒေသနှင့်ကိုက်ညီသည့် ထုတ်လုပ်မှုကို တင်ပြနိုင်သောကုမ္ပဏီဖြစ်ပါက စည်းကမ်းများနှင့်အညီ ရွေးချယ်သွားမည်ဖြစ်သည်။

**အသေးစားဓာတ်အားစနစ်**

တစ်အိမ်သုံးဆိုလာစနစ်အပြင် အလားတူဆောင်ရွက်နေသည့် စီမံကိန်းမှာ အသေးစားဓာတ်အားစနစ်မှ လျှပ်စစ်မီး ထုတ်လုပ်ဖြန့်ဖြူးခြင်းဖြစ်သည်။ ထိုစနစ်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရှေ့ပြေးစီမံကိန်း ရှစ်ခုအဖြစ် ဆိုလာစနစ်အသုံးပြုကာ ကျေးရွာ ၁၀ ရွာတွင် ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုရရှိခဲ့သဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်း ၂၆ ခုကို ကျေးရွာစုစုပေါင်း ၃၅ ရွာတွင် ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်ကာ တစ်နှစ်လျှင် စီမံကိန်း ၁၀၀ ခန့်အထိ ဆက်လက်လုပ်ဆောင်သွားရန် ဆောင်ရွက်လျက်ရှိနေသည်။

အသေးစားဓာတ်အားစနစ်ဆိုသည်မှာ လျှပ်စစ်ဓာတ်အားရယူလိုသည့် ဒေသများမှ ကျေးရွာများတွင် ရေအား၊ လေအား၊ နေစွမ်းအင်၊ ဇီဝဒြပ်ထု၊ ဇီဝဓာတ်ငွေ့ စသည့် နည်းလမ်းများဖြင့် အသေးစား လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်၍ မီးလိုင်းများသွယ်တန်းပြီး ကျေးရွာများအတွင်းသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးသည့် နည်းလမ်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ ဆိုလာစွမ်းအင်စနစ်မှာ အလားအလာအကောင်းဆုံးစနစ်ဖြစ်သဖြင့် ဆိုလာစနစ်စက်ရုံများတည်ဆောက်ကာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရန် ပုဂ္ဂလိကကုမ္ပဏီများကို တင်ဒါစနစ်ဖြင့် အဆင့်ဆင့် ရွေးချယ်ခေါ်ယူခဲ့ပြီး စည်းကမ်းနည်းလမ်းများချမှတ်၍ ဆောင်ရွက်နေခြင်းဖြစ်သည်။ ယခုနှစ်အတွင်းတွင် ရေအားစနစ်နှင့် ဇီဝဒြပ်ထုမှ ဓာတ်အားထုတ်လုပ်ခြင်းကိုလည်း ဆောင်ရွက်နေပြီဖြစ်ရာ ဒေသနှင့်ကိုက်ညီသည့်ထုတ်လုပ်မှုကို တင်ပြနိုင်သော ကုမ္ပဏီဖြစ်ပါက စည်းကမ်းများနှင့်အညီ ရွေးချယ်သွားမည်ဖြစ်သည်။

အသေးစားဓာတ်အားစနစ်ရယူလိုသည့် ကျေးရွာများကို ရွေးချယ်ရာတွင်လည်း လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးရွာများမှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။ ထို့အတွက် စီမံကိန်းရင်းနှီးမြှုပ်နှံငွေကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၆၀ ရာခိုင်နှုန်း၊ ကုမ္ပဏီနှင့် ကျေးရွာက ၂၀ ရာခိုင်နှုန်းစီ ထည့်ဝင်ကြခြင်းဖြစ်သည်။

ထိုသို့ထည့်ဝင်ပြီးနောက် လျှပ်စစ်မီးဖြန့်ဖြူးရာတွင် ကျေးရွာများက သတ်မှတ်ထားသည့် လျှပ်စစ်သုံးစွဲခကို ကုမ္ပဏီသို့ ပေးဆောင်ရသည်။ ကုမ္ပဏီက လုပ်ငန်းဆောင်ရွက်ခွင့်ရသည့်ကာလမှာ အနည်းဆုံး ခြောက်နှစ်မှ ၁၅ နှစ်အတွင်းဖြစ်ကာ ထိုကာလကျော်လွန်သွားပါက အဆိုပါကုမ္ပဏီနှင့် ဆက်လက်ဆောင်ရွက်မည်၊ မဆောင်ရွက်မည်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆုံးဖြတ်သွားမည်ဖြစ်သည်။

**အားသာချက်များ**

အသေးစားဓာတ်အားစနစ်များ၏ အားသာချက်များတွင် ကျေးရွာများ၏ စီးပွားရေးလုပ်ငန်းများကိုပါ အထောက်အကူပေးနိုင်ခြင်းက အဓိက အခန်းကဏ္ဍမှ ပါဝင်နေသည်ကို တွေ့နိုင်မည်ဖြစ်သည်။ အသေးစား အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်သဖြင့် ဒေသခံတို့အတွက် လျှပ်စစ်မီးအလင်းရောင်အပြင် အိမ်၏ဝင်ငွေကိုပါ တိုးစေသည်က အသေးစားဓာတ်အားစနစ်များကို လူကြိုက်များလာရခြင်း၏ အားသာချက် ဖြစ်နေသည်။

ထိုအသေးစားဓာတ်အားစနစ် စီမံကိန်းများသည် လျှပ်စစ်သွယ်တန်းစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးထားသောကြောင့် ထိုကျေးရွာသို့ မဟာဓာတ်အားလိုင်းစနစ် ရောက်ရှိလာသည့်ကာလတွင် ကျေးရွာအတွင်းရှိမီးလိုင်းများနှင့် ဆက်စပ်သွားမည်ဖြစ်သဖြင့် မီးမရရှိသေးမီကာလအတွက် များစွာအဆင်ပြေစေနိုင်မည်ဖြစ်သလို မဟာဓာတ်အားလိုင်းမှ မီးရရှိချိန်တွင်လည်း ကျေးရွာအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ထပ်မံလုပ်ဆောင်ရန် မလိုတော့ပေ။

ထို့ကြောင့် အသေးစားဓာတ်အားစနစ်စီမံကိန်းများ ဆောင်ရွက်၍ရနိုင်သည့် အလားအလာရှိသောဒေသများမှ ကျေးရွာများအနေဖြင့် စီမံကိန်းများ အကောင်အထည်ဖော်လိုကြောင်း တင်ပြချက်များကို ယခုနှစ်များအတွင်း ပိုမိုရရှိလာသည်မှာလည်း အသေအချာပင်ဖြစ်နေသည်။

ကျေးလက်နှင့် မြို့ပြ ကွာခြားမှုများ ကျဉ်းသထက်ကျဉ်းလာစေရန် အခရာကျသည့် လျှပ်စစ်မီးလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်အတွက် မဟာဓာတ်အားလိုင်းပြင်ပ လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းများမှာ လတ်တလောတွင် မဟာဓာတ်အားလိုင်း မရောက်လာနိုင်မီစပ်ကြား အကောင်းဆုံးသော နည်းလမ်းတစ်ခုဖြစ်သောကြောင့် ပိုမိုအောင်မြင်လာစေရန် ဆောင်ရွက်နေကြောင်းလည်း အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းက သတင်းထုတ်ပြန်ထားသည်။ ။



တစ်အိမ်သုံးဆိုလာစနစ် တပ်ဆင်ထားသည့် ကျေးလက်နေအိမ်တစ်အိမ်



ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်ရှိ စိန့်မေရီကာသီဒြယ်ဘုရားကျောင်း၌ ယနေ့ညပိုင်းက ခရစ္စမတ်အကြို ခရစ္စမတ်ဘိုးဘိုးကြီးရုပ်ပုံ လေပူဖောင်းနှင့် ရောင်စုံမီးများဖြင့် ခြယ်သထွန်းထားမှုကို ပြည်သူများ လာရောက်ကြည့်ရှုနေကြသည်ကို တွေ့ရစဉ်။ ဇော်မင်းလတ်

# သတင်းရေးသားထုတ်ပြန်ခြင်း သင်တန်းဆင်း

**နေပြည်တော် ဒီဇင်ဘာ ၂၃**



ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ဖွင့်လှစ်သည့် သတင်းရေးသားထုတ်ပြန်ခြင်းသင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်းပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်) ဒက္ခိဏခရိုင်သင်တန်းကျောင်း၌ ဒီဇင်ဘာ ၂၁ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ပြည်သူများ၏ သတင်းသိရှိပိုင်ခွင့်များကို ထုတ်ပြန်ဖြည့်ဆည်းပေးရေးနှင့် အသိပညာဗဟုသုတများ မျှဝေပေးရေးလုပ်ငန်းများ ထိရောက်အောင်မြင်စေရန် ယခုကဲ့သို့ သတင်းရေးသားထုတ်ပြန်ခြင်း သင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်သင်ကြားပေးနေခြင်း ဖြစ်ကြောင်း၊ မိမိဒေသများသို့ ပြန်ရောက်သည့်အခါ နယ်မြေထူးခြားဖြစ်စဉ်သတင်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါသင်တန်းကို တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ဓာတ်ပုံကျွမ်းကျင်-၂ ဝန်ထမ်း ၃၅ ဦးတို့ တက်ရောက်ခဲ့ပြီး သင်တန်းတွင် သတင်းရေးသားခြင်းပညာရပ်၊ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်များနှင့် သတင်းဓာတ်ပုံပညာရပ်များကို သင်တန်းကာလသုံးပတ်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ရွှေကုက္ကို**

❒ *ကျောဖုံးမှ*

ခုနစ်နေရာတို့တွင် ပွဲတော်ရက်ကာလ သုံးရက်အတွင်း ငြိမ်းချမ်းခြင်းအတွက် ဆုတောင်းပေးခြင်း၊ ခရစ္စမတ်ဓမ္မတေးသီချင်းများ သီဆိုချီးမွမ်းခြင်း၊ ခရစ္စမတ် Cantata သီဆိုခြင်း၊ တေးသရုပ်ဖော်တင်ဆက်ခြင်း၊ ခရစ္စမတ်နိပါတ်စဉ်ပြသခြင်း၊ ခရစ္စမတ်အကြောင်း သိကောင်းစရာများ ဝေမျှခြင်းနှင့် အမှတ်တရ Photo Booth နေရာများ၌ ဓာတ်ပုံများ ရိုက်ကူးကြခြင်းဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ထို့အပြင် လာရောက်အားပေးသော ပြည်သူများအား စတုဒိသာများဖြင့် ဧည့်ခံခြင်း၊ ခရစ္စမတ်လက်ဆောင်ပစ္စည်းများ ပေးဝေခြင်းတို့လည်း ထည့်သွင်းထားကြောင်း သိရသည်။

“ဒီနှစ်က ဒုတိယအကြိမ်ဆိုတော့ အရင်နှစ်ကထက်တော့ လိုအပ်မှုမျိုးမရှိအောင် သေချာပြင်ဆင်ထားပါတယ်။ ဒီနှစ်က ခုနစ်နေရာ ကျင်းပသွားမှာဖြစ်သလို ဖျော်ဖြေရေး၊ ကျွေးမွေးရေး၊ အချင်းချင်း လက်ဆောင်ပေးတာတွေရှိသလို နာမည်ကြီးအဆိုတော်တွေလည်း လာရောက်သီဆို ဖျော်ဖြေသွားမှာပါ။ မျက်မမြင်ကျောင်းက ကလေးတွေလည်း လာရောက်ဖျော်ဖြေမယ်။ ဒီနှစ်ကတော့ အရင်နှစ်ကထက် ပိုစုံပါတယ်။ အခုလို ခရစ္စမတ်ပွဲမျိုးကို တစ်ကမ္ဘာလုံးမှာလည်း ကျင်းပသလို ကျွန်တော်တို့လည်း အခုလို စည်စည်ကားကားနဲ့ စည်းလုံးမှုကို ပြချင်တာကြောင့်တစ်ကြောင်း၊ ငြိမ်းချမ်းမှုကို လိုလားတယ်ဆိုတဲ့ အထိမ်းအမှတ်နဲ့ အခုလို ကျင်းပဖြစ်တာပါ။ နောင်နှစ်တွေမှာလည်း အခုလို စည်စည်ကားကားနဲ့ ကျင်းပသွားဖို့ရှိပါတယ်” ဟု ခရစ္စမတ်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးပက်ထရစ်လူနီက ပြောသည်။

ယနေ့ ဒုတိယအကြိမ် ကျင်းပသော ရန်ကုန်မြို့ ခရစ္စမတ်ပွဲတော်ကို နိုင်ငံကျော်အဆိုတော်များဖြစ်သော ဖြူဖြူကျော်သိန်း၊ ဘီလီလမင်းအေး၊ ကေဂျာနူး၊ ဇမ်နူး၊ ဆုန်သင်းပါရ် စသည့်အဆိုတော်များက ပွဲကျင်းပရာ ခုနစ်နေရာတွင် လှည့်လည် သီဆိုဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။




ဓမ္မတေးသီချင်းများ သီဆိုနေကြသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ထိန်လင်း

**မောင်စိန်လွင်(မြန်မာ့အလင်း)**


# တော်ဝင်စင်တာ MONSOON LUCKY DRAW 2018 ကံထူးရှင်စာရင်း

ကံထူးရှင်များကိုယ်တိုင်လာရောက်၍ မိမိတို့၏ပိုင်ဆိုင်ရရှိမည့် ပစ္စည်းများကို မနက် (၉:၀၀ နာရီ) မှ ည(၇:၀၀ နာရီ) လာရောက်ထုတ်ယူနိုင်ပါမည်။
ကိုယ်တိုင်မလာရောက်နိုင်ပါက ကံထူးရှင်၏ နိုင်ငံသားစိစစ်ရေးကဒ်မူရင်း(မိတ္တူ(၂)စောင်၊ ကံစမ်းမဲလက်ခံဖြတ်ပိုင်းမူရင်း)နှင့် ကိုယ်စားလှယ်လွှဲစာပါမှသာ ပစ္စည်းကိုထုတ်ယူခွင့်ပြုပါမည်။
ပစ္စည်းလာရောက်ထုတ်ယူချိန်တွင် ကံစမ်းမဲ လက်ခံဖြတ်ပိုင်းနှင့် အတူ နိုင်ငံသားစိစစ်ရေးကဒ်ပြားပါ အတူယူဆောင်လာရပါမည်။

| စဉ် | ပေါက်မဲနံပါတ် | ကံထူးရှင်အမည် | စဉ် | ပေါက်မဲနံပါတ် | ကံထူးရှင်အမည် | စဉ် | ပေါက်မဲနံပါတ် | ကံထူးရှင်အမည် | စဉ် | ပေါက်မဲနံပါတ် | ကံထူးရှင်အမည် | စဉ် | ပေါက်မဲနံပါတ် | ကံထူးရှင်အမည် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 1 | 000237 | မကေသွယ်အုန်း | 51 | 014666 | ဒေါ်သန္တာအေး | 101 | 047488 | ဗိုင်ယာနာစိုး | 151 | 062852 | ဇုလိုင်ပြည့်ပြည့်အောင် | 201 | 077680 | ကိုအောင်ဇော်ဦး |
| 2 | 000285 | စုထက်နန္ဒာ | 52 | 014950 | ကိုလှိုင်မင်းထွန်း | 102 | 047986 | Nan Phyu Sin Aye | 152 | 062870 | မယဉ်စုလှိုင် | 202 | 077925 | ဒေါ်အေးအေးသင်း |
| 3 | 001019 | ကိုကျော်ကိုကိုဝင်း | 53 | 015159 | ကိုဝင်းထွဋ် | 103 | 048359 | မနိုင် | 153 | 062891 | ဒေါ်တင်နွယ်သက်တင် | 203 | 078435 | ဒေါ်အေးမင်းသန့် |
| 4 | 001031 | ဒေါ်ငြိမ်းငြိမ်းထွေး(ခ)ချယ်ရီ | 54 | 016920 | ကိုဝေလျံဖြိုး | 104 | 048466 | မေသဲဖြူ | 154 | 064964 | ကျော်ထက်အောင် | 204 | 078485 | ဒေါ်ယဉ်မင်းအိမ် |
| 5 | 001169 | Mg Yan Win Khant | 55 | 017037 | မမေသက်နိုင် | 105 | 048514 | မသင်းသင်းဦး | 155 | 065414 | ဒေါ်ဝင်းမင်းဆန်း | 205 | 078925 | ဒေါ်ဝင်းမင်းဆန်း |
| 6 | 001462 | မအိအိအောင် | 56 | 017130 | ကိုသန့်ဇော်ထွေး | 106 | 048638 | ကိုဖြိုးဝေလတ်ကျော် | 156 | 065501 | ဒေါ်မြင့်မြင့်အေး | 206 | 079109 | ဒေါ်အေးအေးနိုင် |
| 7 | 001594 | Thazin Nwe | 57 | 017170 | Zayar Phyo | 107 | 048841 | မကြော့မွန်လှိုင် | 157 | 065934 | မိန္နထက်မင်း | 207 | 080473 | ဒေါ်ခင်ဥမ္မာ |
| 8 | 001848 | မရွှေစုဝင်း | 58 | 017282 | ဒေါ်မိုးစန္ဒာ | 108 | 048848 | ဒေါ်ဖြူခင်သော် | 158 | 066029 | ဒေါ်ထွေးလှ | 208 | 080477 | ဒေါ်ခင်ဥမ္မာ |
| 9 | 002418 | မအေးနန္ဒာလွင် | 59 | 018287 | မနိုင်ဇာဝင်း | 109 | 049850 | မခင်မျိုးထွေး | 159 | 066166 | ဒေါ်ထွေးလှ | 209 | 080539 | ဒေါ်ခင်ဥမ္မာ |
| 10 | 002547 | ကိုချစ်ညီညီ | 60 | 019124 | ဒေါ်နီဝါလွင် | 110 | 049942 | မစိုးစိုးရီ | 160 | 066192 | ဒေါ်ထွေးလှ | 210 | 080574 | ဒေါ်ခင်ဥမ္မာ |
| 11 | 003455 | ဦးခင်မောင်ကြူ | 61 | 019544 | ဒေါ်ရှုလဲ့စိုး | 111 | 050506 | မနင်းအေးခိုင် | 161 | 066270 | မနီလာမြင့်ဦး | 211 | 080585 | ဒေါ်ခင်ဥမ္မာ |
| 12 | 004185 | ဒေါ်ယမင်းသုဇာလှိုင် | 62 | 019695 | ဦးခင်မောင်ထွေး | 112 | 050627 | မနန့်ဆုမွန်ဖြိုး | 162 | 066416 | ဦးမြင့်ထွန်း | 212 | 080647 | ဒေါ်ခင်ဥမ္မာ |
| 13 | 004552 | မချယ်ရီ | 63 | 020027 | ကိုအောင်ကျော်သက် | 113 | 050880 | ဒေါ်အမူးလေး | 163 | 067400 | ဦးပိုင်ဖြိုးဟန် | 213 | 080661 | ဒေါ်ခင်ဥမ္မာ |
| 14 | 005223 | မနန်းထွေးညို | 64 | 020470 | မခင်သုဇာအေး | 114 | 051195 | မတင်ဇာလွင် | 164 | 067428 | မသီသီမာ | 214 | 080748 | ဒေါ်ခင်ဥမ္မာ |
| 15 | 005362 | ကိုစိုးမင်း(စိုးမြင့်အောင်) | 65 | 021298 | မသင်းဝေအောင် | 115 | 051502 | စည်သီလွင် | 165 | 068338 | ဒေါ်နန်းမိုခမ်း | 215 | 080973 | ဒေါ်ခင်ဥမ္မာ |
| 16 | 005595 | ဒေါ်ခင်လေးမေ | 66 | 021464 | မခင်သီတာ | 116 | 051526 | ဦးခင်ဇော် | 166 | 069496 | မခင်ပြုံးသွင် | 216 | 080977 | ဒေါ်ခင်ဥမ္မာ |
| 17 | 005916 | ဆုဝေဖြိုး | 67 | 021740 | မနိုင်ဇာအောင် | 117 | 051718 | ကိုသိန်းစိုး | 167 | 069606 | မခင်ပြုံးသွင် | 217 | 081482 | ဒေါ်ခင်ဥမ္မာ |
| 18 | 006062 | ဇင်မင်းအောင် | 68 | 022078 | ဦးသန်းနိုင် | 118 | 052082 | မမေနင်းဇော် | 168 | 069628 | မခင်ပြုံးသွင် | 218 | 081500 | ဒေါ်ခင်ဥမ္မာ |
| 19 | 006257 | ကိုပိုင်စိုးထက် | 69 | 023805 | ဒေါ်အေးအေးဝင်း | 119 | 052423 | ကိုမျိုးခိုင်စော | 169 | 069738 | မခင်ပြုံးသွင် | 219 | 082693 | ဒေါ်ခင်မာချို |
| 20 | 006395 | ဦးမောင်မြင့် | 70 | 025703 | မအေးနိုင်မွန် | 120 | 052436 | ကိုမျိုးခိုင်စော | 170 | 069992 | ဦးကျော်ထက်ဇော် | 220 | 083180 | Dr. ကြည်မင်းဟန် |
| 21 | 006419 | မဖူးမြတ်ဟံသာကျော် | 71 | 027535 | ပြည့်ဖြိုးအောင် | 121 | 052856 | မအင်ကြင်းမွှေး | 171 | 070464 | ဒေါ်ဝင်းဝင်းမြင့် | 221 | 083647 | ဒေါ်ဝင်းမင်းသန်း |
| 22 | 006601 | မဝေမွန်ကို | 72 | 028042 | မစန်းစန်းဝင်း | 122 | 052879 | ဒေါ်ဥမ္မာမြင့် | 172 | 070767 | ဦးသန်းထွဋ် | 222 | 083905 | ဒေါ်အေးအေးစိုး |
| 23 | 007477 | ကိုဖြိုးမင်းသန့် | 73 | 028666 | မမေသက်လှ | 123 | 052931 | မြင့်မြင့်စန်း | 173 | 071124 | ဒေါ်တင်အေး | 223 | 084126 | မမြင့်မြင့်မော် |
| 24 | 008088 | ဒေါ်ပေါ်ကျော် | 74 | 028805 | စိုင်းမွန်းပန်း | 124 | 053221 | ဦးသက်မောင်မောင် | 174 | 071325 | မပိုးရွှေရည်ဝင်း | 224 | 084506 | ဒေါ်ခင်နင်းအေး |
| 25 | 008628 | မသန္တာအေး | 75 | 029129 | ကိုဇော်လင်းထွဋ် | 125 | 053849 | အေးငြိမ်းစု | 175 | 071772 | ကိုအာကာမျိုး | 225 | 084648 | မထူးထူးလှိုင် |
| 26 | 008733 | ဒေါ်ဂျာတောင် | 76 | 029224 | အာကာလွင် | 126 | 054530 | ဒေါ်ဝင်းဝင်းမော် | 176 | 072081 | ဒေါ်သန်းသန်းဝင်း | 226 | 084810 | မြမြနှင်း |
| 27 | 008794 | မသုသုအောင် | 77 | 029407 | ဒေါ်နီလာ | 127 | 055556 | ဦးရဲလင်းကျော် | 177 | 072644 | ဒေါ်ဝါဝါ | 227 | 084973 | မိုင်စိန်မေရီ |
| 28 | 008820 | ဒေါ်ရွှေဝါစိုး | 78 | 031171 | ဝါဝါအောင် | 128 | 056057 | သီတာထွန်း | 178 | 072738 | မောင်ဝေဖြိုးမြင့် | 228 | 085023 | မမွန်းမွန်းရာ |
| 29 | 009066 | ဒေါ်ထွေးလှ | 79 | 031983 | မအိအိဖြိုးကျော် | 129 | 056510 | မနီလာမြင့်ဦး | 179 | 072771 | ဦးမောင်မောင်ထွန်း | 229 | 085237 | ဒေါ်ခင်ဥမ္မာ |
| 30 | 009600 | ဦးမြင့်အောင် | 80 | 033029 | မနှာလား | 130 | 056683 | ဒေါ်ဖြူဖြူ | 180 | 073001 | ဒေါ်မီမီဆွေ | 230 | 085736 | ကိုမင်းသုရိန်ထွန်း |
| 31 | 009938 | နန်းအေမီထွေး | 81 | 035214 | စိုင်းအောင်ဝင်း | 131 | 056695 | ဒေါ်ဖြူဖြူ | 181 | 074013 | မဥျူဇော်ဝင်း | 231 | 086246 | မစုမျိုးမြတ် |
| 32 | 010356 | မအယ်နီဦး | 82 | 036073 | ခင်ခင်ဗိုင်းစံပါယ် | 132 | 057647 | ဦးထင်လင်းကျော် | 182 | 074272 | ဒေါ်ခင်နှောင်း | 232 | 086438 | ဒေါ်ဝင်းမင်းဆန်း |
| 33 | 010422 | Pyae Phyo Wai | 83 | 038362 | မသင်းသင်းနိုင် | 133 | 058551 | ဒေါ်ရတနာဦး | 183 | 074355 | ဒေါ်နန်းသင်းသင်းလွင် | 233 | 086480 | ဦးလှိုင်မင်းထွန်း |
| 34 | 010621 | မနန်းဓေမား | 84 | 039906 | မကြည်ကြည်ဝင်း | 134 | 058584 | နှင်းအိဖြူ | 184 | 074590 | ဝင်းရွှေရည်ဖြိုး | 234 | 087042 | မသန္တာအောင်ဝင်း |
| 35 | 010695 | ဒေါက်တာဖြိုးသူဇာသိန်း | 85 | 040127 | ဒေါ်ဆွေဇင်ထိုက် | 135 | 058671 | မစန္ဒာငြိမ်း | 185 | 074798 | မအိအိမွန် | 235 | 087055 | Ebrahim Y Surtee |
| 36 | 010794 | ဦးအောင်ဖြိုး | 86 | 040719 | ဦးတင်နိုင်လင်း | 136 | 058934 | မဆိုင်ဂျာ | 186 | 075017 | မယွန်းမြတ်သွယ် | 236 | 087183 | ဦးစည်သူဝင်းမောင် |
| 37 | 010893 | ဦးအောင်ဖြိုး | 87 | 040820 | ဦးထွန်းထွန်းဦး | 137 | 059051 | မနိုင်ထက်စံ | 187 | 075073 | ဒေါ်မြင့်မြင့်မော် | 237 | 087217 | ဦးစိုးမိုးနိုင် |
| 38 | 011365 | မမေဇင်ဖြိုး | 88 | 040826 | ဒေါ်တင်တင်လတ် | 138 | 059088 | မလင်းလင်းထက် | 188 | 075124 | မလဲ့လဲ့ဝင်း | 238 | 087401 | ဒေါ်ခင်သီတာညွှန့် |
| 39 | 011524 | ဒေါ်သီသီခင် | 89 | 042888 | ဝေဝေမြိုင် | 139 | 059691 | မရည်မွန်သက် | 189 | 075293 | ဒေါ်အမာသိန်း | 239 | 087633 | ဦးမြင့်လွင် |
| 40 | 011914 | မညီညီယဉ် | 90 | 043688 | မမြရတနာစိုး | 140 | 059812 | မလဲ့လဲ့ဝင်း | 190 | 075739 | မအေးသီရိကျော် | 240 | 087885 | နော်ဖလားဓေး |
| 41 | 012039 | ဒေါ်သဥ္ဇာပပအောင် | 91 | 044061 | ကိုလှဖြိုးမောင် | 141 | 059926 | မယုမြင့်မြတ်အောင် | 191 | 075769 | ဒေါ်ရှုတင် | 241 | 088279 | ဒေါ်ခင်မာဌေး |
| 42 | 012098 | ဦးဘစိုးသိန်း | 92 | 044222 | မဆုလဲ့နန္ဒီ | 142 | 060036 | သက်နှင်းဆု | 192 | 076043 | နော်အယ်ဂမူးဖော | 242 | 088441 | ဒေါ်ခင်မာဌေး |
| 43 | 012227 | ဒေါ်တင်ဦးဇင် | 93 | 044389 | မစန်းသီရိအောင် | 143 | 060635 | အောင်ပြည့်ဖြိုး | 193 | 076064 | မောင်မင်းခန့်မောင်မောင် | 243 | 088517 | ဒေါ်ခင်မာဌေး |
| 44 | 012557 | ဦးခင်မောင်ဝင်း | 94 | 044984 | မသီရိအောင် | 144 | 060935 | Thae Aye Su | 194 | 076160 | မဆွေဇင်ထိုက် | 244 | 089051 | မတင်နုရီ |
| 45 | 012673 | မဇင်လေးနွယ် | 95 | 045012 | Ma Aye Aye Su | 145 | 061008 | ဒေါ်နွယ်နွယ်ထွန်း | 195 | 076236 | အယ်အောင်ခမ်း | 245 | 089058 | မတင်နုရီ |
| 46 | 013272 | ကိုဘိုဘိုအောင် | 96 | 045248 | ကျော်ထက်ဇော် | 146 | 061398 | မနှင်းအိအိဝေ | 196 | 076795 | ဒေါ်ယုယုဝေ | 246 | 089297 | မခင်မာဌေး |
| 47 | 013428 | Ma No No Win | 97 | 045843 | သဲမြတ်စိုး | 147 | 061405 | မနှင်းအိအိဝေ | 197 | 076996 | မောင်ဝဏ္ဏ | 247 | 089614 | မခင်မာဌေး |
| 48 | 013557 | မသီသီအေးသိန်း | 98 | 046385 | နော်သဲစုမောင် | 148 | 061504 | မချိုမာဌေး | 198 | 077058 | ကိုဇေယျာထွန်း | 248 | 090284 | မမြကေခိုင် |
| 49 | 013799 | ကိုပြည်ဖြိုးဟန် | 99 | 046874 | ဦးဝင်းလှိုင် | 149 | 061620 | ဦးခင်မောင်အေး | 199 | 077275 | ဦးအောင်မျိုး | 249 | 091214 | မယုမြတ်မွန် |
| 50 | 014516 | ကိုရဲထက်ဇော် | 100 | 047127 | မနိုင်ဝါဇော် | 150 | 061830 | ဒေါ်စုဝင်းသန်း | 200 | 077634 | ဒေါ်စန်းစန်း | 250 | 093019 | ဒေါက်တာနိုင်သဘ |

45, Pyay Road, Dagon Township, Yangon. Tel: 01 8600111, Ext: 2222, email: tawwincentrepromotion@gmail.com, www.tawwincentre.com


Glucerna®
ဆီးချိုသွေးချိုရှိသူများအတွက်
ထူးခြားကောင်းမွန်သောအာဟာရ^
ဆေးသုတေသနပေါင်း ၄၁ ပြုလုပ်ပြီး
Abbott
No.1 Doctor Recommended Brand in USA*
ဆီးချိုသွေးချိုရှိသူများအနေဖြင့် သွေးအချိုဓါတ်၊ သွေးပေါင်ချိန်နှင့် ခန္ဓာကိုယ်အလေးချိန်တွေကို ပုံမှန် အနေအထား ရောက်အောင် ထိန်းသိမ်းဖို့လိုအပ်ပါတယ်။ တက်ကြွလှုပ်ရှားသော ဘဝနေထိုင်မှုပုံစံ၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာ တို့ကို စားသုံးခြင်းတို့အပြင် Glucerna ကိုသောက်သုံးခြင်းက သင့်ရဲ့ဆီးချိုသွေးချို ကို အကောင်းဆုံးအနေအထားတွင် ထိန်းထားရန် ကူညီပေးပါသည်။
Glucerna သည် ဆီးချိုသွေးချိုရှိသူများအတွက် ထူးခြားကောင်းမွန်သော အာဟာရ ဖြစ်ပြီး Triple Care System ဖြင့် ထုတ်လုပ်ထားသောကြောင့် အောက်ပါအကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။
သွေးအတွင်းအချိုဓာတ်ကိုထိန်းပေးခြင်း+
နှလုံးကျန်းမာရေးအထောက်အကူပြုခြင်း#
ကိုယ်အလေးချိန် မတက်အောင် ထိန်းညှိပေးခြင်း**
*Market research by Rothstein-Tauber, Inc. 2015 **ထမင်းအစားထိုးအဖြစ် သောက်သုံးသည့်အခါတွင်
^American Diabetes Association.Diabetes Care 2004;27(Suppl 1):S36-S46. ~"Balk E, Tatsoni A, Lichtenstein, et al.Trials;2007;30:2154-2163."
GLU531218M
Abbott
life. to the fullest.®
Abbott Nutrition Careline
09 260 35 62 62
abbottnutrition@pahtama.com
PAHTAMA GROUP

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထောင်စုရှေ့နေချုပ်ရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## (ဒုတိယအကြိမ်နှိုးဆော်ခြင်း)

၁။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် နေပြည်တော်ပြည်ထောင်စုနယ်မြေအတွင်း မြို့နယ်ဥပဒေရုံး(၄)ရုံးကို ဆောက်လုပ်မည်ဖြစ်ပါ၍ နိုင်ငံသားလုပ်ငန်းရှင်များ မည်သူမဆို အောက်ပါလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ဇမ္ဗူသီရိမြို့နယ်ဥပဒေရုံး(၈၈'×၄၆'×၁၂') RC (၁)ထပ်အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်း - Lot 1

(ခ) ပုဗ္ဗသီရိမြို့နယ်ဥပဒေရုံး (၈၈'×၄၆'×၁၂') RC (၁)ထပ်အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်း - Lot 2

(ဂ) ဥတ္တရသီရိမြို့နယ်ဥပဒေရုံး(၈၈'×၄၆'×၁၂')RC (၁)ထပ်အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်း - Lot 3

(ဃ) ဒက္ခိဏသီရိမြို့နယ်ဥပဒေရုံး(၈၈'×၄၆'×၁၂')RC (၁)ထပ်အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်း - Lot 4

၂။ အိတ်ဖွင့်တင်ဒါလျှောက်ထားရာတွင် သတ်မှတ်ထားသည့် အိတ်ဖွင့်တင်ဒါပုံစံဖြင့်သာ လျှောက်ထားရမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါပုံစံများကို အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုချင်းစီအတွက် တင်ဒါပုံစံတစ်စောင်စီ ပေးသွင်းရမည်ဖြစ်ပါသည်-

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၀-၁၂-၂၀၁၈

**တင်ဒါပုံစံနောက်ဆုံးထား၍ပေးသွင်းရမည့် ရက်နှင့်အချိန်** - ၅-၁-၂၀၁၉ရက်၊ ၁၆း၀၀နာရီ

**တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်ဒါပေးသွင်းရမည့်နေရာ** - ထောက်ပံ့နှင့်အဆောက်အအုံဌာနခွဲ စီမံရေးရာဦးစီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်

၃။ နည်းပညာအဆိုပြုလွှာ(Technical)အောင်မြင်သည့် ကုမ္ပဏီများကိုသာ ငွေကြေးအဆိုပြုလွှာ (Financial Proposal)တင်သွင်းခြင်းကို လက်ခံမည်။

၄။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၄၁၄၆၊ ၀၆၇-၄၀၄၂၈၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

## သီးထပ်ရင် စပါးရောင်းချရန် တင်ဒါခေါ်ယူခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာနမှ ရောင်းချရန်ရှိသော သီးထပ်ရင်စပါး (၃၀၀၀၀)တင်း၊ {ပုသိမ်မြို့ (၅၀၀၀)တင်း၊ ရေကြည်မြို့ (၅၀၀၀)တင်း၊ ကျောင်းကုန်းမြို့ (၅၀၀၀)တင်း၊ ဟင်္သာတမြို့ (၁၀၀၀၀)တင်း၊ ညောင်တုန်းမြို့ (၅၀၀၀)တင်း}အား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများသည် အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို စိုက်ပျိုးရေးဦးစီးဌာန၊တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပုသိမ်မြို့တွင် ရုံးချိန်အတွင်း လူကိုယ်တိုင် စုံစမ်းဝယ်ယူနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၄-၁-၂၀၁၉ရက်ညနေ ၄း၃၀နာရီ

(ခ) **တင်ဒါဖွင့်မည့်ရက်** - ၂၅-၁-၂၀၁၉ရက် နံနက် ၁၀း၀၀နာရီ

(ဂ) **တင်ဒါဖွင့်မည့်နေရာ** - တိုင်းဒေသကြီးဦးစီးမှူးရုံး၊ စိုက်ပျိုးရေးဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့

**တင်ဒါကော်မတီ**
**ဖုန်း-၀၄၂-၂၄၅၁၈**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

**တင်ဒါပိတ်မည့်ရက်** - ၂၇-၁၂-၂၀၁၈ရက်

**တင်ဒါပိတ်မည့်အချိန်နှင့်နေရာ** - ၁၄း၀၀နာရီ

ပစ္စည်းစီမံရေးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်

၂။ တင်ဒါစည်းကမ်းချက်နှင့် တင်ဒါပုံစံများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (www.moee.gov.mm) တွင် Download ဆွဲယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း နေပြည်တော်ကောင်စီရန်ပုံငွေဖြင့် နေပြည်တော်အတွင်း ဆောင်ရွက်မည့် ကျေးလက်လမ်း/တံတားလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၆-၁၂-၂၀၁၈ရက်မှ ၂၂-၁-၂၀၁၉ရက်အထိ (ရုံးချိန်အတွင်း)

(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်** - ၂၃-၁-၂၀၁၉ရက် (ရုံးချိန်အတွင်း)

(ဂ) **တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဒက္ခိဏခရိုင်၊ ဒက္ခိဏသီရိမြို့နယ် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဥတ္တရခရိုင်၊ နေပြည်တော်ကောင်စီရုံးဝင်း၊ ဇမ္ဗူသီရိမြို့နယ်

(ဃ) **တင်ဒါဖွင့်မည့်နေရာ** - ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးရုံး၊ ဥတ္တရခရိုင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ဒက္ခိဏသီရိမြို့နယ်

၂။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဒက္ခိဏခရိုင်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဖုန်း-၀၉-၄၂၂၂၁၉၉၉၃နှင့် ဥတ္တရခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဖုန်း-၀၉-၅၄၁၄၅၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## လူငယ်များအလုပ်အကိုင်ရရှိရေးအတွက်
## လေ့ကျင့်ပြုစုမွေးထုတ်ရေးစီမံကိန်း
## (Equipping Youth for Employment-EYE) မှ
## ကျွမ်းကျင်မှုအခြေပြုကာလတိုသင်တန်း
## (Competency Based Modular Short Course)
## သင်တန်းသား၊ သင်တန်းသူများခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် လူငယ်များအလုပ်အကိုင်ရရှိရေးအတွက် လေ့ကျင့်ပြုစုမွေးထုတ်ရေးစီမံကိန်း (Equipping Youth for Employment-EYE) မှ ကျွမ်းကျင်မှုအခြေပြုကာလတိုသင်တန်းများ ဖွင့်လှစ်မည်ဖြစ်ပါသည်။ ပြည်တွင်းပြည်ပမှ ကျွမ်းကျင်နည်းပညာရှင်များ၏ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာကျောင်းများ၏ ဆရာ ဆရာမများမှ စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်ပါသည်။

၁။ **သင်တန်းရည်ရွယ်ချက်**

မူလတန်းကျောင်းပြီးသည့်နောက် ကျောင်းဆက်လက်တက်ရောက်နိုင်ခြင်းမရှိသည့် လူငယ်များ၊ ဝေးလံခေါင်ဖျားဒေသများမှ တိုင်းရင်းသားလူငယ်များနှင့် အမျိုးသမီးများအတွက် ဆောက်လုပ်ရေး၊ စက်မှု၊ ကုန်ထုတ်လုပ်မှုဆိုင်ရာ ကျွမ်းကျင်မှုများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးပြီး လုပ်သားဈေးကွက်နှင့် ကိုက်ညီသော ကျွမ်းကျင်မှုအခြေပြုကာလတိုသင်တန်းများ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၂။ **သင်တန်းဆိုင်ရာအချက်အလက်များနှင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများ**

(က) သင်တန်းကြေးအခမဲ့
(ခ) အစားအသောက်နှင့် နေထိုင်ရန် အဆောင်စီစဉ်ပေးမှု
(ဂ) ယူနီဖောင်းထောက်ပံ့မှုနှင့် သင်တန်းအား လုံလောက်သော သင်ထောက်ကူပစ္စည်းများဖြင့် လေ့ကျင့်သင်ကြားပေးမှု
(ဃ) Stipend (လစဉ်ထောက်ပံ့ကြေးငွေ) လျှောက်ထားနိုင်မှု
(င) ကျား/မ မရွေးတက်ရောက်နိုင်ပြီး သင်တန်းတစ်ခုလျှင် သင်တန်းသား သင်တန်းသူ ၁၂ ဦးသာလက်ခံသင်ကြားမှု
(စ) (Level-1 ) သင်တန်းပြီးဆုံးပါက အရည်အချင်းစစ်ဆေးမှုပြုလုပ်မည်ဖြစ်ပြီး အောင်မြင်ပါက (Level-2) သင်တန်း ဆက်လက်တက်ရောက်နိုင်မှုနှင့် သက်ဆိုင်ရာလုပ်ငန်းခွင်များတွင်လည်း အလုပ်အကိုင်ရရှိရန် ဆက်သွယ်ဆောင်ရွက်ပေးမှု

၃။ **သင်တန်းကျောင်းနှင့် ဖွင့်လှစ်မည့်သင်တန်းအမည်**

| စဉ် | ကျောင်းအမည် | ရွေးချယ်တက်ရောက်နိုင်သောဘာသာရပ် |
|---|---|---|
| ၁ | အစိုးရနည်းပညာအထက်တန်းကျောင်း (နေပြည်တော်) ဖုန်း-၀၉-၄၄၈၅၃၆၂၀၀၊ ၀၆၇-၄၀၁၄၂၅/၆ | - အုတ်စီကျွမ်းကျင်သင်တန်း (Bricklaying)<br>- သံချည်သံကွေးကျွမ်းကျင်သင်တန်း (Bardending) |
| ၂ | အစိုးရနည်းပညာအထက်တန်းကျောင်း (ရွာမ) - ဖုန်း-၀၉-၂၅၀၃၇၇၁၈၈၊ ၀၁-၆၄၁၆၉၆ | |
| ၃ | အစိုးရနည်းပညာအထက်တန်းကျောင်း (မန္တလေး) ဖုန်း-၀၉-၇၉၁၃၇၁၂၇၄၊ ၀၁-၅၁၅၂၁၉၂ | |
| ၄ | အမှတ် (၂)စက်မှုသင်တန်းကျောင်း (မန္တလေး) ဖုန်း-၀၉-၂၀၂၂၆၈၄ | - ဓာတ်ငွေ့သုံးလျှပ်စစ်ဂဟေဆက် သင်တန်း (MIG-MAG welding)<br>- လျှပ်စစ်ဂဟေဆက် သင်တန်း (SMAW/MMAW Welding) |
| ၅ | အမှတ် (၄)စက်မှုသင်တန်းကျောင်း (ပခုက္ကူ) ဖုန်း-၀၉-၄၅၆၇၂၉၉၂၈၊ ၀၉-၄၀၁၅၇၅၀၅၃ | - လျှပ်စစ်ဂဟေဆက်သင်တန်း (SMAW/MMAW Welding)<br>- စိုက်ပျိုးရေးသုံးစက်ပစ္စည်းများပြုပြင်ထိန်းသိမ်းခြင်းသင်တန်း (Small farm machinery repair and maintenance) |

၄။ **ဖွင့်လှစ်မည့်ရက်နှင့် သင်တန်းကာလ**

| အပတ်စဉ် (၁) | | သင်တန်း | မှတ်ချက် |
|---|---|---|---|
| စတင်မည့်ရက် | ပြီးဆုံးမည့်ရက် | ကာလ | |
| ၇-၁-၂၀၁၉ | ၆-၄-၂၀၁၉ | (၉၀)ရက် | သင်တန်းများအား နောက်အပတ်စဉ်များတွင် အစိုးရနည်းပညာအထက်တန်းကျောင်း(ဘားအံ၊ ကလေး၊ လားရှိုး၊ မော်လမြိုင်၊ မိတ္ထီလာ၊ မုံရွာ၊ ပုသိမ်၊ တောင်ငူ)နှင့် ITC (မကွေးနှင့် သာဂရ)ကျောင်းများတွင် တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းဖွင့်လှစ်မည့်ရက်များအား အချိန်နှင့်တစ်ပြေးညီ ကြော်ငြာသွားပါမည်။ |

၅။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် အောက်ဖော်ပြပါအချက်များနှင့် ပြည့်စုံရပါမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) မူလတန်းအောင်မြင်ပြီး အသက်(၁၈)နှစ်ပြည့်ပြီး (၄၀)ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်ပြီး သင်တန်းကာလပြီးဆုံးအောင် တက်ရောက်နိုင်သူဖြစ်ရမည်။

၆။ လျှောက်လွှာတင်ရာတွင် အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပါရှိရပါမည်-

(က) သင်တန်းလျှောက်လွှာ (၁)စောင်
(ခ) နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ (၁)စောင်
(ဂ) လိုင်စင်ဓာတ်ပုံ (၃)ပုံ
(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ/ရပ်ကွက်/မြို့နယ်/ရဲစခန်း ထောက်ခံစာ

၇။ **သင်တန်းလျှောက်ထားနိုင်ပုံ**

သင်တန်းဝင်ခွင့် လျှောက်လွှာများကို အပိုဒ်(၃)ပါ ကျောင်းများတွင် အခမဲ့ရယူနိုင်သည့်အပြင် www.mimu.info နှင့် https://bit.1y/2A3xiak တွင်လည်း (Download) လွယ်ကူစွာရယူနိုင်ပါသည်။ လျှောက်လွှာအား ပြည့်စုံစွာဖြည့်စွက်ပြီး လိုအပ်သော ပူးတွဲအထောက်အထားများနှင့်တကွ သက်ဆိုင်ရာကျောင်းများ (သို့မဟုတ်) eye.cbmsc@gmail.com သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း
## (National Electrification Project)

ကမ္ဘာ့ဘဏ်၏ထောက်ပံ့ငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(နေပြည်တော်)တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ရာထူးများအတွက် စီမံကိန်းအကြံပေးဝန်ထမ်းများ ငှားရမ်းလိုပါသည်-

(၁) National Senior Accountant Ref:(C2-TA 16) (၂၄)လ (၁) ဦး
(၂) National Technical Assistant Ref:(C2-TA 30) (၂၄)လ (၁) ဦး

လျှောက်ထားလိုသူများအနေဖြင့် ကိုယ်ရေးအချက်အလက်တွင် လုပ်ငန်းအတွေ့အကြုံအသေးစိတ်၊ မိမိလျှောက်ထားလိုသော ရာထူးနှင့် Reference နံပါတ်ကို တိကျစွာဖော်ပြ၍ အောက်ဖော်ပြပါလိပ်စာသို့ ၇-၁-၂၀၁၉ရက် နောက်ဆုံးထား၍ အီးမေးလ်ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ပေးပို့လျှောက်ထားနိုင်ပါသည်။ စီမံကိန်းလုပ်ငန်းတာဝန်အကြောင်း၊ ရာထူးတစ်ခုစီအတွက် လိုအပ်သောအရည်အချင်းများ အသေးစိတ်ပါဝင်သော (Terms of Reference-TOR)ကို အောက်ဖော်ပြပါ အီးမေးလ်သို့ဆက်သွယ်၍ လည်းကောင်း http://www.drdmyanmar.org တွင် ဝင်ရောက်၍လည်းကောင်း ရယူနိုင်ပါသည်။

**လိပ်မူရန်-**

**ဦးကျော်စွာအောင် (ညွှန်ကြားရေးမှူး)**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရုံးအမှတ် ၃၆၊ နေပြည်တော်**
**ဆက်သွယ်ရန်ဖုန်း-၀၆၇၃-၄၁၈၆၃၅၊**
**E-mail:drdnep.procurement@gmail.com,**
**neppmo.drd@gmail.com**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စက်မှုဝန်ကြီးဌာန
## စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
## MSMEs Logo ပြိုင်ပွဲဝင်လျှောက်လွှာခေါ်ယူခြင်း

၁။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျင်းပလျက်ရှိသော ဒေသတွင်း ထုတ်ကုန်ပြိုင်ပွဲများမှ ဆုရလုပ်ငန်းရှင်များ၏ MSMEs ထုတ်ကုန်များတွင် တရားဝင်အသုံးပြုမည့် အသိအမှတ်ပြုအမှတ်တံဆိပ် (Logo)ကို ရွေးချယ်မည့် MSMEs Logo ပြိုင်ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူမည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါကြောင်း ဖိတ်ခေါ်ပါသည်။

၂။ လျှောက်လွှာများကို ပေးသွင်းရမည့်အစီအစဉ်

(က) **လျှောက်လွှာလက်ခံမည့်ရက်နှင့်အချိန်** - ၂၆-၁၂-၂၀၁၈ရက်မှ ၁၀-၁-၂၀၁၉ရက်အထိ နံနက် ၉း၃၀နာရီမှညနေ ၄း၃၀နာရီအထိ

**(သတ်မှတ်ချိန်ထက် နောက်ကျပေးပို့သည့် ပြိုင်ပွဲဝင်လျှောက်လွှာများသည် အကျုံးမဝင်ပါ)**

(ခ) **ပြိုင်ပွဲကျင်းပမည့်ရက်နှင့်အချိန်** - ၁၅-၁-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၉နာရီ

(ဂ) **ပြိုင်ပွဲကျင်းပမည့်နေရာ** - SME Center အမှတ် ၃၅၊ ကျိုက်ဝိုင်းဘုရားလမ်းနှင့် မင်းဓမ္မလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့

(ဃ) **လျှောက်လွှာတင်သွင်းရမည့်လိပ်စာ** - MSMEs Logo ပြိုင်ပွဲကျင်းပရေးဘုတ်အဖွဲ့ ရုံးအမှတ် ၄၁၊ ဇေယျာဌာနီလမ်း၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၈၁၂၈၊ ၀၆၇-၃၄၀၈၀၆၅၊ ဖက်စ်-၀၆၇-၃၄၀၈၁၂၈ smeagencymm@gmail.com, disi@e.industry.gov.mm

၃။ လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၂၄-၁၂-၂၀၁၈ရက်မှစ၍ ရုံးအမှတ် ၄၁၊ မူဝါဒနှင့်ပြည်ပရေးရာဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး www.myanmarsmegov.mm, www.industry. gov.mm, www.disi.gov.mm နှင့် https://m.facebook.com တို့တွင်လည်း download ရယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာန(ရုံးချုပ်) ဖုန်း-၀၆၇-၃၄၀၈၁၂၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၄။ အမည်၊ ဆက်သွယ်ရန်လိပ်စာ၊ အီးမေးလ်နှင့် ဖုန်းနံပါတ်တို့ကို လျှောက်လွှာပုံစံ၌ ပြည့်စုံစွာဖြည့်စွက်၍ ပြိုင်ပွဲဝင်မည့် Logo (soft copy/ hard copy) နှင့်အတူ အထက်ပါလိပ်စာသို့ ၂၀၁၉ခုနှစ် ဇန်နဝါရီ ၁၀ရက် ညနေ ၄း၃၀နာရီ နောက်ဆုံးထား၍ မုကြမ်းပေးပို့ရပါမည်။

၅။ ပြိုင်ပွဲဝင်ခွင့်ရမည့်သူများစာရင်းကို ၂၀၁၉ခုနှစ် ဇန်နဝါရီ ၁၁ရက် (သောကြာနေ့)၌ www.myanmarsmegov.mm, www.industry. gov.mm, www.disi.gov.mm နှင့် https://www.facebook.com/SME-Development- Department-Ministry- of-Industry-Myanmar တို့တွင် ကြေညာပေးမည် ဖြစ်ပါသည်။

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆/ကွံ့ဘဲ့၊ မြေကွက်အမှတ် ၃၄/ည၊ ဧရိယာ၀ဒသမ၀၈၃၈ဧက၊ မြေအမျိုးအစား-မြေပိုင်မြေ လ/န-၃(ခ)၏ မူလအမည်ပေါက်များဖြစ်ကြသော ဦးဘိုးမောင် CE- ၁၀၀၅၅၄နှင့် ဒေါ်ငွေရင် CE-၀၂၆၆၆၇တို့ထံမှ ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၁၉၂၁/၉၄ (၁၅-၁၁-၉၄)အရောင်းအဝယ်စာချုပ်အမှတ် ၆၂၅/၉၆ (၂၈-၃-၉၆)ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၂၃၆၂/၁၈ (၁၃-၈-၁၈)တို့အရ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှလှ ၁၂/မဂဒ(နိုင်)၀၃၄၈၄၀မှ တရားဝင်မြေပိုင်မြေအမည်ပေါက် ပိုင်ဆိုင်သူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လှလှ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအာကာလင်း (LL.B)**
**အထက်တန်းရှေ့နေ၊ လိုင်စင်အမှတ် -၂၅၁၃၄/၂၀၀၆**
**အမှတ် ၈၅၈၊ အင်းဝလမ်း၊ ဖရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၂၆၀၃၉၉၀၁၅**

## တစ်ဦးတည်းဖြစ်ကြောင်း

ကျိုက်မရောမြို့နယ်၊ အထက(ခွဲ) ဓမ္မသ၊ စတုတ္ထတန်းမှ မောင်အောင်မြတ်ဟိန်း၏ဖခင် ဦးကျော်ထူးနိုင်(ခ)ဦးကျော်ထူးပိုင် ၁၀/မဒန(နိုင်)၁၁၀၆၃၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကျော်ထူးနိုင်(ခ)ဦးကျော်ထူးပိုင်**

## မွေးသက္ကရာဇ်အမှန်

မုဒုံမြို့နယ်၊ နိုင်းပြိုင်ကျေးရွာနေ ဦးဇော်မင်း၏သား မောင်အေးမင်းအောင် ၁၀/မဒန(နိုင်)၂၀၉၁၅၂၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈-၂-၁၉၉၄ ဖြစ်ပါကြောင်း။

**မောင်အေးမင်းအောင်**

## အမည်ပြောင်း

ကော့ကရိတ်မြို့၊ အထက ချောင်းတောင်ကျောင်း ဒုတိယတန်းမှ မောင်လူမြတ်မင်းအား မောင်ဉာဏ်ဆင့်ဖြိုးနှင့် မဂုဏ်ချစ်သွန်းဖြိုးအား မဂုဏ်ပြည့်ဖြိုးရည်ဟု ပြောင်းလဲခေါ်ပါရန်။

## အမည်ပြောင်း

ဦးမောင်လှ၏သမီး ကော့ကရိတ်မြို့ နဘူးအထက ကျောင်း သတ္တမတန်း (A) မှ မသက်မှူးသခင်အား မသွယ်သွယ်ဦးနှင့် မသက်မှူးသဇင်အား မသွယ်သွယ်အောင် ဟုပြောင်းလဲခေါ်ပါရန်။

## မွေးသက္ကရာဇ်အမှန်

ကျိုင်းတုံမြို့၊ ပန်ကြူအုပ်စု၊ မာတေးဒေကျေးရွာနေ မနန်းစိန် ၁၃/ကတန(နိုင်)၁၇၄၀၃၃၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇-၂-၁၉၉၈ဖြစ်ပြီး ၎င်း၏ဖခင်အမည်မှန်မှာ ဦးကျာလယ် ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံတက္ကသိုလ်၊ ရူပဗေဒအထူးပြုဖြင့် ကျူတန်းတက်ရောက်နေသော မနာလောဘို(ခ)မာမာအေး၏ဖခင် ဦးမောရှေနှင့် ဦးမောရှည် ၁၃/မဆန(နိုင်)၀၁၅၄၆၆မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောရှေ(ခ)ဦးမောရှည်**

## ပျောက်ဆုံးကြောင်း

ကျွန်မ နန်းခမ်း ၁၃/ကတန(နိုင်) ၁၁၃၈၀၀၏ Pass Port No (မမှတ်မိ) သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၈၀၃၁၇၇၅**

## အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

ဦးကျော်ဝင်းလှိုင်၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ် သစ်ချောက်ကျေးရွာနေ မောင်အောင်သူရဦး၏ အမည်မှန်မှာ မောင်မိုးသူရကျော်ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၄-၈-၁၉၉၆ ဖြစ်ပါကြောင်း။ **မောင်မိုးသူရကျော်**

## ဖခင်အမည်မှန်

တမူးခရိုင်၊ ခမ်းပါတ်မြို့ အထက တတိယတန်း(ဘီ)မှ မလာလ်ထန်ပွီးအီး၏ ဖခင်အမည်မှန်မှာ ဦးယန်းထန်းလီးမာ ၅/ခပန(နိုင်)၀၀၈၄၄၇ ဖြစ်ပါကြောင်း။ **ဦးယန်းထန်းလီးမာ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၄၆၇၇၇ Jialing-90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြိုးဖြိုးမေ ၅/ကလထ(နိုင်)၂၀၉၅၈၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ ကလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 9E/3729 Toyota Landcruiser HDJ 101 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချယ်ရီကု ၁၃/ကတန(နိုင်) ၀၆၆၂၁၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (တာချီလိတ်)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် SHN/10952 Honda Zoomerx ယာဉ်လက်ဝယ်ရှိသူ နန်းခမ်းနွန်း ၁၃/တခလ(နိုင်)၀၈၈၉၅၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တာချီလိတ်)**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## မွန်ပြည်နယ်
## အိတ်ဖွင့်တင်ဒါကြော်ငြာခေါ်ယူခြင်း

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ မွန်ပြည်နယ်အတွင်းရှိ ခရိုင်/မြို့နယ် ဆေးရုံများရှိ ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများတွင် လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရ ကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ရုံးချိန်အတွင်း မွန်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီး ဌာနရုံးသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၄-၁၂-၂၀၁၈ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၄-၁-၂၀၁၉ ရက်
**တင်ဒါပိတ်မည့်အချိန်** - ညနေ ၄း၃၀ နာရီ
**ဆက်သွယ်ရမည့်တယ်လီဖုန်းနံပါတ်** - ၀၅၇-၂၀၂၄၈၁၃၊ ၀၅၇-၂၀၂၁၉၈၆ ၀၅၇-၂၀၂၇၃၆၄၊ ၀၅၇-၂၀၂၇၃၀၈

**တင်ဒါခေါ်ယူရေးအဖွဲ့**
**ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**မွန်ပြည်နယ်-မော်လမြိုင်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ကယားပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကယားပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ၂၀၁၈-၂၀၁၉ ဒုတိယ (၁၂)လ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်အစိုးရအဖွဲ့ရုံး၏ ဒေသဖွံ့ဖြိုးရေး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်း/တံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ကြေညာအပ်ပါသည်။

(က) **အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၄-၁၂-၂၀၁၈ရက် (တနင်္လာနေ့) ရုံးချိန်အတွင်း
(ခ) **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၂-၁-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၄း၀၀နာရီ
(ဂ) **အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၂၉-၁-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၈း၃၀နာရီ
(ဃ) **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ အစည်းအဝေးခန်းမ၊ လွိုင်ကော်မြို့

၂။ အသေးစိတ်သိရှိလိုပါက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ဖုန်း-၀၈၃-၂၂၂၄၂၅၂၊ ၀၉-၅၁၉၀၂၉၁၊ ၀၉-၇၈၇၀၀၀၉၉၉၊ ၀၉-၇၇၆၉၉၃၅၅၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးအဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ ၆၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့မှ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေလမ်းကောင်းမွန်ရေးလုပ်ငန်းများ၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများနှင့် ရေကြီးရေလျှံကာကွယ်ရေးလုပ်ငန်းများအတွက် လုပ်ငန်းတစ်ရပ်လုံးဆောင်ရွက်ခြင်းနှင့် လုပ်ငန်းသုံးပစ္စည်းဝယ်ယူခြင်း လုပ်ငန်းများကို အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

**တင်ဒါပုံစံရယူရမည့်နေရာ** - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ ၆၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့
**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၄-၁၂-၂၀၁၈ရက်မှ ၁၁-၁-၂၀၁၉ရက်အထိ (ရုံးချိန်အတွင်း)
**တင်ဒါအာမခံကြေးပေးသွင်းထားသည့် PO Cheque မူရင်းတင်သွင်းရမည့်ရက်** - ၁၁-၁-၂၀၁၉ရက် (သောကြာနေ့) ညနေ ၄း၃၀နာရီ
**တင်ဒါအာမခံကြေးပေးသွင်းထားသည့် PO Cheque မူရင်းတင်သွင်းရမည့်နေရာ** - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ ၆၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့

အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ ၆၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ ဖုန်း-၀၇၁-၂၁၁၆၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

## ဖခင်အမည်မှန်

မုဒုံမြို့၊ အထက (ခွဲ)နိုင်လုံ၊ အဌမတန်းအောင်မှ မောင်ဝေယံလင်း၏ ဖခင်အမည်မှန်မှာ ဦးတင်ညွန့် ၁၀/မဒန(နိုင်)၀၄၆၅၁၆ ဖြစ်ပါကြောင်း။

**ဦးတင်ညွန့်**

## မွေးသက္ကရာဇ်အမှန်

ကန်ပက်လက်မြို့နယ်၊ မာကြား ကျေးရွာနေ ဦးထန်းကွီး၏သမီး မချွေးထန်း ၄/ကပလ(နိုင်)၀၁၇၀၉၈ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၂-၁၀-၁၉၉၈ဖြစ်ပါကြောင်း။ **မချွေးထန်း**

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 7L/6239 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# အဆင့်မြင့်ပညာဦးစီးဌာန
# ရတနာပုံတက္ကသိုလ်
# (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၁။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ရတနာပုံတက္ကသိုလ်မှ ကြီးမှူးကျင်းပခဲ့သည့် ရတနာပုံတက္ကသိုလ် ရတနာပုံတက္ကသိုလ်နှင့် ပေါင်းစည်းဆက်သွယ်ထားသော မြင်းခြံဒီဂရီကောလိပ်နှင့် မန္တလာဒီဂရီ ကောလိပ်တို့မှ ဘွဲ့ရစာမေးပွဲအသီးသီးကိုအောင်မြင်ခဲ့ပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက် ရန် လျှောက်ထားကြသူများအတွက် ရတနာပုံတက္ကသိုလ်၏ (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို မန္တလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဖော်ပြပါ အစီအစဉ်အတိုင်း တက်ရောက်ကြရန် ကြေညာလိုက်ပါသည်။

**ဘွဲ့နှင်းသဘင် ပထမနေ့ (၅-၁-၂၀၁၉ ) အစီအစဉ်**
**အပိုင်း-၁ နံနက်ပိုင်း၊ နံနက် ၉း၀၀နာရီ**

| | | |
|---|---|---|
| မဟာသုတေသနဘွဲ့ | မနုဿဗေဒအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| မဟာသုတေသနဘွဲ့ | သင်္ချာအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| မဟာဝိဇ္ဇာဘွဲ့ | သမိုင်းအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| မဟာဝိဇ္ဇာဘွဲ့ | မနုဿဗေဒအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| မဟာသိပ္ပံဘွဲ့ | သင်္ချာအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| မဟာသိပ္ပံဘွဲ့ | ကုန်ထုတ်ဓာတုဗေဒအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | သမိုင်းအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | မနုဿဗေဒအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | သင်္ချာအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ကုန်ထုတ်ဓာတုဗေဒအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| ဝိဇ္ဇာဘွဲ့ | သမိုင်းအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| ဝိဇ္ဇာဘွဲ့ | မနုဿဗေဒအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| သိပ္ပံဘွဲ့ | သင်္ချာအထူးပြု(ခုံအမှတ် ၄သခ-၁ မှ ၁၂၈ထိ) | ရတနာပုံတက္ကသိုလ် |
| သိပ္ပံဘွဲ့ | ကုန်ထုတ်ဓာတုဗေဒအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |

**ဘွဲ့နှင်းသဘင် ပထမနေ့ (၅-၁-၂၀၁၉ ) အစီအစဉ်**
**အပိုင်း-၂ မွန်းလွဲပိုင်း၊ မွန်းလွဲ ၂း၀၀နာရီ**

| | | |
|---|---|---|
| မဟာသုတေသနဘွဲ့ | ပထဝီဝင်အထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| မဟာဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| မဟာဝိဇ္ဇာဘွဲ့ | ပထဝီဝင်အထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | မြန်မာစာအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | ပထဝီဝင်အထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | စိတ်ပညာအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | အဏုဇီဝအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | နျူကလီယရူပဗေဒအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| ဝိဇ္ဇာဘွဲ့ | ပထဝီဝင်အထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| ဝိဇ္ဇာဘွဲ့ | စိတ်ပညာအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| သိပ္ပံဘွဲ့ | သင်္ချာအထူးပြု(ခုံအမှတ် ၄သခ-၁၂၉ နှင့်အထက်) | ရတနာပုံတက္ကသိုလ် |
| သိပ္ပံဘွဲ့ | အဏုဇီဝဗေဒအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| သိပ္ပံဘွဲ့ | နျူကလီယရူပဗေဒအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |

**ပထမနေ့ (အပိုင်း-၁၊ အပိုင်း-၂) အစမ်းလေ့ကျင့်ရက် - ၃-၁-၂၀၁၉ နံနက် ၉း၀၀နာရီ**

**ဘွဲ့နှင်းသဘင် ဒုတိယနေ့ (၆-၁-၂၀၁၉ ) အစီအစဉ်**
**အပိုင်း-၃ နံနက်ပိုင်း၊ နံနက် ၉း၀၀နာရီ**

| | | |
|---|---|---|
| မဟာသုတေသနဘွဲ့ | မြန်မာမှုအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| မဟာဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာအထူးပြု [ခုံအမှတ် ၂မဟာအ-၁ မှ ၇ (ဗွန်)နှင့် ၂ မဟာအ-၁ မှ ၁၆ (နိုဝင်ဘာ)ထိ] | ရတနာပုံတက္ကသိုလ် |
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | အင်္ဂလိပ်စာအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | မြန်မာမှုအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ဘူမိဗေဒအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| ဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာအထူးပြု(ခုံအမှတ် ၄အ-၂ မှ ၂၁၁ထိ) | ရတနာပုံတက္ကသိုလ် |
| ဝိဇ္ဇာဘွဲ့ | မြန်မာမှုအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| သိပ္ပံဘွဲ့ | ဘူမိဗေဒအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |

**ဘွဲ့နှင်းသဘင် ဒုတိယနေ့ (၆-၁-၂၀၁၉ ) အစီအစဉ်**
**အပိုင်း-၄ မွန်းလွဲပိုင်း၊ မွန်းလွဲ ၂း၀၀နာရီ**

| | | |
|---|---|---|
| မဟာဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာအထူးပြု(ခုံအမှတ် ၂မဟာအ-၁၇နှင့် အထက်) (နိုဝင်ဘာ) | ရတနာပုံတက္ကသိုလ် |
| မဟာသိပ္ပံဘွဲ့ | ရုက္ခဗေဒအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ရုက္ခဗေဒအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| ဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာအထူးပြု(ခုံအမှတ် ၄အ-၂၁၂နှင့်အထက်) | ရတနာပုံတက္ကသိုလ် |
| ဥပဒေဘွဲ့ | ဥပဒေပညာအထူးပြု(ခုံအမှတ် ၅ဥ-၁ မှ ၈၃ထိ) | ရတနာပုံတက္ကသိုလ် |
| သိပ္ပံဘွဲ့ | သတ္တဗေဒအထူးပြု(ခုံအမှတ် ၄သတ-၁ မှ ၁၀၂ထိ) | ရတနာပုံတက္ကသိုလ် |
| သိပ္ပံဘွဲ့ | ရုက္ခဗေဒအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |

**ဒုတိယနေ့ (အပိုင်း-၃၊ အပိုင်း-၄) အစမ်းလေ့ကျင့်ရက် - ၃-၁-၂၀၁၉ မွန်းလွဲ ၂း၀၀နာရီ**

**ဘွဲ့နှင်းသဘင် တတိယနေ့ (၉-၁-၂၀၁၉ ) အစီအစဉ်**
**အပိုင်း-၅ နံနက်ပိုင်း၊ နံနက် ၉း၀၀နာရီ**

| | | |
|---|---|---|
| မဟာသုတေသနဘွဲ့ | ဥပဒေပညာအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| မဟာဝိဇ္ဇာဘွဲ့ | ဒဿနိကဗေဒအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| မဟာဥပဒေဘွဲ့ | ဥပဒေပညာအထူးပြုအားလုံး (ဇွန်+နိုဝင်ဘာ)အောင် | ရတနာပုံတက္ကသိုလ် |
| မဟာသိပ္ပံဘွဲ့ | သတ္တဗေဒအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | ဒဿနိကဗေဒအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | နိုင်ငံတကာဆက်ဆံရေးပညာအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | သတ္တဗေဒအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| ဝိဇ္ဇာဘွဲ့ | ဒဿနိကဗေဒအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| ဝိဇ္ဇာဘွဲ့ | နိုင်ငံတကာဆက်ဆံရေးပညာအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| ဥပဒေဘွဲ့ | ဥပဒေပညာအထူးပြု(ခုံအမှတ် ၅ဥ-၈၄ မှ ၁၆၇ထိ) | ရတနာပုံတက္ကသိုလ် |
| သိပ္ပံဘွဲ့ | သတ္တဗေဒအထူးပြု(ခုံအမှတ် ၄သတ-၁၀၃ နှင့်အထက်) | ရတနာပုံတက္ကသိုလ် |

**ဘွဲ့နှင်းသဘင် တတိယနေ့ (၉-၁-၂၀၁၉ ) အစီအစဉ်**
**အပိုင်း-၆ မွန်းလွဲပိုင်း၊ မွန်းလွဲ ၂း၀၀နာရီ**

| | | |
|---|---|---|
| မဟာသုတေသနဘွဲ့ | ရူပဗေဒအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| မဟာသိပ္ပံဘွဲ့ | ရူပဗေဒအထူးပြုအားလုံး(ဇွန်+နိုဝင်ဘာ)အောင် | ရတနာပုံတက္ကသိုလ် |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ရူပဗေဒအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ကွန်ပျူတာသိပ္ပံအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| ဥပဒေဘွဲ့ | ဥပဒေပညာအထူးပြု(ခုံအမှတ် ၅ဥ-၁၆၈ နှင့်အထက်) | ရတနာပုံတက္ကသိုလ် |
| ဝိဇ္ဇာဘွဲ့ | သမိုင်းအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| သိပ္ပံဘွဲ့ | ရူပဗေဒအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| သိပ္ပံဘွဲ့ | ကွန်ပျူတာသိပ္ပံအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |

**တတိယနေ့ (အပိုင်း-၅၊ အပိုင်း-၆)၊ အစမ်းလေ့ကျင့်ရက် - ၈-၁-၂၀၁၉ နံနက် ၉း၀၀နာရီ**

**ဘွဲ့နှင်းသဘင် စတုတ္ထနေ့ (၁၀-၁-၂၀၁၉ ) အစီအစဉ်**
**အပိုင်း-၇ နံနက်ပိုင်း၊ နံနက် ၉း၀၀နာရီ**

| | | |
|---|---|---|
| မဟာဝိဇ္ဇာဘွဲ့ | စာကြည့်တိုက်နှင့် သုတပညာအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | စာကြည့်တိုက်နှင့် သုတပညာအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ရူပဗေဒအထူးပြုအားလုံး | မန္တလာဒီဂရီကောလိပ် |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | သင်္ချာအထူးပြုအားလုံး | မန္တလာဒီဂရီကောလိပ် |
| ဒီပလိုမာဘွဲ့ | စာကြည့်တိုက်နှင့် သုတပညာအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| ဝိဇ္ဇာဘွဲ့ | စာကြည့်တိုက်နှင့် သုတပညာအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြုအားလုံး | မန္တလာဒီဂရီကောလိပ် |
| ဝိဇ္ဇာဘွဲ့ | ဒဿနိကဗေဒအထူးပြုအားလုံး | မန္တလာဒီဂရီကောလိပ် |
| သိပ္ပံဘွဲ့ | ရူပဗေဒအထူးပြုအားလုံး | မန္တလာဒီဂရီကောလိပ် |
| သိပ္ပံဘွဲ့ | သင်္ချာအထူးပြုအားလုံး | မန္တလာဒီဂရီကောလိပ် |

**ဘွဲ့နှင်းသဘင် စတုတ္ထနေ့ (၁၀-၁-၂၀၁၉ ) အစီအစဉ်**
**အပိုင်း-၈ မွန်းလွဲပိုင်း၊ မွန်းလွဲ ၂း၀၀နာရီ**

| | | |
|---|---|---|
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | အင်္ဂလိပ်စာအထူးပြုအားလုံး | မန္တလာဒီဂရီကောလိပ် |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | အားကစားပညာအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ဓာတုဗေဒအထူးပြုအားလုံး | မန္တလာဒီဂရီကောလိပ် |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | သတ္တဗေဒအထူးပြုအားလုံး | မန္တလာဒီဂရီကောလိပ် |
| ဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာအထူးပြုအားလုံး | မန္တလာဒီဂရီကောလိပ် |
| သိပ္ပံဘွဲ့ | အားကစားပညာအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| သိပ္ပံဘွဲ့ | ဓာတုဗေဒသိပ္ပံအထူးပြုအားလုံး | မန္တလာဒီဂရီကောလိပ် |
| သိပ္ပံဘွဲ့ | သတ္တဗေဒသိပ္ပံအထူးပြုအားလုံး | မန္တလာဒီဂရီကောလိပ် |

**စတုတ္ထနေ့ (အပိုင်း-၇၊ အပိုင်း-၈) အစမ်းလေ့ကျင့်ရက်- ၈-၁-၂၀၁၉ မွန်းလွဲ၂း၀၀နာရီ**

**ဘွဲ့နှင်းသဘင် ပဥ္စမနေ့ (၁၃-၁-၂၀၁၉ ) အစီအစဉ်**
**အပိုင်း-၉ နံနက်ပိုင်း၊ နံနက် ၉း၀၀နာရီ**

| | | |
|---|---|---|
| မဟာသုတေသနဘွဲ့ | ရှေးဟောင်းသုတေသနပညာအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| မဟာသုတေသနဘွဲ့ | ဓာတုဗေဒအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| မဟာဝိဇ္ဇာဘွဲ့ | ရှေးဟောင်းသုတေသနပညာအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | ရှေးဟောင်းသုတေသနပညာအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ဓာတုဗေဒအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ဓာတုဗေဒအထူးပြုအားလုံး | မြင်းခြံဒီဂရီကောလိပ် |
| ဝိဇ္ဇာဘွဲ့ | ရှေးဟောင်းသုတေသနပညာအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| သိပ္ပံဘွဲ့ | ဓာတုဗေဒအထူးပြု(ခုံအမှတ် ၄ဓ-၁ မှ ၁၂၅ ထိ) | ရတနာပုံတက္ကသိုလ် |
| သိပ္ပံဘွဲ့ | ဓာတုဗေဒအထူးပြုအားလုံး | မြင်းခြံဒီဂရီကောလိပ် |

**ဘွဲ့နှင်းသဘင် ပဥ္စမနေ့ (၁၃-၁-၂၀၁၉ ) အစီအစဉ်**
**အပိုင်း-၁၀ မွန်းလွဲပိုင်း၊ မွန်းလွဲ ၂း၀၀နာရီ**

| | | |
|---|---|---|
| မဟာသိပ္ပံဘွဲ့ | ဓာတုဗေဒအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | မြန်မာစာအထူးပြုအားလုံး | မြင်းခြံဒီဂရီကောလိပ် |
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | ပထဝီဝင်အထူးပြုအားလုံး | မန္တလာဒီဂရီကောလိပ် |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | သတ္တဗေဒအထူးပြုအားလုံး | မြင်းခြံဒီဂရီကောလိပ် |
| ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြုအားလုံး | မြင်းခြံဒီဂရီကောလိပ် |
| ဝိဇ္ဇာဘွဲ့ | ပထဝီဝင်အထူးပြုအားလုံး | မန္တလာဒီဂရီကောလိပ် |
| ဝိဇ္ဇာဘွဲ့ | ခရီးသွားလုပ်ငန်းပညာအထူးပြုအားလုံး | မန္တလာဒီဂရီကောလိပ် |
| သိပ္ပံဘွဲ့ | ဓာတုဗေဒအထူးပြု(ခုံအမှတ် ၄ဓ-၁၂၆ နှင့်အထက်) | ရတနာပုံတက္ကသိုလ် |
| သိပ္ပံဘွဲ့ | သတ္တဗေဒအထူးပြုအားလုံး | မြင်းခြံဒီဂရီကောလိပ် |

**ပဥ္စမနေ့ (အပိုင်း-၉၊ အပိုင်း-၁၀)၊ အစမ်းလေ့ကျင့်ရက် - ၁၂-၁-၂၀၁၉ နံနက် ၉း၀၀နာရီ**

**ဘွဲ့နှင်းသဘင် ဆဋ္ဌမနေ့ (၁၄-၁-၂၀၁၉ ) အစီအစဉ်**
**အပိုင်း-၁၁ နံနက်ပိုင်း၊ နံနက် ၉း၀၀နာရီ**

| | | |
|---|---|---|
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | ပထဝီဝင်အထူးပြုအားလုံး | မြင်းခြံဒီဂရီကောလိပ် |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ဇီဝဓာတုဗေဒအထူးပြုအားလုံး | ရတနာပုံတက္ကသိုလ် |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | သင်္ချာအထူးပြုအားလုံး | မြင်းခြံဒီဂရီကောလိပ် |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ရုက္ခဗေဒအထူးပြုအားလုံး | မန္တလာဒီဂရီကောလိပ် |
| ဝိဇ္ဇာဘွဲ့ | ပထဝီဝင်အထူးပြုအားလုံး | မြင်းခြံဒီဂရီကောလိပ် |
| သိပ္ပံဘွဲ့ | ဇီဝဓာတုဗေဒအထူးပြု(ခုံအမှတ် ၄ဇဓ-၁ မှ ၁၇၇ ထိ) | ရတနာပုံတက္ကသိုလ် |
| သိပ္ပံဘွဲ့ | သင်္ချာအထူးပြုအားလုံး | မြင်းခြံဒီဂရီကောလိပ် |
| သိပ္ပံဘွဲ့ | ရုက္ခဗေဒအထူးပြုအားလုံး | မန္တလာဒီဂရီကောလိပ် |

**ဘွဲ့နှင်းသဘင် ဆဋ္ဌမနေ့ (၁၄-၁-၂၀၁၉ ) အစီအစဉ်**
**အပိုင်း-၁၂ မွန်းလွဲပိုင်း၊ မွန်းလွဲ ၂း၀၀နာရီ**

| | | |
|---|---|---|
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | သမိုင်းအထူးပြုအားလုံး | မြင်းခြံဒီဂရီကောလိပ် |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ရူပဗေဒအထူးပြုအားလုံး | မြင်းခြံဒီဂရီကောလိပ် |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ရုက္ခဗေဒအထူးပြုအားလုံး | မြင်းခြံဒီဂရီကောလိပ် |
| ဝိဇ္ဇာဘွဲ့ | သမိုင်းအထူးပြုအားလုံး | မြင်းခြံဒီဂရီကောလိပ် |
| သိပ္ပံဘွဲ့ | ဇီဝဓာတုဗေဒအထူးပြု(ခုံအမှတ် ၄ဇဓ-၁၇၈ နှင့်အထက်) | ရတနာပုံတက္ကသိုလ် |
| သိပ္ပံဘွဲ့ | ရူပဗေဒအထူးပြုအားလုံး | မြင်းခြံဒီဂရီကောလိပ် |
| သိပ္ပံဘွဲ့ | ရုက္ခဗေဒအထူးပြုအားလုံး | မြင်းခြံဒီဂရီကောလိပ် |

**ဆဋ္ဌမနေ့ (အပိုင်း-၁၁၊ အပိုင်း-၁၂)၊ အစမ်းလေ့ကျင့်ရက် - ၁၂-၁-၂၀၁၉ မွန်းလွဲ ၂း၀၀နာရီ**

၂။ ဘွဲ့နှင်းသဘင်အခမ်းအနား ဘွဲ့တက်ရောက်ယူမည့်သူများအတွက် ဘွဲ့ဝတ်စုံများ ငှားရမ်းခွင့် ထောက်ခံစာများနှင့် ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်ပြုသည့် လက်မှတ်/ဧည့်လက်မှတ်များကို ဘွဲ့ကြေးငွေသွင်းပြေစာတင်ပြ၍ ရတနာပုံတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် အောက်ပါ အစီအစဉ်အတိုင်း ထုတ်ယူနိုင်ပါသည်။

| ဘွဲ့နှင်းသဘင်ကျင်းပရက် | ဘွဲ့ဝတ်စုံများငှားရမ်းခွင့်ထောက်ခံစာများ တက်ရောက်ခွင့်ပြုလက်မှတ်နှင့် ဧည့်လက်မှတ်များထုတ်ပေးမည့်ရက် |
|---|---|
| ၅-၁-၂၀၁၉ | ၂-၁-၂၀၁၉ |
| ၆-၁-၂၀၁၉ | ၂-၁-၂၀၁၉ |
| ၉-၁-၂၀၁၉ | ၇-၁-၂၀၁၉ |
| ၁၀-၁-၂၀၁၉ | ၇-၁-၂၀၁၉ |
| ၁၃-၁-၂၀၁၉ | ၁၁-၁-၂၀၁၉ |
| ၁၄-၁-၂၀၁၉ | ၁၁-၁-၂၀၁၉ |

၃။ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဘွဲ့တက်ရောက်ယူမည့်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသား ဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား)မှ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

**(ကြည်လင်း)**
**မော်ကွန်းထိန်း**
**စာမေးပွဲနှင့်ဘွဲ့နှင်းဌာန**
**ရတနာပုံတက္ကသိုလ်**

# အထူးကျေးဇူးတင်လွှာ

၆-၁၂-၂၀၁၆ ရက်မှ စတင်ဖွင့်လှစ်ခဲ့သော FAMOUS TRAVELLER EXPRESS ယာဉ်လိုင်းသည် ခရီးသွားမိတ်ဆွေပြည်သူများ၏ အားပေး၊ ဖေးမကူညီမှုကြောင့် ၆-၁၂-၂၀၁၈ ရက်တွင် နှစ်နှစ်ပြည့်မြောက်ခဲ့ပြီးဖြစ်ပါသည်။ စတင်ဖွင့်လှစ်သည့်အချိန်မှစ၍ ရဟန်းသံဃာ၊ သီလရှင်များအား ရာသက်ပန် နိဗ္ဗာန်ဒါန လှူဒါန်းခဲ့သည်မှာ စုစုပေါင်း ၇၂၇၈၉ ပါး လှူဒါန်းနိုင်ခဲ့ပါပြီ။

မေတ္တာရှေ့ထားပြီး FAMOUS TRAVELLER EXPRESS ယာဉ်လိုင်းအား ယုံကြည်စွာဖြင့် အားပေးခဲ့ကြသည့် ခရီးသွားမိတ်ဆွေပြည်သူများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် လိုရာခရီးရောက်အောင် ယာဉ်လိုင်းချောမွေ့စွာ သွားလာနိုင်ရေးအတွက် အဘက်ဘက်မှ ကြိုးကြပ်စီစဉ်ဆောင်ရွက် လုပ်ကိုင်ပေးကြသော ဝန်ထမ်းများ၊ အန္တရာယ်ကင်းစွာ မောင်းနှင်ပေးကြသော ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များ၊ ခရီးသွားများ၏ လိုအပ်ချက်များကို ဝန်ဆောင်မှုပေးသော ယာဉ်မောင်း၊ ယာဉ်မယ်များအား FAMOUS GROUP OF COMPANY LTD မှ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

**FAMOUS GROUP OF COMPANY LTD**

**ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း**

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ ဂူတာရပ်ကွက်၊ အဓိပတိလမ်း၊ အမှတ် ၃၁၅မှ ထုတ်လုပ်မည်။ Origin အမှတ်တံဆိပ် သောက်ရေသန့် ၂၀လီတာဘူးများကို တောင်ကုတ်မြို့အတွင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။ ကန့်ကွက်သူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အသိပေး ကြော်ငြာအပ်ပါသည်။

**ဒေါ်လှလှရီ**
**၁၁/တကန(နိုင်)၀၀၀၉၉၃**
**ဖုန်း-၀၉-၄၅၀၂၂၃၃၉**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9B/7363 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3E/8151၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**


English Language Centre

RESEARCHERS

Foundation & Speaking Course

| Start Date | Class | Time | Duration |
|---|---|---|---|
| 05.01.2019 | Morning Sat, Sun | (8:30 to 11:30)AM | 6 months |

အမှတ် (၃၂)၊ ၄လွှာ၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်း၊ စမ်းချောင်း။
ဖုန်း - ၀၉ ၂၅၀၁၆၂၀၃၀၊ ၀၉ ၅၆၀၀၂၃၇



စိန်ငါးလုံး ဆံပင်ပေါက်ဆေး
အမှတ်တံဆိပ် TMR 007994 (1017)
ဆံပင်၊ မုတ်ဆိတ်၊ ပါးသိုင်းမွေး၊ မျက်ခုံးမွေးများ ကျွတ်ခြင်း၊ ပါးခြင်း၊ မသန်ခြင်း၊ မပေါက်ခြင်း၊ ဦးခေါင်းမူခြင်း၊ ခေါင်းချေးထွက်ခြင်း၊ နှာစေးနှာပိတ်ခြင်း၊ မောက် သန်းယားခြင်း တို့ ဖြစ်လျှင်
'စိန်ငါးလုံး' ဆံပင်ပေါက်ဆေးကို လိမ်းပါ။
ပင်ရင်း - ဆ / ၁၀၁၊ ဒေဟာသီ (၄)လမ်း၊ရတနာသီရိဈေးပတ်လမ်း၊ မြောက်ဥက္ကလာပ၊ရန်ကုန်မြို့။ -၀၉၄၂၁၀၄၀၀၈၅
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။


**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်တေဇလမ်း၊ အမှတ် ၄၈-က/ခ၊ မြေပေါ်ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အအုံ၏ မြေညီထပ်(ခေါင်းရင်းဘက်ခြမ်း) လူနေတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား မိမိတစ်ဦးတည်းကသာ အဆက်ဆက် အရောင်းအဝယ်စာချုပ်များဖြင့် ပိုင်ဆိုင်သည်ဟု မြွက်ဟကြေညာပြောကြားသူ ဒေါ်လှလှမိုးထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ လူနေတိုက်ခန်းနှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း မူရင်းစာရွက်စာတမ်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဖြိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၉၆၈၈)**
**အမှတ် ၇၆၊ စွယ်တော်လမ်း၊ ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၆၀၀၂၅၉၅၀**

## ဒေါ်မေသူခိုင်နှင့် အများသိစေရန် အသိပေးကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့၊ ကသာမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ မြို့ပတ်လမ်း၊ အထက(၁) ကသာကျောင်းဝင်းရှိ တိုက်ခန်းနေ ဦးကျော်သူ ၅/ကသန(နိုင်)၀၆၀၄၃၅ (ဘ)ဦးဟာမြစ်မှ ညီမဖြစ်သူ ဒေါ်မေသူခိုင်(ဘ)ဦးဟာမြစ်နှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်တော် ဦးကျော်သူ၏ မိဘများဖြစ်ကြသော ဦးဟာမြစ်နှင့် ဟာဂျီမ ဒေါ်နုနုအေးတို့သည် ကျွန်တော်အပါအဝင် သားသမီး (၄)ဦးထွန်းကားခဲ့သည်။ ၄င်းတို့မှာ-

(၁) ကျွန်တော် ဦးကျော်သူ
(၂) ဦးအောင်သူ
(၃) ဦးစည်သူ
(၄) ဒေါ်မေသူခိုင်တို့ဖြစ်ကြပါသည်။

ကျွန်တော့်ဖခင်ကြီး ဦးဟာမြစ်သည် ၂၀၀၀ ခုနှစ်တွင် ကွယ်လွန်ခဲ့ပြီး ကျွန်တော်တို့ မောင်နှမ(၄)ယောက်အနက် ဦးအောင်သူမှာ လူပျိုကြီးဘဝဖြင့် ၂၀၀၆ ခုနှစ်တွင်လည်းကောင်း၊ ဦးစည်သူမှာ လူပျိုကြီးဘဝဖြင့် ၂၀၀၈ ခုနှစ်တွင်လည်းကောင်း ကွယ်လွန်ခဲ့ပါသည်။ ကျွန်တော်၏မိခင်ကြီး ဟာဂျီမ ဒေါ်နုနုအေးသည် ၂၀၁၇ ခုနှစ်တွင် အသီးသီးကွယ်လွန်ခဲ့ကြပါသည်။

ကျွန်တော်၏မိဘများကျန်ရှိခဲ့သော ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများ ကျန်ခဲ့ပါသည်။ မရွှေ့ပြောင်းနိုင်သောပစ္စည်းများမှာ-

(၁) ကသာမြို့၊ အမှတ်(၂)ရပ်ကွက်၊ အောင်သပြေလမ်း၊ ဗလီလေးအပိုင်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁၈ပေ×၃၅ပေ) အကျယ်အဝန်းရှိ အပေါ်ထပ်/အောက်ထပ် နှစ်ခန်းတွဲ။
(၂) ကသာမြို့၊ မြို့မအမှတ်(၁)ဈေးကြီးရှိ ဈေးဆိုင်ခန်းအမှတ်(၁)နှင့် အမှတ်(၂)နှစ်ခန်းတွဲ
(၃) ကသာမြို့၊ အမှတ်(၂)ရပ်ကွက်၊ ကုန်သွယ်လမ်းရှိ တစ်ထပ်အဆောက်အအုံပါ အကျယ်အဝန်း (၂၃ပေ×၆၃)ပေရှိ မြေကွက်တစ်ကွက်။
(၄) ကသာမြို့၊ အမှတ်(၁)ရပ်ကွက်၊ မြို့ပတ်လမ်း၊ အထက(၁) ကသာကျောင်းဝင်းရှိ (၁၀ပေ×၁၈ပေ) အကျယ်အဝန်းရှိသည့် အခန်းနံပါတ်(၃)ဟု ခေါ်တွင်သော အခန်းတစ်ခန်း။
(၅) ကသာမြို့၊ အမှတ်(၆)ရပ်ကွက်၊ တပ်မတော်လမ်းရှိ မြေကွက်အပါအဝင် နှစ်ထပ်တိုက်နေအိမ်တစ်လုံးတို့ အမွေဆိုင်အဖြစ် ကျန်ရှိခဲ့ပါသည်။

ကျွန်တော်တို့မိသားစုမှာ အစ္စလာမ်ဘာသာကို ကိုးကွယ်သူများဖြစ်ကြသည့်အတွက် မိဘများပိုင်ဆိုင်ကျန်ရှိခဲ့သော ရွှေ့ပြောင်း/မရွှေ့ပြောင်းနိုင်သော အထက်ပါပစ္စည်းအရပ်ရပ်တို့ကို အစ္စလာမ်ရေးရာခုံရုံး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ် (ဗဟို) ဌာနချုပ်ရုံးသို့ ၄-၁၂-၂၀၁၈ ရက်တွင် ကျွန်တော် ဦးကျော်သူနှင့် ဒေါ်မေသူခိုင်တို့သည် မည်သို့မည်ပုံ ခွဲဝေယူရမည်ကို အစ္စလာမ်တရားတော်အရ ဖသ်ဝါမွေသတ်မေးမြန်းလျှောက်ထားခဲ့ရာ ထိုခုံရုံးမှ ၈-၁၂-၂၀၁၈ ရက်တွင် ဖသ်ဝါမွေသတ်ဆုံးဖြတ်ချက်အား ဖြေကြားပေးခဲ့ပါသည်။

ထိုဆုံးဖြတ်ချက်မှာ ကွယ်လွန်သူမိဘများ ပိုင်ဆိုင်ကျန်ရစ်သောပစ္စည်းများကို (၃)ပုံ ပုံ၍ ကျွန်တော် ဦးကျော်သူမှ (၂)ပုံ၊ သမီးဖြစ်သော ဒေါ်မေသူခိုင်မှ(၁)ပုံ အသီးသီးခွဲဝေရယူပိုင်ဆိုင်ခွင့်ရှိကြောင်းနှင့် လူပျိုကြီးဘဝဖြင့် ကွယ်လွန်သူ ဦးအောင်သူနှင့် ဦးစည်သူတို့သည် အမွေစား၊ အမွေခံဇနီးနှင့် သားသမီးမကျန်သောကြောင့် အမွေဝေစုကို ထည့်သွင်းခွဲဝေရန်မလိုအပ်ကြောင်း ဆုံးဖြတ်ထားပါသည်။

ထို့ကြောင့် အထက်ဖော်ပြပါ ရွှေ့ပြောင်း/မရွှေ့ပြောင်းနိုင်သော အမွေဆိုင်ပစ္စည်းများနှင့်ပတ်သက်၍ အမွေဆိုင်တစ်ဦးဖြစ်သော ကျွန်တော်ဦးကျော်သူ သဘောတူခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အမည်ပြောင်းခြင်း၊ စွန့်လွှတ်ခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အမွေဆက်ခံခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများကို မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့မိပါက နိုင်ငံတော်မှ ချမှတ်ထားသည့် တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ဒေါ်မေသူခိုင်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်သူ ၅/ကသန(နိုင်)၀၆၀၄၃၅**
**အမှတ်(၁)ရပ်ကွက်၊ မြို့ပတ်လမ်း။ အထက(၁) ကသာကျောင်းဝင်းတိုက်ခန်း၊ ကသာမြို့နယ်၊ ကသာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၅၆၉၃၀၂၂၅၊ ၀၉-၉၆၇၇၀၆၂၂၀**

# ရန်ကုန်မြို့၌ ဒုတိယအကြိမ် ခရစ္စမတ်ပွဲတော် ယနေ့စတင်ကျင်းပ



ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းပေါ်၌ ဒုတိယအကြိမ်ကျင်းပသည့် ခရစ္စမတ်ပွဲတော် ဖွင့်ပွဲအခမ်းအနားမြင်ကွင်း။ ဓာတ်ပုံ- မင်းထက်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ရန်ကုန်မြို့၌ ဒုတိယအကြိမ် ကျင်းပသော ခရစ္စမတ်ပွဲတော်ကြီးကို ယနေ့ည ၆ နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်ရှိ သန့်ရှင်းသော တြိနတိကသီဒြယ်ဘုရားကျောင်း၌ စတင်ဖွင့်လှစ်ခဲ့ပြီး ခရစ်ယာန်အသင်းတော်များမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ခရစ်ယာန်ဘာသာဝင် ပြည်သူများ တက်ရောက်ခဲ့သည်။

အဆိုပါ ခရစ္စမတ်ပွဲတော်ကြီးကို ယခင်နှစ်မှစတင်ကာ ကျင်းပခဲ့ပြီး ယခုအကြိမ်သည် ဒုတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။ ဒုတိယအကြိမ် ခရစ္စမတ်ပွဲတော်ကို ဒီဇင်ဘာ ၂၃ ရက်မှ ၂၅ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပြီး ဗိုလ်ချုပ်လမ်း တစ်လျှောက်၌ ငါးနေရာ၊ မောရှေလ ဘုရားကျောင်းရှေ့ (မဟာဗန္ဓုလ ပန်းခြံ)နှင့် သခင်မြပန်းခြံ(အလုံမြို့နယ်)တို့ အပါအဝင် စုစုပေါင်း

*စာမျက်နှာ ၂၀ ကော်လံ ၁* ❒

---

# ဟောင်ကောင်လူငယ် ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာအသင်းများ ယှဉ်ပြိုင်မည်

ရန်ကုန် ဒီဇင်ဘာ ၂၃

**ဟောင်ကောင် ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ဟောင်ကောင်ဖိတ်ခေါ်ပြိုင်ပွဲ (Jockey Club International Youth Invitational Football Tournament) ကို မြန်မာ ယူ-၁၉ အသင်းနှင့် ယူ-၁၅ အမျိုးသားအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ထံ ဖိတ်ကြားခဲ့ရာ မြန်မာယူ-၁၉ နှင့် ယူ-၁၅ အသင်းတို့ဖြင့် ယှဉ်ပြိုင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။**

ယင်းပြိုင်ပွဲကို ၂၀၁၉ ခုနှစ် ဧပြီ ၁၉ ရက်မှ ၂၂ ရက်ထိ ကျင်းပရန် စီစဉ်ထားပြီး ဟောင်ကောင်ဘောလုံးအဖွဲ့ချုပ်အနေဖြင့် အခြားဘောလုံးအဖွဲ့ချုပ်များနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်ရေးနှင့် လူငယ်ကစားသမားများအတွက် နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံရရှိစေရေး ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ လက်ရှိတွင် မြန်မာ ယူ-၁၉ အမျိုးသားအသင်းကို ဖွဲ့စည်းထားခြင်းမရှိသောကြောင့် လာမည့်နှစ်တွင် အာဆီယံ ယူ-၁၈ ပြိုင်ပွဲနှင့် အခြားပြိုင်ပွဲများ ယှဉ်ပြိုင်ရန် ဖွဲ့စည်းထားသည့် မြန်မာ ယူ-၁၈ အသင်းဖြင့် ယှဉ်ပြိုင်ဖွယ်ရှိနေသည်။

ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးညီညီလတ်က ကိုင်တွယ်လျက်ရှိပြီး ၂၀၁၈ ခုနှစ်တွင် ဖွဲ့စည်းထားသည့် မြန်မာ ယူ-၁၆ အသင်းကို ပြောင်းလဲဖွဲ့စည်းထားခြင်းဖြစ်သည်။ မြန်မာ ယူ-၁၅ အမျိုးသား အသင်းကိုမူ ဂျပန်နိုင်ငံသား မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး) နည်းပြ တာကူမူက ကိုင်တွယ်နေပြီး အကယ်ဒမီမှ ကစားသမားအများစုဖြင့် ဖွဲ့စည်းမည်ဖြစ်သည်။

မြန်မာ ယူ-၁၅ အသင်းမှာလည်း ၂၀၁၉ ခုနှစ်တွင် အာဆီယံ ယူ-၁၅ ပြိုင်ပွဲနှင့် အခြားပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

---

# အရှေ့တောင်အာရှ အပျော်တမ်းအသင်းလိုက် တံခွန်စိုက်ဖလား ဂေါက်သီးရိုက်ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၁၈ ခုနှစ် အရှေ့တောင်အာရှ အပျော်တမ်းအသင်းလိုက် တံခွန်စိုက်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက နေပြည်တော် မြို့တော်ဂေါက်ကွင်းတွင် ကျင်းပသည်။

ပြိုင်ပွဲတွင် အမျိုးသားပွဲစဉ်များအဖြစ် Lion Cup တစ်ဦးချင်းပြိုင်ပွဲတွင် ပြည့်ဖြိုးသူ (မြန်မာ)မှ ယနေ့ ရိုက်ချက် ၇၁ ချက် လေးရက်ပေါင်း ရိုက်ချက် ၂၈၀ ဖြင့် သတ်မှတ် ရိုက်ချက်ထက် နှစ်ချက်ပို၍ ပထမ၊ Denwit David Boripoonsub (ထိုင်း)မှ ယနေ့ရိုက်ချက် ၇၀ လေးရက် ပေါင်းရိုက်ချက် ၂၈၇ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ကိုးချက်ပို၍ ဒုတိယ၊ Anctive Chong (စင်ကာပူ)မှ ယနေ့ရိုက်ချက် ၇၂ ချက်ဖြင့် လေးရက်ပေါင်းရိုက်ချက် ၃၀၀ ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်ပို၍ တတိယဆုကို လည်းကောင်း။

**မြန်မာအသင်းပထမ**

Lion Cup အသင်းလိုက်ပြိုင်ပွဲတွင် မြန်မာအသင်းမှ ယနေ့ရိုက်ချက် ၁၄၅ ချက် လေးရက်ပေါင်းရိုက်ချက် ၅၈၀ ဖြင့် ပထမ၊ ထိုင်းအသင်းမှ ယနေ့ရိုက်ချက် ၁၄၄ ချက် လေးရက်ပေါင်း ရိုက်ချက် ၅၈၂ ချက်ဖြင့် ဒုတိယ၊ အင်ဒိုနီးရှားအသင်းမှ ယနေ့ရိုက်ချက် ၁၅၂ ချက် လေးရက်ပေါင်းရိုက်ချက် ၅၉၈ ချက်ဖြင့် တတိယဆုကို လည်း ကောင်း။

**တစ်ဦးချင်းပြိုင်**

Putra Cup တစ်ဦးချင်းပြိုင်ပွဲတွင် Tanapat Pichaikool (ထိုင်း)မှ ယနေ့ရိုက်ချက် ၇၃ ချက် လေးရက်ပေါင်းရိုက်ချက် ၂၈၀ ဖြင့် သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျှော့၍ ပထမ၊ Leon Philip Dsouza (ဟောင်ကောင်)မှ ယနေ့ရိုက်ချက် ၇၁ ချက် လေးရက်ပေါင်းရိုက်ချက် ၂၈၄ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် လေးချက်လျှော့၍ ဒုတိယ၊ Parathakom Suyasri (ထိုင်း)မှ ယနေ့ရိုက်ချက် ၆၉ ချက် လေးရက်ပေါင်းရိုက်ချက် ၂၈၄ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် လေးချက်လျှော့၍ တတိယဆုကို လည်းကောင်း။

*စာမျက်နှာ ၁၂ ကော်လံ ၁* ◆



